ဆဆက္ကသုတ္တန်

ဒေသနာတော်

ရွှေစေတီဆရာတော်

စစ်ကိုင်းတောင် ရွှေစေတီသာသနာ့ရိပ်သာ

စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး၊ ရွှေစေတီရိပ်သာ

အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီဆရာတော်

ပြုစုတော်မူသော

ဆက္ကသုတ္တန် ဒေသနာတော်

ရွှေစေတီဆရာတော်၏ သက်တော် (၇၈) နှစ်ပြည့်

အထိမ်းအမှတ်အဖြစ် ထုတ်ဝေပါသည်။

[၁၃၃၉ ခု၊ ဒုတိယဝါဆိုလဆုတ် ၇ ရက်နေ့]

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး

စာပေလောကပုံနှိပ်တိုက်နှင့် စာအုပ်တိုက်
၁၇၃၊ ၃၃-လမ်း ရန်ကုန်မြို့။
[ဖုန်း- ၁၄၃၉၁]

တအုပ် ၈-ကျပ်

[ဘာသာရေးစာမူ ခွင့်ပြုချက်အမှတ် ၉၄၂၈ (က)]

မျက်နှာဖုံးပန်းချီ
ဦးမြင့်အောင်

—

မျက်နှာဖုံးရိုက်
ဇွဲ

—

ဘလောက်
ထွန်းညွန့်

—

ပုံနှိပ်ခြင်း
ဒုတိယအကြိမ်
(၂၀၀၀)

—

ထုတ်ဝေနေ့
ဇူလိုင်လ၊ ၁၉၇၇

ဦးဘကိုး (၀၁၄၉၈) ကလောင်ပျံစာအုပ်တိုက် အမှတ် ၂၃၀၊ အနော်ရထာလမ်း ရန်ကုန်မြို့က ထုတ်ဝေ၍ ဒေါ်ခင်လှ (၀၁၅၇၈) စာပေလောကပုံနှိပ်တိုက် အမှတ် ၁၇၃၊ ၃၃-လမ်း ရန်ကုန်မြို့တွင် ပုံနှိပ်သည်။

မာတိကာ

၁။ ရွှေစေတီဆရာတော် ထေရုပ္ပတ္တိ	....	က
၂။ ပဌမအကြိမ်ပုံနှိပ်ခြင်းနိဒါန်း	....	ဂ
၃။ ဆဆက္ကသုတ္တန်ပါဠိတော်	....	၁
၄။ ဆဆက္ကသုတ္တန် မြန်မာပြန်	....	၃၉

အမှားပြင်ဆင်ချက်

စာမျက်နှာ	ကြောင်းရေ	မှား	မှန်
၃	၁၇	ယာန	ဈာန
၅	၁၇	ဖဋ္ဌမံ	ပဋ္ဌမံ
၁၃	၁၄	ဈာနံအတ္တာ	ဈာနံအနတ္တာ
၄၂	၁၃	ဝိမုတ္တိ	ဝိမုတ္တိံ

ရွှေစေတီဆရာတော်
၁၃၃၉ ခု၊ ဒုတိယဝါဆိုလ။

ရွှေစေတီဆရာတော်၏ ထေရုပ္ပတ္တိ

ရွှေစေတီဆရာတော် လောင်းလျာသည် စစ်ကိုင်းခရိုင် ရွာသစ်ကြီးရွာ မတောင့်တရပ်ကွက် ခမည်းတော်ဦးရန်ငြိမ်း၊ မယ်တော်ဒေါ်ပုတို့မှ ၁၂၆၁-ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် (၇) ရက် သောကြာနေ့တွင်ဖွားမြင်သော ဒုတိယမြောက် သားရတနာဖြစ်သည်။

ခမည်းတော် ဦးရန်ငြိမ်းသည် မင်းတုန်းမင်း တရားကြီးနှင့် သီပေါမင်းတို့လက်ထက် မင်းနှစ်ဆက်တိုင်တိုင် နန်းတွင်းမင်းမှုထမ်းအဖြစ်ဖြင့် နိုင်ငံတော်ဝန်ကို ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ သီပေါမင်း ပါတော်မူပြီးနောက် သူ၏ဇာတိအရပ် ရွာသစ်ကြီးသို့ပြန်၍ တတ်ကျွမ်းရင်းရှိသော ဗိန္ဒောဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းခဲ့သည်။ ယင်းရွာသစ်ကြီးမှာ အိမ်ခြေတထောင်ကျော်ရှိ၍ ရပ်ကွက်(၅)ခုရှိသည်တို့တွင် ဆရာကြီးဦးရန်ငြိမ်း၏ နေထိုင်ရာရပ်ကွက်မှာ မတောင့်တရပ်ကွက်ဖြစ်သည်။ ယင်း ရပ်ကွက်၌ ဆရာတော်လောင်းလျာကို ဖွားမြင်ခဲ့သည်။

ရွှေစေတီဆရာတော်၏ ထေရုပ္ပတ္တိ

အခါက မန္တလေးမှကြွလာ၍ ရွာသစ်ကြီးရွာကျောင်း၌ စာသင်တိုက်ဖွင့်ကာ စာပေကျမ်းဂန်တို့ကို ပို့ချနေသော နာယကဆရာတော်ဦးနန္ဒနထံ၌ အပ်နှံပေးတော်မူပေသည်။ ရှင်သုန္ဒရသည် ဆရာတော်ဦးနန္ဒနထံ၌ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ရူပသိဒ္ဓိ၊ သဒ္ဒနီတိ-ဋီကာကျော်စသော ပိဋကတ် အခြေခံကျမ်းစာများနှင့်တကွ ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ၊ မူလဋီကာ စသော နေ့ဝါကျမ်းဂန်တို့ကို၎င်း၊ မာတိကာ ဓာတုကထာ ယမိုက်ပဋ္ဌာန်းဟူသော ညဝါ ကျမ်းဂန်တို့ကို၎င်း၊ ရဟန်းတော်များနှင့်အတူ သင်ယူနိုင်ခဲ့ပေသည်။

ထိုသို့သင်ယူနေရာမှ ရှင်သုန္ဒရ၏အလားအလာကိုမြော်မြင်တော်မူကြသဖြင့် စာချဆရာတော်နှင့် ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီးသည် ထိုစာသင်တိုက်ထက် သာ၍မြင့်သော ချောင်းဦးမြို့ဓမ္မာရုံတိုက် အဂ္ဂမဟာပဏ္ဍိတဓမ္မာရုံဆရာတော်ထံသို့ အပ်နှံပေးတော်မူပေသည်။ ထိုအချိန်တွင် ရှင်သုန္ဒရမှာ (၁၇)နှစ်အရွယ်မျှသာ ရှိသေးသည်။ ဂိုဏ်းချုပ်ဆရာတော် ဘုရားကြီးကိုယ်တိုင်အပ်နှံပေးသဖြင့် ဓမ္မာရုံဆရာတော်က ရှင်သုန္ဒရအား အထူးဂရုစိုက်၍ သင်ကြားပို့ချပေးတော်မူပေသည်။ ထိုဓမ္မာရုံကျောင်း၌ ၂-နှစ်မျှနေ၍ ပါဠိအဋ္ဌကထာဋီကာကျမ်းဂန်များကို သင်ယူခဲ့ရသည်။

သက်တော် ၂၀-ပြည့်လျှင် ရှင်သုန္ဒရသည် ရဟန်းအဖြစ်သို့ တက်ရောက်ရန် ချောင်းဦးမှဇာတိအရပ် ရွာသစ်ကြီးသို့ ပြန်လာခဲ့လေသည်။ မိဘဆွေမျိုးတို့ကမူ ရှင်သုန္ဒရ ရဟန်း အဖြစ်သို့ တက်ရောက်ခြင်းကို အလိုမရှိကြ၊ လူဘောင်လောက၌ မိမိတို့နှင့်အတူတကွ နီးနီးကပ်ကပ် နေထိုင်ကာ ကြီးပွားချမ်းသာနေ

သည်ကိုသာ မြင်လိုကြပေသည်။ သို့သော် ပါရမီအားလျော်စွာ ရှင်သုန္ဒရ၏ မြင့်မြတ်ထက်သန်သောဆန္ဒကို မပယ်ဖျက်နိုင်ကြပေ။ ထို့ကြောင့် နောက်ဆုံး၌ ရှင်သုန္ဒရ၏ဆန္ဒအတိုင်း လိုက်လျော၍ သဘောတူကြရသည်။ ထိုအခါမှာလည်း ရဟန်းဒါယကာခံလိုသူများ လေးငါးဦး အလုအယက် ပေါ်လာကြပြန်၏။ သို့သော်နောက်ဆုံး၌ ရွာသစ်ကြီးမှ ဦးသူတော်ဒေါ်စွာတို့အား ရဟန်းဒါယကာအဖြစ် အများသဘောတူ ခွင့်ပြုလိုက်သဖြင့် ၁၂၇၀-ပြည့်နှစ် တပို့တွဲလဆန်း(၇)ရက်နေ့တွင် ရွှေစေတီဂိုဏ်းချုပ် ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ဦးသူတော်ဒေါ်စွာတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သုန္ဒရသည် မြင့်မြတ်သောသာသနာတော် ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် မန္တလေးသို့ စာသင်ရန်သွားလိုသော်လည်း ရဟန်းဒကာ ရဟန်းအမတို့၏ အလိုဆန္ဒကိုငဲ့သောအားဖြင့် ရွာသစ်ကြီး မူလစာချ ဆရာတော် ဦးနန္ဒနကျောင်းမှာသာလျှင် တဝါနေလျက် ပိဋကတ်ကျမ်းဂန်များကို ဆက်လက်လေ့လာနေခဲ့ရသည်။

ဝါကျွတ်သောအခါ ရဟန်းဒကာ ရဟန်းအမတို့၏ ကြေနပ်မှုကို ရရှိပြီးဖြစ်သောကြောင့် ရဟန်းတော်ဦးသုန္ဒရသည် မန္တလေးသို့ကြွသွား၍ အနောက်ပြင်ဂွေးချိုတိုက် ရွှေပြည်အုတ်ကျောင်း၊ ရွှေပြည်ဆရာတော် ဦးစန္ဒိမာထံ၌နေ၍ မိုးကောင်းတိုက် ညောင်ရမ်းဆရာတော်ဘုရားကြီးပို့ချသော အဘိဓမ္မာ ပါဠိ အဋ္ဌကထာတို့ကို ဆိုဝါဖြင့် ထပ်မံ၍သင်ယူတော်မူသည်။ (ညောင်ရမ်း

ဆရာတော် ဘုရားကြီးသည် နောင်အခါ၌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာ ရဋ္ဌဂုရု၊ ဆဋ္ဌသံဂါယနာဉက္ကဋ္ဌ မဟာနာယက အဖြစ် ထင်ရှားတော်မူသည်။)

ထို့ပြင် အခြား နေ့ဝါညဝါများကိုလည်း လိုက်ဝါဖြင့်နာယူခဲ့သေး၏။ ထို့ပြင် ခင်မကန်တိုက် မန်ကျည်းပင်ကျောင်း ဆရာတော်၊ သူဌေးကျောင်းဆရာတော်၊ စံကျောင်းဆရာတော်တို့ထံ၌လည်း ပိဋကတ်ကျမ်းဂန်များကို နာယူလေ့လာခဲ့သည်။ ရဟန်းတော်ဦးသုန္ဒရမှာ ရှင်အဖြစ်ကပင် ပိဋကတ်ကျမ်းဂန်တို့၌ အဝါးဝစွာ လေ့လာသင်ယူခဲ့ပြီးဖြစ်သောကြောင့် မန္တလေးမြို့သို့ တက်ရောက်၍ ထပ်မံလေ့လာသောအခါ၌ ခက်ခဲလှသည်မရှိဘဲ သက်သာလွယ်ကူစွာဖြင့်ပင် လေ့လာရပေသည်။

ရှင်အဖြစ်နှင့် (၇)ဝါ၊ ရဟန်းအဖြစ်နှင့်(၅)ဝါ၊ ပိဋကတ်ကျမ်းဂန်များကိုလေ့လာသင်ယူခဲ့ပြီးနောက်ရဟန်းတော်ဦးသုန္ဒရသည် အခြားစာသင်သားများအား ပိဋကတ်ကျမ်းဂန်များကိုသင်ကြားပို့ချပေးတော်မူသည်။ ထိုသို့ပို့ချပေးနေရင်း အားလပ်ချိန်ကို အလဟဿ မကုန်စေဘဲ၊ အနောက်ပြင် ဆင်တဲတိုက် သစ်ကျောက်တန်းကျောင်း ဗေဒင်အကျော်အမော် ဆရာတော်ဦးသီလဝံသထံ၌ ဗေဒင်ပညာကိုလေ့လာ ဆည်းပူးတော်မူသည်။ သန္ဓိဌ စသော ဗေဒင်လက်ရိုးများတွင် ကျမ်းကျင်တတ်မြောက်သည်အထိ သင်ယူပြီးသည့်တိုင်အောင် သက်တော်ဝါတော်မှာ ငယ်လှသေးသည်။

ထိုသို့ အရွယ်ကလည်းမကြီးလှသေး၊ ဗဟုသုတလိုလားသောဝါသနာကလည်း ထက်သန်လျက်ရှိနေသော ရဟန်းတော် ဦး

ရွှေစေတီဆရာတော်၏ ထေရုပ္ပတ္တိ

သုန္ဒရသည် ငယ်စဉ်ကသင့်လက်စရှိခဲ့သော အင်္ဂလိပ်ဘာသာ စာပေကိုလည်း ဆက်လက်သင်ကြားလိုပြန်သောကြောင့် မန္တလေးမြို့ အရှေ့ပြင်စီဗီလိုင်းရှိ ဘီဘီအိုအေကျောင်း၌ အမျိုးသားပညာရေးစနစ်အရ(၁၀)တန်းပညာကိုသင်ကြားတော်မူခဲ့သည်။

ထို့နောက် ပါဠိပိဋကတ်ဆိုင်ရာ ပုဒ်ပါဌ်တို့ကို ဆုံးဖြတ်ရာ၌ အထောက်အကူဖြစ်စေနိုင်သော သက္ကတစာပေကိုလည်း သင်ကြားလေ့လာလိုပြန်သောကြောင့် မန္တလေးမြို့ တောင်ပြင် မိုးတားတိုက်ဆရာတော်ဦးပညိန္ဒထံ၌ရ[illegible]း၊ရှင်း၏တပည့် [illegible]တင်သာ ဆရာတော်ဦးကေသရထံ၌ရှင်း၊သက္ကဘာသာပေများကို သင်ကြားတော်မူခဲ့သည်။ အထူးအားဖြင့် မာဓဝနိဒါန်း, သုဿုတ [illegible]ဘာ ဝပ္ပကာသက စသောဆေးကျမ်းတို့ကို အလေးထား၍သင်ကြားလေ့လာတော်မူခဲ့သည်။

စာသင်တိုက်ပွင့်ကာ ပို့ချတော်မူခြင်း

ယင်းသို့ အဖက်ဖက်မှ ဗဟုသုတပညာရပ်များကို စုံလင်အောင်ဆည်းပူးပြီးသော ရဟန်းတော်ဦးသုန္ဒရသည် မူလနေရင်း ဖြစ်သော ရွာသစ်ကြီး ရွှေစေတီကျောင်းတိုက်သို့ပြန်၍ စာသင်တိုက်အနေဖြင့် ရောက်လာသမျှသော စာသင်သားတို့ကို လက်ခံကာ ပိဋကတ်စာပေကျမ်းဂန်များကို ပဓာနထားလျက် ပို့ချသင်ကြားပေးတော်မူလေသည်။

ယင်းသို့ ကြိုးစား၍ စာပေပို့ချခြင်းမှာ သာသနာတော်ကို ချစ်မြတ်နိုးတော်မူလှသော ရွှေစေတီတောရ ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီး၏ (ငါတို့သာသနာတော်ကို ငါတို့က စောင့်

ရှောက်ကြရမယ်)ဟူသော အဆုံးအမ ဩဝါဒစကားကို မမေ့နိုင်ဘဲ အစွဲအမြဲ အမှတ်ရလျက်နေသောကြောင့်ရင်း၊ မိမိကိုယ်တိုင်ကလည်း သာသနာတော်ကို တိုးတက်ကြီးပွားစေလိုသော စိတ်ဆန္ဒ အလွန်ထက်သန်သောကြောင့်ရင်း ဖြစ်ပေသည်။ထို့ကြောင့် သာသနာတော်ကို စောင့်ရှောက်နိုင်မည့် အရည်အချင်းရှိသော စာသင်သားရဟန်းသာမဏေတို့အား အထူးဂရုစိုက်အလေးပေး၍ ပို့ချတော်မူခဲ့သည်။တပည့် စာသင်သားတို့အား ဆန္ဒဝီရိယတက်ကြွစေရန် အစိုးရစာမေးပွဲသို့လည်း ဝင်ရောက်ဖြေဆိုစေခဲ့သည်။

ထိုသို့ ကျမ်းဂန်စာပေများကို ပို့ချနေစဉ်မှာ ရဟန်းတော် ဦးသုန္ဒရသည် အသက်တော် (၄၀)ကျော်လာပြီဖြစ်၍ဝါ(၂၀) ကျော်ရပြီးမဟာထေရ်ကြီးအဖြစ်သို့ရောက်လျက်ရှိနေပေသည်။ ထို့ကြောင့် ပတ်ဝန်းကျင်က တပည့် ဒကာ၊ဒကာမတို့၏ နှုတ်တွင် ရဟန်းတော် ဦးသုန္ဒရအဖြစ်မှ ဆရာတော်ဦးသုန္ဒရအဖြစ်သို့ ကူးပြောင်းခဲ့လေသည်။ ထိုအချိန်မှာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ရန် အလွန်နီးကပ်နေသဖြင့် ရဟန်းသာမဏေများနှင့် ကျောင်းသားသူငယ်များအား သူတို့ရပ်ထံပြန်လွှတ်လိုက်ပြီးလျှင် ဆရာတော်ဦးသုန္ဒရသည်ရွှေစေတီတောရတိုက်၌ သီတင်းသုံးမြဲ ဆက်လက်သီတင်းသုံးလျက်ရှိပေသည်။

ထို့နောက် မျှားမကြာမီပင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပေါ်လာလေတော့သည်။ ထိုအချိန်အခါက ရွာသစ်ကြီးသည် အလွန်စည်ကားလျက်ရှိပေသည်။ စည်ကားခြင်း၏ အကြောင်းမှာ ရွာသစ်ကြီးသည် ကုန်းလမ်း၊ ရေလမ်းမှ သွားလာရန်လွယ်ကူသောဌာနဖြစ်၍ မန္တလေးမြို့၊ စစ်ကိုင်းမြို့များမှ ဗုံးရန်ကိုကြောက်၍ရှောင်သူ

များစွာတို့သည် ရွာသစ်ကြီးသို့ လာရောက် နေထိုင်ကြလျက် ရောင်းဝယ်ဖောက်ကားမှုပြုလုပ်ရန် အဆင်ပြေသောဌာန ဖြစ်သောကြောင့် ဖြစ်ပေသည်။ ထို့ပြင် ရွာသစ်ကြီးဆိပ်ကမ်းကို ဂျပန်စစ်တပ်မှအုပ်ချုပ်လျက် မုံရွာခရိုင်၊ ရွှေဘိုခရိုင်၊ စစ်ကိုင်းခရိုင်များမှ ထွက်သမျှဝါဂွမ်းများကို အကြီးအကျယ် ဝယ်ယူသယ်ဆောင်လာရာ ဆိပ်ကမ်း၌ ဝါဂွမ်းပုံကြီးတွေ အမြောက်အမြားစုပုံလျက်ရှိလေသည်။ ထိုအခါက ဂျပန်စစ်သားများနှင့် ပူးပေါင်းလျက် အချို့သောမသမာသူတို့သည် အခွင့်ကောင်းယူကာ ကျွဲနွားတို့ကို အမြောက်အမြား သတ်ဖြတ်ရောင်းချလျက် ရှိလေသည်။ ရွှေစေတီဘောရကျောင်းနှင့် သပြေပင်တောရကျောင်းများမှ သံဃာတော်များသည် ရွာတွင်းသို့ ဆွမ်းခံကြသောအခါ လမ်းအနီးရှိ သားသတ်ရုံများ၌ ကျွဲနွားများ သတ်ဖြတ်နေကြသည်ကို တွေ့မြင်ကြရ၍ စိတ်မချမ်းမသာ များစွာဖြစ်ကြရလေသည်။သက်တော်အလွန်ကြီးနေသော သပြေပင်တောရဆရာတော် ဘုရားကြီးသည်လည်း ထိုအကြောင်းအရာများကို ကြားရ၍ လွန်စွာပင် စိတ်နှလုံး မချမ်းမသာဖြစ်ရရှာလေသည်။ ထို့ကြောင့်တနေ့သောအခါမှာ ထိုဆရာတော်ဘုရားကြီးက-

"ဦးပဥ္စင်း (ဆရာတော်ဦးသုန္ဒရကို မိန့်ဆိုခြင်းဖြစ်သည်။) ငါတို့များမှာ နှလုံးအေးအေးနဲ့ နေချင်ပေမဲ့ ဒီလိုကောင်းတာတွေကိုကြားသိရတော့ တော်တော် စိတ်မကောင်းဖြစ်မိတယ်၊ ဒါကြောင့် ဦးပဥ္စင်း ရပ်ရွာ ဒကာ ဒကာမတွေကို အစည်းအဝေး ပြုလုပ်ပြီး နွားသားမစားရအောင်မေတ္တာရပ်ခံပါ၊လယ်တီဆရာ

တော်ကြီး ဟောပြောရေးသားခဲ့တဲ့ နွားမေတ္တာစာ စာအုပ်များ ကို သေသေချာချာဖတ်ပြီး ဒကာ,ဒကာမတွေ နားလည်အောင် ဟောပြောဆုံးမပါ၊ ဒီလိုစစ်ဖြစ်ချိန်မှာ မိမိတို့အသက်ကိုတောင် မှ ဘယ်တော့သေရမည်ကို မသိကြရတဲ့အချိန်မျိုးမှာ မိမိတို့၏ မိဘသဖွယ်ဖြစ်တဲ့ ကျွဲ,နွားတို့ရဲ့အသားများကို သတ်ဖြတ်ရောင်း ချ စားသောက်နေကြတာဟာ အလွန် စိတ်မချမ်းမသာဖြစ်ဖွယ် ကောင်းပါတယ်”လို့ ဆရာတော်ဦးသုန္ဒရအား မိန့်ဆို၍ တာဝန် ပေး စေခိုင်းလေသည်။

ထိုအခါ ဆရာတော်ဦးသုန္ဒရသည် သပြေပင်တောရ ဆရာ တော်ကြီး၏ ဩဝါဒအမိန့်ကိုနာယူလျက် ရွာသစ်ကြီးမှ လူကြီး များနှင့်တိုင်ပင်၍ အစည်းအဝေးကြီးပြုလုပ်ကာ ရွာသူရွာသား အားလုံးနှင့်ဘကွ ရွာသစ်ကြီးတွင် ရောက်ရှိနေကြသည့် ဒကာ ဒကာမများအား မိမိတို့၏ မိဘသဖွယ်ဖြစ်သည့် ကျွဲနွားများ၏ အသားများကို မစားကြရန် မေတ္တာရပ်ခံ လေသည်။ ထိုသို့ မေတ္တာရပ်ခံသောအခါအချို့က လပိုင်း၊အချို့ကနှစ်ပိုင်း၊အချို့က တသက်ပတ်လုံး မစားကြဘဲရှောင်ကြဉ်ကြမည့်အကြောင်းဝန်ခံ လျှောက်ထားကြလေသည်။

ရွာသစ်ကြီးရွာ၌ ကျွဲနွားများ၏အသားကိုမစားရေးအတွက် အခိုင်အမာ လိုက်နာကြအောင် ဟောပြောဆုံးမပြီးသောအခါ ရွာသစ်ကြီးနှင့် အနီးအစပ်ရှိ ကျေးရွာများကို လှည့်လည်၍ ထိုအအတူပင် ဟောပြောဆုံးမ လေသည်။ ကျေးရွာများသို့ တရားဟော ထွက်သောအခါ နောက်ပါ ရဟန်းတော် ၂ ပါး ၃ ပါးပါရှိသည်။လှည်းစီးခြင်းမရှိဘဲ ခြေလျင်ဖြင့်သာ ကြွသွား

ကြသည်။ ရောက်ရာ ကျေးရွာများ၌ အနည်းဆုံး ၂ ည ၃ ည ဟောပြော ကြသည်။ ကျေးရွာများမှ တရားပူဇော်ပွဲ အဖြစ် လှူကြသော ဝတ္ထု ပစ္စည်း များကိုလည်း မယူဆောင်ခဲ့ ကြဘဲ ထိုရွာရှိ သံဃာများအားလှူရန် ကျေးရွာ လူကြီးများထံ၌သာ အပ်ထားခဲ့ကြသည်။ ဤ နည်းဖြင့် ရာဝတီမြစ်၏ တောင်ဖက် မြောက်ဖက်ကျေးရွာများ တော်တော်များများသို့ လှည့်လည်၍ ဟောပြောမေတ္တာရပ်ခံခဲ့ကြသည်။ ဆိုသို့ ဟောပြောပြီးနောက် ရွာသစ်ကြီးရွာသို့ ပြန်လာခဲ့ ကြသည်။ ပြန်ရောက်ပြီးနောက် တခုသော ညမှာ အောက်ပါအတိုင်း အိပ်မက်အထူးကို ဆရာ တော် ဦးသုန္ဒရ မြင်မက်လေသည်။

ထူးဆန်းသောအိပ်မက်

မန္တလေးမြို့ အိမ်တော်ရာဘုရား အနောက်ဖက် မိုးကောင်း ကင်တိုက်ကြီးကဲ့သို့သော ကျောင်းတိုက်ကြီး၏ အလယ်ဗဟိုတွင် အလွန် ခမ်းနားတင့်တယ်သော ရွှေကျောင်းကြီး တကျောင်းကို တွေ့မြင်ရသည်။ ရှေးမြန်မာမင်းများလက်ထက်က ဆောက်လုပ် ရှိသော ရုပ်စုံကျောင်းကြီး ဖြစ်သည်။ ရွှေပိန်း ချထားသဖြင့် တဝင်းဝင်းတထိန်ထိန် တောက်ပလျက် ရှိသည်။ ဆရာတော် ဦးသုန္ဒရသည် ယင်းကျောင်းတိုက်ကြီးကို အိပ်မက်ထဲမှာ အံ့သြ လျက် အရှေ့ဘက်အုတ်လှေကားမှတက်သွားသည်။ကျောင်းကြီး ပေါ် အနောက်ပိုင်းကျကျနေရာတွင် အလွန် ခမ်းနားတင့်တယ် သောရွှေသားပလ္လင်ကြီးကို တွေ့မြင်ရသည်။ပလ္လင်ကြီးပေါ်တွင် သက်တော် ထင်ရှား ရှိသော မြတ်စွာဘုရား ကိုယ်တော်တိုင်

သီတင်းသုံး ထိုင်ခနေတော်မူလျက် ရှိသည်ကိုလည်း တအံ့တသြ ငေးမော ဖူးမြော်လျက် တဖြေးဖြေးချင်း ပလ္လင်ကြီး အနီးသို့ ချဉ်းကပ်သွားသည်။ အနီးသို့ ရောက်သောအခါ လက်ဝဲဘက် တနေရာ၌ထိုင်လျက် ဘုရားကိုဦးခိုက်အရိုအသေပြုသည်။ထိုအခါ ပလ္လင်ပေါ်၌ ထိုင်လျက်ရှိသော မြတ်စွာဘုရားက လက်ျာလက်တော်ဖြင့် စက္ကူဖိုင်တွဲကြီးကို ကိုင်ဆောင်တော် မူလျက် "ရော့ ရော့ ဒီဖိုင်တွဲကြီး ကို ကြည့်ကြည့်"ဟု မိန့်တော်မူကာ လှမ်း၍ ပေး တော်မူလေသည်။ ဆရာတော် ဦးသုန္ဒရက ထိုဖိုင်တွဲကြီးကို နေရာမှထ၍ လှမ်းယူလိုက်လေသည်။ ထိုအခါ မြတ်စွာဘုရားက "သွားသွား ပလ္လင်နောက်ဖက်မှာ သာရိပုတ္တရာ,မောဂ္ဂလာန်နှင့် အာနန္ဒာတို့ရှိကြလေရဲ့၊ သူတို့နဲ့ စကားစမြည် ပြောချေဦး"ဟူ၍လည်း အမိန့်ရှိလိုက်သည်။ဆရာတော်ဦးသုန္ဒရသည် အမိန့်တော်ရှိလိုက်သည့်အတိုင်းပင် ဖိုင်တွဲကြီးကို ကိုင်ဆောင်လျက် ပလ္လင်နောက်ဖက်သို့ သွားသည်။ မြတ်စွာဘုရား အမိန့်ရှိလိုက်သည့်အတိုင်းပင် အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်, အရှင်အာနန္ဒာတို့ကို တွေ့မြင်ရလေသည်။ထိုအချိန်တွင် အိပ်ရာမှလန့်၍ နိုးလေသည်။

အိပ်မက်၏ အကျိုး

ထိုအိပ်မက်ထူးကို မြင်မက်ပြီးနောက် မကြာမီ ရက်များအတွင်းမှာ ဆရာတော်ဦးသုန္ဒရထံသို့ အသက်သုံးဆယ်ခန့်အရွယ်ရှိဒါယကာ ၂ဦးရောက်လာကြသည်။ ထိုဒါယကာများကို မြင်လျှင်မြင်ချင်း—

ရွှေစေတီဆရာတော်၏ ထေရုပ္ပတ္တိ

"ဟာ မောင်ဘဖေတို့ပါလား၊ မင်းတို့သားအဖကိုမမြင်ရတာကြာပြီ၊ ယခုဘယ်ကို ရောက်နေကြသလဲ"ဟု မေးလိုက်သည်။

"တပည့်တော်တို့ စစ်ကိုင်း-မန္တလေးမှာ မီးကျည်တွေ ချ၊ ဗုံးတွေကြဲနဲ့ ကြောက်လို့ ရွှေဘိုမြို့နယ်ဆိပ်ခွန်ရွာမှာ သွားနေကြပါတယ် ဘုရား"ဟု မောင်ဘဖေက လျှောက်၏။

"မင်းနဲ့ပါလာတဲ့လူက ဘယ်ကလဲ"

"သူက တပည့်တော်တို့ သားအဖတည်းခိုနေတဲ့အိမ်က ဆိပ်ခွန်ရွာသူကြီးပါဘဲ၊ နာမည်က ကိုသိန်း လို့ ခေါ်ပါတယ် ဘုရား"

"ယခုဘာကိစ္စနဲ့ ရွာသစ်ကြီးကို ရောက်လာကြတာလဲ"

"တပည့်တော်တို့ ဝိပဿနာစာအုပ်ကို ရိုက်ချင်လို့မန္တလေး-စစ်ကိုင်းမှာ သင့်တော်မည့် ပုံနှိပ်တိုက်ကို လိုက်ရှာကြပါတယ်၊ အဲဒီမှာမတွေ့ရလို့ ဒီရွာသစ်ကြီးကို ရောက်လာကြပါတယ်၊ဒီရွာသစ်ကြီးမှာ စစ်ကိုင်းကပြောင်းလာတဲ့ မြသန်းပုံနှိပ်တိုက် ပိုင်ရှင်ဦးမြသန်းနဲ့တွေ့လို့ ပုံနှိပ်ဖို့တော့ ပြောပြီးပါပြီ၊ အဲဒီစာအုပ်ကိုပုံနှိပ်တဲ့အခါမှာ ပရုကိုဖတ်ပြီးစစ်ဆေး ပြင်ဆင်ပေးရန် အတွက်အကူအညီတောင်းဘို့ ဆရာတော်ဘုရားထံ လာကြရခြင်း ဖြစ်ပါတယ်ဘုရား"

"ဒါလိုဆိုရင် မင့်စာမူကိုပြပါဦး" ဟု ဆိုသဖြင့် မောင်ဘဖေကစာမူကို ယူလာ၍ ဆရာတော် ဦးသုန္ဒရအား ပြလိုက်လေသည်။

ထိုအခါ ဖိုင်တွဲကြီးကို မြင်လိုက်သည်နှင့် တပြိုင်နက် ဆရာတော်ဦးသုန္ဒရသည် အိပ်မက်ထဲက ဖိုင်တွဲကြီးကို သတိရလေ

သည်။ ဖိုင်တွဲကြီးကိုယူ၍ လှန်လှော ကြည့်လိုက်ရာ သူကျက်မှတ် ပြောဟောနေသော မာလုကျပုတ္တသုတ်ကို တွေ့ရလေသည်။ ယင်းသုတ်၌ ဖွင့်ပြထားသော အနက်အဓိပ္ပာယ်များကို သေသေချာချာဖတ်ပြီးသောအခါ အလွန်နှစ်သက် သဘောကျသဖြင့်—

“မောင်ဘဖေရေ၊ ဒီစာက ဘော်တော်ကိုကောင်းတဲ့ စာဘဲကွ၊ ရွှေဘိုနယ်မှာ ဒီစာမျိုးရေးနိုင်မည့် ပုဂ္ဂိုလ်ကို ငါမကြားမိဘူး၊ ဒီစာရေးတဲ့ ကျမ်းပြုဆရာတော်က ဘယ်အရွယ်လောက်ရှိပြီလဲ”ဟု မေးလိုက်သည်။

မောင်ဘဖေက “အသက်တော်ခုနစ်ဆယ်လောက်ရှိပြီလို့ထင်ပါသည်ဘုရား”ဟု လျှောက်လိုက်သဖြင့် ဆရာတော် ဦးသုန္ဒရက“ဟ၊ မောင်ဘဖေ မဟုတ်နိုင်တာဘဲကွ၊ မင်းလဲ ခေတ်စာပေတွေသင်လို့(ဘီအေ)တောင် အောင်ထားတာဘဲ၊ အသက် ခုနစ်ဆယ်ရှိတဲ့ ရှေးဘုန်းကြီးဆိုရင် ဒီစာ ရေးသားပုံမျိုး ရေးမှာမဟုတ်ဘူး၊ ဒီကျမ်းရေးပုံက အင်္ဂလိပ်စာအုပ်များလို ခေတ်မှီမှီကျကျနန ရေးထားတာဘဲ၊ ငါတို့အရွယ်ထက် ကြီးမယ်မဟုတ်ပါဘူး၊ ကဲ ထားပါတော့၊ ငါလဲ အလွန်သဘောကျပါတယ်၊ တတ်နိုင်သမျှကြိုးစားပြီး စောင့်ရှောက် ရိုက်နှိပ်ပေးပါမယ်”ဟု ဝန်ခံ၍ ဆရာတော်ဦးသုန္ဒရက ဝိပဿနာရှုနည်း ကျမ်းကြီးကို ကြီးကြပ် ပုံနှိပ်ပေးရန် ဝန်ခံလိုက်လေသည်။ ထိုသို့ ဝန်ခံ၍ ဆောင်ရွက်ခြင်းဖြင့် ကျမ်းပြုပုဂ္ဂိုလ် မဟာစည် ဆရာတော်နှင့် မမြင်ဘူးဘဲ ရင်းနှီးသော သီတင်းသုံးဘော်အဖြစ်သို့ ရောက်ခဲ့ပေသည်။

ပုံနှိပ်ပြီး အချောစာဖောင်များကို ရွာသစ်ကြီး သပြေပင် တောရဆရာတော်ဘုရားကြီးထံ တင်ပြသည်။ ယင်းဆရာတော် ဘုရားကြီးမှာ ထိုစဉ်က သက်တော်(၇၀)ကျော်၊ဝါတော်(၅၃) ရှိနေပြီဖြစ်သည်။ ပိဋကတ်စာပေ တတ်ကျွမ်းသည်။ အထူးသဖြင့် အဘိဓမ္မာဘက်က ပို၍ နိုင်နင်းသည်။ ငယ်စဉ်က ရွာကျောင်း၌ စာပေပို့ချနေခဲ့ရာမှ အရွယ်ကြီး၍ တောရကျင့်သုံး နေတော်မူပေသည်။

သပြေပင်တောရ ဆရာတော်ကြီး၏ အမြင်

ပထမတွဲပြီး၍ ဒုတိယတွဲ အဓိကား (၅) ကို ပုံနှိပ်ပြီးသောအခါ ဆရာတော်ဦးသုန္ဒရက သပြေပင်တောရ ဆရာတော်ကြီးအား ကြည့်ရှုရသော ဝိပဿနာရှုနည်း ကျမ်းအပေါ် ဘယ်လိုထင်မြင်တော်မူပါသလဲ ဟု မေးလျှောက်သည်။ ထိုအခါ ဆရာတော်ဘုရားကြီးက—

"အင်း ဦးပဏ္ဍိဝင်းရဲ့ ကျမ်းစာက တော်တော်ကြိုးကြိုးစားစားနဲ့ ရေးထားလို့ သချောလှပါပေတယ်၊ အလုပ်သဘောကတော့ သူပြထားတဲ့အတိုင်း အားထုတ် မကြည့်ရသေးလို့ မပြောတတ်သေးဘူး၊ စာသဘောကတော့ အလွန် စေ့စပ်လှပါပေတယ်၊ ပေါ်လဲပေါ်လွင်လှပါပေတယ်၊ အလွန်ထက်မြက်စူးရှတဲ့ ဉာဏ်နဲ့ရေးထားတာပေဘဲ၊ တို့များမှာတော့ တောမထွက်မီကလဲ ဝိသုဒ္ဓိမဂ်ကို လက်ပွန်းတတီး ကြည့်ရှုခဲ့တယ်၊ တောကျောင်းရောက်တော့လဲ ခေါင်းရင်းမှာထားပြီး အမြဲတစေကြည့်ရှုနေရတာဘဲ၊ ဒါပေမယ့် တကယ်ဆိုတော့ ဘာမျှ ထိထိရောက်ရောက်

လုပ်လို့မဖြစ်သေးဘူး၊ စာသဘောလောက် သဘောကျနေရ တာဘဲ၊ ယခုဒုတိယတွဲ အခန်း(၅)ကို ဖတ်ကြည့်တော့မှဘဲ လုပ်ပုံအားထုတ်ပုံကို ရှင်းရှင်းလင်းလင်းသိရပေတယ်၊ မင်းကွန်း ဇေတဝန်ဆရာတော်ကြီး ရေးသားတဲ့ "အာရမ္ဘဝိဓိ" ဆိုတဲ့ ကျမ်းကိုလည်း ကြည့်ဘူးပါရဲ့၊ ဒါပေမယ့် အဲဒီကျမ်းမှာ ရေး ထားပုံက မပြတ်သားဘူး၊ ယခုဝိပဿနာ ရှုနည်းကျမ်းကတော့ ဝိပဿနာရှုပုံကျင့်စဉ်ကို ပြတ်ပြတ်သားသား ဖော်ပြထားတယ်၊ ဉာဏ်ဖြစ်ပုံတွေကိုလဲ ကျမ်းဂန်နှင့် နှိုင်းနှောပြထားတယ်၊ အေး အေး ကျေးဇူးများလှပါပေဘယ်"ဟု ဆရာတော်ဘုရားကြီးက သူ့ ထင်မြင်ချက်ကို ပွင့်ပွင့် လင်းလင်း အမိန့်ရှိတော်မူလေ သည်။

ဒုတိယတွဲ မီးထဲပါသွားခြင်း။

ဝိပဿနာရှုနည်းကျမ်း ဒုတိယတွဲကို ရိုက်နှိပ်နေစဉ် အခန်း (၆)မုဉ္စိတုကမျတာဉာဏ်လောက် ရောက်သောအခါ (၁၃၀၇ ခု ပြာသိုလမှာ) အင်္ဂလိပ် အမေရိကန်မဟာမိတ် လေယာဉ်ပျံ (၁၄၀)ကျော်လာရောက်၍ ရွာသစ်ကြီးဆိပ်ကမ်းတလျှောက်၌ မီးလောင်ဗုံးများကြဲချလေသည်။ တရွာလုံးကို မီးကျည်များချ လျက် ဒလကြမ်းတိုက်ခိုက်လေသည်။ တရွာလုံးဟိုပြေးဒီပြေးနှင့် ပွက်ပွက်ဆူလျက်ရှိလေသည်။ ဆရာတော်ဦးသုန္ဒရတို့လည်း ရွာ ထဲရောက်နေခိုက်ဖြစ်၍ ရောဝတီမြစ်ဘက်သို့ အတင်းဆင်းပြေး ကြရလေသည်။ တနာရီအတွင်းမှာပင် ရွာသစ်ကြီးအလယ်ပိုင်း နှင့် ရောဝတီဆိပ်ကမ်းရှိဝါဂွမ်းများမှာ ပြာပုံဘဝသို့ရောက်သွား

လေသည်။ ဦးမြသန်းပုံနှိပ်စက်နှင့်တကွ ပုံနှိပ်ဆဲ ဝိပဿနာကျမ်းစာများလည်း မီးထဲပါသွားလေတော့၏။ထိုအခါမှစ၍ ရှာသစ်ကြီးမှာ မစည်ကားတော့ပေ။

ဒုတိယတွဲစာမူ မီးထဲပါသွားသဖြင့် ဆရာတော်ဦးသုန္ဒရမှာ အလွန်ပင် စိုးရိမ်ပူပန်လျက် ရှိလေသည်။ အကြောင်းမူကား လက်ခံစာမူမရှိပါက အသစ်ပြန်ရေးရန် လွယ်ကူမည်မဟုတ်ဟု စဉ်းစားမိသောကြောင့်ပင်။ ထို့ကြောင့် ဆရာတော် ဦးသုန္ဒရသည် ရှာသစ်ကြီးကိုမီးလောင်ပြီးနောက် မကြာမီပင် ဆိပ်ခွန်သို့ကြွသွားခဲ့လေသည်။နေမဝင်မီပင်ဆိပ်ခွန်ရှာ မဟာစည်ကျောင်းသို့ရောက်၍ မဟာစည်ဆရာတော်နှင့် တွေ့ရသောအခါ၊ ကျမ်းစာမူမီးထဲပါသွားကြောင်း အရေးတကြီးပြောကြားလေသည်။

ထိုအခါ မဟာစည်ဆရာတော်က ကိစ္စမရှိပါဘူး၊ဒီမှာလက်ခံမူ ရှိပါသေးတယ်၊တခါထပ်ပြီး အချောပြင်ရေးလိုက်ရင် သာပြီးပြည့်စုံ၍ သာပြီးကောင်းသွားပါလိမ့်မယ်ဟု အေးဆေးတည်ငြိမ်စွာ ပြန်ကြားလိုက်လေသည်။ထိုအခါကျမှ ရွှေစေတီဆရာတော် ဦးသုန္ဒရမှာ စိတ်အပူငြိမ်း၍ ရွှင်ရွှင်ပြပြ ချမ်းသာသွားပေတော့သည်။

ဆိပ်ခွန်၌ လေးငါးရက်ခန့်နေပြီးနောက် ရွှေစေတီဆရာတော် ပြန်ကြွသောအခါ၊ စာမူလာအပ်စဉ်က မောင်ဘဖေနှင့်အတူပါလာသော ဆိပ်ခွန်ရှာသူကြီးမောင်သိန်းက ဆွမ်းဆန်များ စုဆောင်းပြီး ၃-တင်းဝင်ဆန်အိတ်ပေါင်း (၇၅)အိတ်ကိုရှာသစ်ကြီးသို့အရောက် လိုက်ပို့လှူဒါန်းလိုက်ကြပေသည်။

ရွှေစေတီဆရာတော်၏ ထေရုပ္ပတ္တိ

မဟာစည်ကျောင်း၌ သီတင်းသုံးခြင်း

မဟာစည်ဆရာတော်က မော်လမြိုင်သို့ သွားရောက် သီတင်းသုံးရန်ရှိသောကြောင့် ရွှေစေတီဆရာတော်ကို ဆိပ်ခွန်မဟာစည်ကျောင်းသို့ ကြွရောက်သီတင်းသုံးရန် ပင့်ဖိတ် ထားလေသည်။ ထို့ကြောင့်ရွှေစေတီဆရာတော်သည် ၁၃၀၉-ခု၊ ဝါဆိုလဆန်း ၃-ရက်နေ့တွင် တပည့်သာမဏေ ၃-ပါးနှင့် အစ်မကြီးဒေါ်စိန်ဘင်တို့သားအမိကိုပါ ခေါ်ဆောင်၍ ရွှေဘိုဆိပ်ခွန်သို့ ကြွလာခဲ့လေသည်။ ထိုနှစ် ဝါက မဟာစည်ဆရာတော်သည်လည်း မော်လမြိုင်သို့မကြွဖြစ်သေးသဖြင့် ရွှေစေတီဆရာတော်သည် ထိုနှစ် ဝါတွင်းမှာ မဟာစည်ဆရာတော်နှင့်အတူတကွနေထိုင်လျက် သတိပဋ္ဌာန်ဝိပဿနာတရားကို ပွားများအားထုတ်တော် မူခဲ့လေသည်။

၁၃၁၀-ခုနှစ် ဝါဆိုဦးမှာ မဟာစည်ဆရာတော်သည် မော်လမြိုင်သို့ကြွသွား၍ တောင်ဝိုင်းကလေးတိုက်ကျောင်း၌ ဝါကပ်သီတင်းသုံးရသည်။ ထိုအခါမှစ၍ ရွှေစေတီဆရာတော်သည် မဟာစည်ဆရာတော်၏ ကိုယ်စားအဖြစ်ဖြင့် တရားဟောရလေသည်။ သုတ်မဟာဝါပါဠိတော်မှမဟာပရိနိဗ္ဗာနသုတ်တော်ကြီးကိုစတင်၍ သီတင်းစဉ်ဟောပြောလေသည်။ ထိုသုတ်ကိုစ၍ဟောခြင်း၏ရည်ရွယ်ချက်မှာ မကြာမီက ဖွဲ့စည်း တည်ထောင်ထားသော သဒ္ဓမ္မပါလဝိပဿနာဖြန့်ဖြူးရေးအဖွဲ့ကြီး၏ အဖွဲ့ဝင်လူကြီးများ၊ အသင်းသူအသင်းသားများ မကြာမကြာ စည်းဝေးတိုင်ပင်ခြင်းဖြင့် ဝိပဿနာ ပဋိပတ္တိသာသနာရေး၌ တိုးတက်ကြီးပွားလာစေရန်ဖြစ်ပေသည်။ ထိုသို့ဟောပြောသည်ကို သဘောကျ

သဖြင့် တရားနာများ တသီတင်းထက်တသီတင်း တိုးတက်များပြားလာလေသည်။ တခါမျှမလာရောက်ဖူးသော ပုဂ္ဂိုလ်များလည်း လာရောက်၍ တရားနာကြလေသည်။ တရားအားထုတ်သူများလည်း တစထက်တစ တိုးတက်များပြားလာခဲ့လေသည်။

ထိုစဉ်အခါက မဟာစည်ကျောင်းတိုက်ကြီးမှာ ယခု မျက်မြင်တွေ့နေရသကဲ့သို့သာသာယာယာမရှိလှသေး။ပတ်ဝန်းကျင်၌ တောခြုံများပိတ်ဖုံးလျက်ရှိ၏။ တရားဟောရန် ဓမ္မာရုံလည်း မရှိသေး၊ ကျောင်းဟောင်းကြီး အောက်တွင် ကြမ်းစင်ခုံကြီးများပေါ်၌၊ တချို့က ကုတင်များပေါ်၌ ထိုင်လျက်၊ တချို့ကမူ မြေပေါ်တွင်ဖျာကြမ်းများခင်း၍ ထိုဖျာကြမ်းပေါ်၌ထိုင်လျက် နာကြရသည်။ ၁၃၁၀-ခုနှစ်၊ ဝါခေါင်လပြည့်နေ့မှာ တရားနာ ပရိသတ် အလွန်များလာသည်။ ယောကျ်ားများ အပြည့် ထိုင်နေသည့်ကုတင်ကြီး၏အဆင့်မှာ ဆွေးမြွေ့နေသဖြင့် တရားဟောနေစဉ် ကျိုးကျသွား၏။ ထိုအခါ တရားနာ ပရိသတ်များ ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။ ထိုသို့ ဖြစ်ပုံကို အကြောင်း ပြု၍ ရွှေစေတီဆရာတော်က ဓမ္မာရုံတခုရှိဘို့လိုကြောင်း၊ နောင်အခါ ထိုဌာနမှာ အကြီးအကျယ် တိုးတက် စည်ကား လာဘွယ်ရှိကြောင်း။ ဓမ္မာရုံရှိမှ တရားဟောခြင်း၊ တရားနာခြင်းများကို တင့်တင့်တယ်တယ် ဆောင်ရွက် နိုင်ကြောင်း စသည်များကို တရားထဲ၌ ထည့်သွင်းဟောကြားလေသည်။ ထိုသို့ဟောကြားခြင်းကြောင့် တရားပွဲပြီးသောအခါ ဓမ္မာရုံဆောက်ရန်အတွက် တချို့ကတထောင်၊ တချို့ကငါးရာ၊ တချို့ကသုံးရာ စသဖြင့်

လှူဒါန်းရန်ဝန်ခံကြလေသည်။ထို့နောက် မကြာမီပင် သဒ္ဓမ္မပါလာဝိပဿနာ ဖြန့်ဖြူးရေးအဖွဲ့က ကမ္မကထပြုလုပ်၍ ယခုမျက်မြင်တွေ့နေရသော ဓမ္မာရုံကြီးကို ဆောက်လုပ်ကြလေသည်။ ဓမ္မာရုံကြီး ဆောက်လုပ်ပြီးစီးသောအခါ ဓမ္မကထိကအရှင်မြတ်များထိုင်၍တရားဟောရန် ဓမ္မာသနခေါ် မှန်စီရွှေချ တရားပလ္လင်ကြီးကိုလည်း ဆိပ်ခွန်ရွာတောင်ရပ် ဦးအောင်ကြီး ဒေါ်ဖူးတို့က မန္တလေးမှ မှာထားဝယ်ယူ၍ လှူဒါန်းကြလေသည်။ တန်ဘိုးမှာ (၃၅၀၀)ကျသည်ဟု ဆို၏။ သို့ဖြစ်၍ ဆိပ်ခွန်ရွာ မဟာစည်သာသနာ့ရိပ်သာ၌ ယခုမျက်မြင် တွေ့နေရသော ဓမ္မာရုံကြီးနှင့် တရားပလ္လင်ကြီးမှာ ရွှေစေတီ ဆရာတော်၏ ဟောပြော ညွှန်ပြမှုကြောင့်ဖြစ်ပေါ်လာခဲ့ကြောင်း မှတ်သားရပေသည်။

ထိုအခါမှစ၍ ရွှေစေတီဆရာတော်သည် ဆိတ်ခွန်မဟာစည်သာသနာ့ရိပ်သာမှာ သီတင်းသုံးလျက် တရား ဒေသနာတော်များကို ကျယ်ပြန့်စွာဟောကြားတော်မူခဲ့သည်။ တပည့်ဖြစ်ဘူးသူတို့ကိုလည်း မိန့်ခေါ်၍ တရားအားထုတ် စေခဲ့၏။ ထိုတပည့်တို့တွင် ဦးရေဝတ (ယခု ကိုင်းပြင်လက်ပံတော)၊ ဦးပုည (ယခု မောင်းခမ်း သာသနာ့ရိပ်သာ)၊ ဦးဝိသုတ (ယခု မုံရွာမြို့နယ် ခြောက်တင်းကျ ရိပ်သာနှင့် စစ်ကိုင်း ဆင်များရှင် ရိပ်သာ)၊ ဦးကုလိသ (ယခု မန္တလေးမြို့ နန်းတော်ရှေ့ ရွှေစည် သာသနာ့ရိပ်သာ)တို့ပါဝင်ကြသည်။ယင်းတပည့်တို့အားတရားအားထုတ်စေပြီးနောက် တရားဟောပုံ ဟောနည်း ကိုလည်း သင်ကြား ညွှန်ပြ ပေးခဲ့လေသည်။ ယင်းတပည့် လေးပါးတို့သည် ယခု

ရွှေစေတီဆရာတော်၏ ထေရုပ္ပတ္တိ

အခါမှာ မဟာစည် သတိပဋ္ဌာန် ဝိပဿနာ သာသနာပြုရေး၌ အလွန် အရေးအရာရောက်လျက် ထင်ရှားနေကြပေ၏။

ဆိပ်ခွန်ရိပ်သာ၌ တာဝန်ခံဖြစ်ခြင်း

၁၃၁၀–ခုနှစ် ဝါကျွတ်ပြီးနောက် နတ်တော်လမှာ မဟာစည်ဆရာတော်သည် မော်လမြိုင်မှ ကြွလာပြီးလျှင် ရွှေစေတီဆရာတော်နှင့်အတူဟောပြောလျက် ပဋိပတ္တိသာသနာပြုစုတော်မူခဲ့သည်။ သို့သော် ၁၃၁၁ခုနှစ် ဝါကျွတ်ပြီးနောက်တန်ဆောင်မုန်းလမှာ သတိုးသီရိသုဓမ္မ ဆာဦးသွင်ကြီးမှူးသော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၏ ညွှန်ကြားချက်အရဖြင့် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ ပဋိပတ္တိ သာသနာပြုရန် မဟာစည်ဆရာတော်ကို ပင့်ဆောင်သွားသောကြောင့် ထိုအခါမှစ၍ ဆိပ်ခွန်မဟာစည်ဌာန၌ ရွှေစေတီ ဆရာတော်သည်ပင် ဦးစီးနာယက ကမ္မဋ္ဌာနာစရိယ အဖြစ် ဆောင်ရွက်တော်မူရသည်။ ထိုဌာန၌ ရောက်လာသော ယောဂီတို့အား ကမ္မဋ္ဌာန်းပေးခြင်း၊ ပတ်ဝန်းကျင်အရပ်များသို့ လှည့်လည် ကြွရောက်၍ ဝိပဿနာတရားဟောခြင်း စသဖြင့် သတိပဋ္ဌာန်ဝိပဿနာ သာသနာပြုရေးနှင့်စပ်သမျှ ကိစ္စအဝဝတို့ကို တာဝန်ယူ၍ ဆောင်ရွက်တော်မူသည်။ ယင်းသို့ ဆောင်ရွက်တော် မူခဲ့သည်မှာ ၁၃၁၃ခုနှစ် ဝါဆိုလအထိဖြစ်သည်။ ထိုနှစ်များ အတွင်းမှာ ရွှေစေတီဆရာတော်၏ ဟောပြောမှုကြောင့် ဆိပ်ခွန်ရိပ်သာ၌ တရားနာသူများ၊ တရား အားထုတ်သူများ အလွန်တိုးတက်များပြားလာခဲ့လေသည်။ တနှစ်တနှစ် အတွင်းမှာ နေ့ရောညဉ့်

ပါရက်ရှည်အားထုတ်သူ ယောဂီပေါင်းတထောင်ခန့်မျှအထိရှိခဲ့လေသည်။

မန္တလေးရတနာပုံ သာသနာ့ရိပ်သာ

မန္တလေးမြို့ ရုံကော်ကြီး စတိုးပိုင်ရှင် ဦးဘဖေသည် ဦးစံရီ၊ ဦးမင်း၊ဦးလှတင့်၊ ဦးဆောင်အစရှိသော သူ၏ မိတ်သင်္ဂဟများနှင့်တိုင်ပင်ပူးတွဲ၍ စိန်ပန်းရပ်ကွက်မှ အိမ်နှင့်တကွခြံကြီးတခုကို ဝယ်ယူ၍ သာသနာ့ရိပ်သာ ဖွင့်ပေးရန် မဟာစည် ဆရာတော်အား လျှောက်ထားခဲ့လေသည်။ မဟာစည် ဆရာတော်က သဘောတူခွင့်ပြုသဖြင့် ရန်ကုန်မြို့သာသနာ့ရိပ်သာ၏ မူလဒါယကာကြီးဖြစ်သော ဆာဦးသွင်နှင့်တိုင်ပင်နှီးနှော၍ ၁၃၁၃ ခုနှစ် ကဆုန်လပြည့်နေ့၌ ရတနာပုံ သာသနာ့ရိပ်သာကို ဖွင့်လှစ်ရာ မဟာစည် ဆရာတော်သည် ရန်ကုန်မှ ကြွလာ၍ ထိုရိပ်သာကို ဖွင့်လှစ်သည်။ ဖွင့်လှစ်ပြီးနောက် တလခန့် စောင့်ရှောက်နေထိုင်ပြီးလျှင် ဝါဆိုလဆန်းအထိ တလခန့် ကမ္မဋ္ဌာန်းပြလျက် စောင့်ရှောက်ရန် ဦးသုဇာတအားလွှဲအပ်၍ ရန်ကုန်သို့ ပြန်ကြွလေသည်။ ထိုရိပ်သာ၌ အမြဲတမ်း ဦးစီးနာယက ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် စောင့်ရှောက်ရန်မှာ ရွှေစေတီဆရာတော်အား ပန်ကြားထားခဲ့သည့်ပြင် ရတနာပုံအသင်း လူကြီးများအားလည်း ရွှေစေတီဆရာတော်ကို ပင့်ဆောင်၍ သာသနာပြုကြရန် မှာထားခဲ့လေသည်။ ထိုမှာထားချက်အရ ရတနာပုံ ရိပ်သာအသင်းလူကြီးများက ပင့်လျှောက်ကြသဖြင့် ရွှေစေတီ ဆရာတော်သည် မန္တလေးသို့ကြွရမည့်အကြောင်း ဆိပ်ခွန်က ဒါယ

ကာမျှားအား ပန်ကြားသောအခါ ဆိပ်ခွန် ဒကာဒကာမများက ဆိပ်ခွန်မှာပင် သီတင်းသုံးလျက် ဆက်လက်သာသနာပြုသွားရန် တောင်းပန်လျှောက်ထားကြသည်။

သို့သော်လည်း ရွှေစေတီဆရာတော်သည် ၁၃၀၉ခုနှစ် ဝါဆိုလဆန်း ၃ရက်နေ့မှစ၍ ၄ နှစ်တိုင်တိုင် ဆိပ်ခွန်၌နေ၍ ဟောပြောညွှန်ကြားလျက် သာသနာပြုလာခဲ့ရာ ဆိပ်ခွန်နှင့်တကွ ရွှေဘိုနယ်၌ ပဋိပတ္တိသာသနာ ပြန့်ပွားစည်ပင်လျက် ရှိနေပြီဖြစ်သောကြောင့်ရင်း၊ ပဋိပတ္တိသာသနာ မထွန်းကားသေးရာ၌ ထွန်းကားရေးကို အလေးပေး ဆောင်ရွက်လိုသောကြောင့်ရင်း၊ ၁၃၁၃ ခုနှစ် ဝါဆိုလဆန်း ၃ ရက်နေ့တွင် နောက်ပါတပည့် အနည်းငယ်နှင့်တကွ ဆိပ်ခွန်မှမန္တလေးမြို့ ရတနာပုံ သာသနာ့ရိပ်သာသို့ ကြွရောက်တော်မူခဲ့လေသည်။

ထိုစဉ်အခါက ရတနာပုံ သာသနာ့ရိပ်သာသည်အသစ်စက်စက် တည်ထောင်ကာစဖြစ်၍ နေရာထိုင်ခင်းများမှာ တင့်တင့်တယ်တယ် ထယ်ထယ်ဝါဝါ မရှိလှသေးပေ။ ၂ ခန်းကျောင်းလေးငါးခုနှင့် တခန်းကျောင်း လေးငါးခုမျှသာ ရှိနေသေးသည်။ ကမ္မဋ္ဌာနာစရိယ ဆရာတော်သီတင်းသုံး နေထိုင်ရန်အတွက် ကျောင်းတော်မှာ မူလကရှိနေသော ကုလားအိမ်ကြီးကိုပင် အတော်အသင့် ပြုပြင်ထားသော အဆောက်အဦဟောင်းတခုမျှသာ ဖြစ်ပေသည်။ ရွှေစေတီဆရာတော်သည် ရောက်ခါစနှစ်၌ ထိုအိမ်ဟောင်းကြီးမှာပင် တရားဓမ္မကို ဟောပြောရလေသည်။ ၁၃၁၃ခုနှစ် ဝါဆိုလပြည့်နေ့မှစ၍ သီတင်းနေ့တိုင်း တရားဒေသနာတော်များကို ဟောပြောတော်မူခဲ့သည်။ ရှေးဦး

စာမူလပဏ္ဏာသပါဠိတော်မှ ပါသရာသိသုတ်တော်ကိုဟောပြော ပြီးလျှင် သတိပဋ္ဌာနသုတ် စေတောခိလသုတ်၊ ဝနပတ္ထသုတ်၊ ဝတ္ထသုတ်၊ စူဠသစ္စကသုတ်၊ စူဠဝေဒလ္လသုတ် စသည်တို့ကို ဝါ တွင်း ဝါပသီတင်းစဉ် ဟောပြောတော်မူခဲ့လေသည်။ ဆရာ တော်၏ တပည့်များဖြစ်ကြသော လယ်တီဦးကုလိသ၊စဉ့်ကိုင် ဦးဥာဏဝံသ၊ တောင်တွင်းကြီး ဦးဣန္ဒြိယတို့ကလည်း ရွှေပိုင်းမှ ကူညီ၍ဟောပြောကြပေသည်။

၁၃၁၄-ခုနှစ်မှာမန္တလေးမြို့ ယိုးဒယားဈေး အထည်ကုန်သည် ဒေါ်ဒေါ်ထွေးနှင့် မိသားစုတို့က ရွှေစေတီဆရာတော် သီတင်း သုံးရန်တထပ်တိုက်တခု ဆောက်လုပ်လှူဒါန်းကြလေသည်။ ထို့ နောက် မကြာမီပင် မန္တလေးမြို့သံပြူတန်း ကုန်သည်ကြီး (ဝန်း သိုကျောင်းအမကြီး)ဒေါ်ဒေါ်မတို့ မိသားစုက ဓမ္မာရုံကြီးနှင့် ဆွမ်းစားကျောင်း တဆောင် ဆောက်လုပ် လှူဒါန်းကြလေ သည်၊ ဓမ္မာရုံကြီးပေါ်ရှိ တရားပလ္လင်မှာ မန္တလေးမြို့တမ္ပဝတီ ချည်ပါရပ်မှ ပန်းပုဆရာကြီး ဦးစိန်တင်တို့ သားအဖက အပြူ ထည်လှူဒါန်းကြ၍ အပေါ်ယံ မှန်စီရွှေချကို ဓမ္မာရုံကြီးအမ ကပင် တာဝန်ယူ၍လှူဒါန်းလေသည်။ သိမ်တော်ကြီးမှာ သာသ နာတော် ၂၅၀၀ ပြည့်အထိမ်းအမှတ်ဖြင့် ကောင်းမှုရှင်အများ စုပေါင်း၍ လှူဒါန်းကြလေသည်။ ထို့ပြင် စက်ရေတွင်းလည်း တူး၍လှူဒါန်းကြသည်။

အသစ်အသစ်တို့သည် အဟောင်းအဟောင်းတို့၏ နေရာတွင် ဘနေရာယူစမြဲဖြစ်သည့်အတိုင်း တည်ထောင်ခါစက ရှိခဲ့ကြသော နှစ်ခန်းကျောင်း, တခန်းကျောင်းနေရာများတွင် တင့်တယ်ခမ်း

နားသောအုတ်တိုက် ကမ္မဋ္ဌာန်းကျောင်းများက နေရာယူလျက် ရှိကြလေပြီ။ မူလကျောင်းအိုကြီး နေရာတွင်လည်း မန္တလေးမြို့ ဗိုလ်ချုပ်လမ်း ဇဝနဆန်စက်ပိုင်ရှင် ဦးစံရီနှင့် ဒေါ်မယ်တို့၏ စေတနာအဟုန်ဖြင့် အလှန်တင့်တယ် ခမ်းနားရှိ ကြီးမားလှသော ခေတ်မီကျောင်းဆောင်ကြီးက (၁၃၃၁ခုနှစ်က)နေရာယူ လျက်ရှိနေလေပြီ။

ရွှေစေတီ ဆရာတော်ဘုရားသည် မိမိနှင့်ထိုက်တန်သည်ဟု ယုံကြည်၍အပ်နှံကြသည်ကို လက်ခံတော်မူပြီးလျှင် ရတနာပုံ သာသနာ့ရိပ်သာ၌ သီတင်းသုံးတော်မူလျက် ထိုရိပ်သာ၏ တိုး တက်စည်ကားကြောင်း သတိပဋ္ဌာနဝိပဿနာ ပဋိပတ္တိ သာသ နာတော်၏ တိုးတက် ပြန့်ပွားကြောင်းများကို ရှေးရှုလျက် ဟောပြောဆောင်ရွက်တော်မူခဲ့ပေသည်။ ၁၃၁၃ခုနှစ်မှ ၁၃၁၉ခု နှစ်ထိ (၇)နှစ်တိုပတ်လုံး သီတင်းသုံးလျက် အားသွန်ဝန်ထမ်း ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ရတနာပုံ သာသနာ့ရိပ်သာကြီးလည်း တိုးတက်စည်ကားလာပေသည်။ ပဋိပတ္တိ သာသနာတော်လည်း မန္တလေးပတ်ဝန်းကျင်၌ အနယ်နယ် အရပ်ရပ် ပြန့်နှံ့သွားပေ သည်။ ယင်းသို့ရိပ်သာနှင့် သာသနာဟော်နှစ်ရပ်လုံး တိုးတက် စည်ကားကြီးပွားပြန့်သွားခြင်းမှာ ရွှေစေတီ ဆရာတော်သည်ပရိ ယတ္တိဝိသာရဒ ပိဋကတ္တယဝိဒူဖြစ်တော်မူကြသော မန္တလေးမြို့၊ မြို့မိမြို့ဖ ဆရာတော်ဘုရားကြီးများနှင့် ဆက်ဆံမှုပြေပြစ်၍ယင်း ဆရာတော်ဘုရားကြီးများ၏ ချီးမြှောက် အားပေးခြင်းကိုရရှိ သောကြောင့်လည်း ဖြစ်ပေသည်။

အထက်ပါအတိုင်း ရတနာပုံ သာသနာ့ရိပ်သာ၌ သီတင်း

ရွှေစေတီဆရာတော်၏ ထေရုပ္ပတ္တိ

သုံးလျက် သာသနာတော် တိုးတက်ပြန့်ပွားရေးအတွက် ကြိုးပမ်းအားထုတ်နေစဉ် ရွှေစေတီဆရာတော်ဘုရား၏ကျန်းမာရေးမှာ အားနည်းချိတဲ့လာတော့သည်။ စားမဝင် အိပ်မပျော် မအီမသာဖြစ်လာသည်။ ထို့ကြောင့် ကျန်းမာရေး အတွက် အနားယူရန် ရတနာပုံသာသနာ့ရိပ်သာမှ ထွက်ခွာ၍ ရာသီဥတုကောင်းသော မေမြို့စသည့် နေရာဌာနများ၌ ကျန်းမာရေးအကဲစမ်းရင်း ကြွရောက်သီတင်းသုံးတော်မူခဲ့လေသည်။ ရတနာပုံသာသနာ့ရိပ်သာကိုလည်း အသင်းလူကြီးတို့အား ပြန်အပ်ထားခဲ့လေသည်။

ဆရာတော်ဖွင့်လှစ်သည့် ရိပ်သာသစ်များ

၁။ စစ်ကိုင်းမြို့နယ် ရွာသစ်ကြီး ရွှေစေတီတောရ သာသနာ့ရိပ်သာ။

၂။ ဗန်းမော်မြို့နယ် ရွှေကူမြို့ သာသနာ့ရိပ်သာ။

၃။ မေမြို့ သစ်တောလမ်း၊ မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာ။

၄။ မေမြို့ မြမာလာရပ် ရွှေစေတီသာသနာ့ရိပ်သာ။

၅။ စစ်ကိုင်းတောင်ရိုး ရွှေစေတီ သာသနာ့ရိပ်သာ။

၁။ ရွာသစ်ကြီး ရွှေစေတီ တောရ ကျောင်းတိုက်သည် ဆရာတော်၏ မူလနေရင်း ကျောင်းတိုက်ဖြစ်သည်။ သို့ဖြစ်၍ ထိုကျောင်းတိုက်၌ ၁၃၁၄ ခုနှစ်တွင် သာသနာ့ရိပ်သာဖွင့်လှစ်ပြီးလျှင် တပည့်ဦးဇဋိလအား နာယကကမ္မဋ္ဌာနာစရိယ အဖြစ်လွှဲအပ် ခန့်ထားတော်မူသည်။

ရွှေစေတီဆရာတော်၏ ထေရုပ္ပတ္တိ

ထိုရိပ်သာတွင် ရွှေစေတီ ဆရာတော်ဘုရား၏ ကောင်းမှု ၂ထပ် တိုက်တလုံးရှိသည်။ ထိုတိုက်ကို ဆရာတော်ဘုရား၏အမွေဆိုင် လယ်ယာမြေများမှ ရရှိသော ဝတ္တာပစ္စည်းများဖြင့် သက်ဆိုင်ရာ ဆွေမျိုးများက ဒကာဦးလှဘော်ကို ဦးဆောင်စေ၍ ဆရာတော်ဘုရား၏ သဒ္ဓါ,စေတနာ ညွှန်ကြားချက်အရဆောက်လုပ် လှူဒါန်းထားခြင်း ဖြစ်ပေသည်။ (ရွှေစေတီ ဆရာတော်ဘုရားမှာ အမွေရ လယ်ယာမြေ ကေ-(၃၀၀) ကျော် ရှိခဲ့သည်။ ထိုလယ်ယာမြေများကို ငွေကြက်တော်မမူဘဲ စွန့်ခွာ၍ သာသနာ့ဘောင်သို့ ဝင်ရောက်တော်မူခဲ့သည်။ ထိုလယ်ယာမြေများကို သက်ဆိုင်ရာ ဆွေမျိုးသားချင်းတို့က ထိန်းသိမ်း စောင့်ရှောက်လုပ်ကိုင်စားသောက်ကြသည်။)

၂။ ရွှေကူမြို့၊ သာသနာ့ရိပ်သာကို သစ်ကုန်သည်ကြီး ဦးဘရှင် ဒေါ်စက်မေတို့က ဒကာခံကာ ကမ္မကဌာနပြုလျှက် အသစ်ဆောက်လုပ်ပြီးလျှင် ၁၃၁၉-ခုနှစ်က၊ လှူဒါန်းသဖြင့် ရွှေစေတီ ဆရာတော်ဘုရားကြီးက ကြီးမှူး၍ ဖွင့်လှစ် ပေး တော် မူခဲ့သည်။ လယ်တီ ဦးကုလိသအား နာယက ကမ္မဋ္ဌာနာစရိယ အဖြစ် လွှဲအပ် ခန့်ထားတော်မူသည်။

၃။ မေမြို့၊သစ်တောလမ်း မဟာ သတိပဋ္ဌာန် သာသနာ့ရိပ်သာကို သမားတော်ကြီး ဦးချင်းဇနီး ဒေါ်သန့်၊ ရိက္ခာတော်ရ စာရေးကြီး ဦးရှင်- ဇနီး ဒေါ်တင်တို့နှင့် မြို့သူမြို့သား အများတို့က စုပေါင်း၍ ၁၃၁၆-ခု၌ တည်ထောင်ခဲ့သည်။ ဦးအာစာရအား နာယက ကမ္မဋ္ဌာနာစရိယ အဖြစ် အုပ်ချုပ်စေခဲ့သည်။

၄။ မေမြို့၊ မြမာလာရပ်၊ ရွှေစေတီ သာသနာ့ရိပ်သာကို မေမြို့ ကျောင်း ဒါယကာကြီး ဦးချင်း-ဇနီး ဒေါ်သန့် အမှူးပြုသော ရပ်ကွက် ဒကာ ဒကာမတို့က အသစ် တည်ထွင်ဆောက်လုပ်၍ လှူဒါန်းကြသဖြင့် ရွှေစေတီဆရာတော်ဘုရားကြီးက ၁၃၂၂-ခုနှစ်၌ ဖွင့်လှစ်ပေးတော်မူသည်။ ထိုရိပ်သာ၌ ဦးစီးအုပ်ချုပ်ရန် ဦးဥတ္တမအား နာယက ကမ္မဋ္ဌာနာ စရိယ အဖြစ် လွှဲအပ်ခန့်ထားတော်မူသည်။

၅။ စစ်ကိုင်းတောင်ရိုး ရွှေစေတီသာသနာ့ရိပ်သာကို ၁၃၂၄-ခုနှစ်၌ အသစ်တည်ထောင်ဖွင့်လှစ်ပြီးလျှင် ရွှေစေတီဆရာတော်ဘုရားကြီး ကိုယ်တိုင်ပင် ကြီးမှူးအုပ်ချုပ်၍ စောင့်ရှောက်လျက်ရှိသည်။ ယင်းရိပ်သာ ဖြစ်ပေါ်လာပုံမှာ စစ်ကိုင်းမြို့၊ အတုလဝတီ စာပုံနှိပ်တိုက် ပိုင်ရှင် ပထမကျော် ဦးကျော်မြင့်၊ကပ်ကျေးဆေးလိပ်ရုံပိုင်ရှင် ဦးဘအေးတို့က တိုက်တွန်း နှိုးဆော်သဖြင့် စစ်ကိုင်းမြို့၊ ဦးသိန်းတန်-ဇနီး ဒေါ်ဖြူ သား မောင်ဝင်းမြင့်တို့က (၁၀) ဧကရှိသော သာသနာ့ရိပ်သာ မြေကွက်၌ ဒကာခံကာ စံကျောင်းတော် ဆောက်လုပ်ပြီးလျှင် စတင်၍ တည်ထောင်ခဲ့ကြသည်။ ယခုအခါ ထိုရိပ်သာ၌ ကျောင်းအဆောက်အဦ၊ ဗုဒ္ဓဂယာမဟာဗောဓိပုံ စေတီတော်ကြီး၊ ရေလှောင်ကန်ကြီးတို့နှင့် ကမ္မဋ္ဌာန်းကျောင်းများ၊ဒေါ်သန္တစာရီ၊ ဒေါ်ရူပဝတီတို့၏သီလရှင် စာသင်တိုက်ကျောင်းများဖြင့် အလွန် တင့်တယ်စည်ကားလျက် ရှိပေ၏။

ရွှေစေတီဆရာတော်၏ ထေရုပ္ပတ္တိ

ဆဋ္ဌသံဂါယနာနှင့် ရွှေစေတီဆရာတော်

ဆဋ္ဌသံဂါယနာပွဲကြီး ဆင်နွှဲရန် အတွက် ၁၃၁၄- ခုနှစ်မှစ၍ စီစဉ်ခဲ့ကြသည်။ ထိုစဉ်အခါမှစ၍ ရွှေစေတီ ဆရာတော်ဘုရားသည် ပိဋကတ် ပါဠိကျမ်းစာများကို သုတ်သင်ရေးနှင့် သံဂါယနာတင်ရေးများအတွက် ရန်ကုန်မြို့၊ ကမ္ဘာအေး သီရိမင်္ဂလာကုန်းမြေ ဇမ္ဗုဒီပ ကျောင်းဆောင်သို့ ကြွရောက်သီတင်းသုံးလျက် ဆောင်ရွက်တော်မူရသည်မှာ သံဂါယနာပွဲကြီး ပြီးဆုံးသည်အထိပင်ဖြစ်ပေသည်။ အထူးအားဖြင့် မဇ္ဈိမနိကာယ် ပါဠိတော်ကြီး (၃)ကျမ်းကို ပဋိဝိသောဓကအဖြစ် အပြီးအဆုံးတိုင်အောင် သုတ်သင်ပြင်ဆင်ရန်အတွက် ၁၃၁၉-ခုနှစ်၊ တပို့တွဲလမှ စ၍ ၁၃၂၂-ခုနှစ်ထိ ဇမ္ဗုဒီပ ကျောင်းဆောင်၌ ဝါကပ်လျက် ဆောင်ရွက်တော်မူခဲ့ရသည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ကို ရရှိတော်မူခြင်း

ရွှေစေတီဆရာတော်ဘုရားသည် ပိဋကတ် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းဂန်များ၌ ကျွမ်းကျင်တော်မူသည့်ပြင် ဘာသန္တရဖြစ်သော သက္ကတဘာသာ၊ အင်္ဂလိပ်ဘာသာတို့ကိုလည်း တတ်သိတော်မူသဖြင့် ဆဋ္ဌသံဂါယနာပွဲသဘင်နှင့်စပ်၍ ကျရောက်ရာတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်တော်မူခဲ့ပေသည်။ ထို့ပြင် စာသင်သားတို့အားလည်း ပိဋကတ်စာပေများကို ပို့ချပေးတော်မူသည်။ ထို့ပြင်လူထုအား လောကီလောကုတ္တရာ လိမ္မာယဉ်ကျေးမှုကိုရအောင် ဟောပြောနိုင်သော နိုင်ငံကျော် ဓမ္မ

ကာထိကအဖြစ်ဖြင့်လည်း ထင်ရှားကျော်စောလျက် ရှိပေသည်။ ထိုသို့သော ဂုဏ်အရည်အချင်းများကိုအကြောင်းပြု၍ နိုင်ငံတော်အစိုးရက ရွှေစေတီဆရာတော်ဘုရားကြီးအား ၁၃၂၃-ခုနှစ်က အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို ဆက်ကပ်လှူဒါန်းခဲ့ပေသည်။

ကျမ်းပြုစုတော်မူခြင်း

ရွှေစေတီ ဆရာတော်သည် တရားဟောရေး၌ ကျွမ်းကျင်တော် မူသကဲ့သို့ ကျမ်းစာ ရေးသားမှုမှာလည်း ဝါသနာအလျောက် ကျွမ်းကျင်တော်မူပေသည်။ ထို့ကြောင့် ပါဠိဘာသာ မတတ်သောပုဂ္ဂိုလ်များအတွက် ဥပရိပဏ္ဏာသ ပါဠိတော်မှ ဆဆက္ကသုတ္တန် တရားတော်ကို အနက်မြန်မာပြန်လျက် (ဆဆက္ကသုတ် ဘာသာပြန်) ဟူသော အမည်ဖြင့် ရေးသားပြုစုပြီးလျှင် ပုံနှိပ်ဝေငှတော်မူခဲ့ပေသည်။ နောင်အခါ၌လည်း အခွင့်သာလျှင် အလားတူပင် ရေးသားထုတ်ဝေရန် ရည်ရွယ်ချက်ရှိသေးသည်ဟု ဆို၏။

ရာဇမုနိစေတီတော်နှင့် ရွှေစေတီဆရာတော်

ရွှေစေတီ ဆရာတော်ဘုရား၏ ဇာတိဌာနဖြစ်သော ရွာသစ်ကြီးရွာ၏ အရှေ့ဖက်ရွာဦးရွာထိပ်တွင် ပျက်စီးယိုယွင်းနေသော စေတီကြီးတဆူရှိသည်။ ထိုစေတီကြီးကို သီပေါမင်းလက်ထက် သံတော်ဆင့်ဦးအောင်မင်းကဘုရင့်ကိုယ်စားကမ္မကထပြု၍ တည်ထားခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက တည်ဆောက်ထားသော လူမျိုးစုဖွံ့ဖြိုးရေးသိပ္ပံကျောင်းမှာ ထို

ရွှေစေတီဆရာတော်၏ ထေရုပ္ပတ္တိ

စေတီကြီး၏အနီး၌ဖြစ်၍ ယင်းကျောင်းကြီးနှင့် စေတီတော်ကြီး တည်နေပုံမှာ ပနာရလျက် အဆင်ပြေနေသည်ကို တော်လှန်ရေး အစိုးရ ဆိုင်ရာအရာရှိတို့က မြော်မြင်မိခဲ့ကြသည်။ ထို့ကြောင့် ယင်းစေတီတော်ကြီးကို ကြည်ညိုဘွယ်ဖြစ်လာအောင်ပြုပြင်မွမ်းမံ ရန် ဆိုင်ရာကခွင့်ပြုခဲ့သဖြင့် တည်ဆောက်ရေးဂေါပကအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းကြသည်။

(က)	အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီဆရာတော်		(နာယက)
(ခ)	ဗိုလ်မှူးထွန်းမြတ်၊ ညွှန်ကြားရေးမှူး ဖွံ့ဖြိုးရေးသိပ္ပံကျောင်း		(နာယက)
(ဂ)	ဦးထွန်းအေး	ဂေါပကအဖွဲ့	(နာယက)
(ဃ)	ဦးလှဘော်	॥	(ဥက္ကဋ္ဌ)
(င)	ဦးစန်းမောင်	॥	(အတွင်းရေးမှူး)
(စ)	ဦးတင်အောင်	॥	(အဖွဲ့ဝင်)
(ဆ)	ဦးလှမောင်	॥	॥
(ဇ)	ဦးစိန်မောင်	॥	॥
(ဈ)	ဦးသွင်	॥	॥
(ည)	ဦးခင်မောင်	॥	॥
(ဋ)	ဦးသိန်းမောင် (ဒု-တိုင်းအင်ဂျင်နီယာ)		॥
(ဌ)	ဦးစီ	॥	॥
(ဍ)	မဇ္ဈတာ ဆတြာပါးလ်(ဦးစီးအရာရှိ-တ)		॥

ရွှေစေတီဆရာတော်၏ ထေရုပ္ပတ္တိ

ထိုအဖွဲ့ကို ၁၉၆၇-ခု ဩဂုတ်လ(၁၈)ရက်၊(၁၀)နာရီအချိန်၌ ဖွဲ့စည်းကြသည်။ ရွှေစေတီဆရာတော်ဘုရားသည် ယင်း ဂေါပကအဖွဲ့တွင် နာယကအဖြစ် တာဝန်ယူဆောင်ရွက်တော်မူခဲ့ရသဖြင့် စေတီတော်ကြီး ကြည်ညိုဘွယ် အပြီးအဆုံးသို့ ရောက်သည်အထိ မအားမလပ်ရှိတော်မူခဲ့သည်။ စေတီတော်ကြီးပြုပြင်ရာ၌ ကုန်ကျငွေရိတ်မှာ(၁၀၀,၀၀၀)တသိန်းကျော်ဖြစ်လေသည်။

စစ်ကိုင်းတောင်ရိုး ရွှေစေတီရိပ်သာတွင်

ယခုအခါမှာမူ ရွှေစေတီဆရာတော်ဘုရားကြီးသည် စစ်ကိုင်းတောင်ရိုး ရွှေစေတီသာသနာ့ရိပ်သာ၌ အမြဲသီတင်းသုံးလျက် ရောက်လာသမျှယောဂီတို့အား ကမ္မဋ္ဌာန်းပေးလျက် ညွှန်ကြားပြသခြင်း၊ဝိပဿနာတရားဟောပြောခြင်း၊ပင့်လျှောက်လာသော အရပ်ရပ်အနယ်နယ်သို့ကြွရောက်၍တရားဟောပြောခြင်းစသော သာသနာရေးကိစ္စများကို ဆောင်ရွက်တော်မူလျက်ရှိပေသည်။

ပထမအကြိမ် ပုံနှိပ်ခြင်း နိဒါန်း

ဆဆက္ကသုတ္တန်

ဝိပဿနာနှင့် စပ်လျဉ်းသည့် အတွင်းအာယတန (၆)ပါး၊ အပြင်အာယတန (၆)ပါး၊ အာရုံကိုသိမှု ဝိညာဏ် (၆)ပါး၊ အာရုံကိုတွေ့မှုဖဿ(၆)ပါး၊ အာရုံကို ခံစားမှုဝေဒနာ (၆)ပါး။ အာရုံကိုသာယာမှု တဏှာ (၆)ပါး။ ဤတရား(၆)ပါး (၆)လီ ၆×၆=၃၆-ပါးတို့ကို အပြည့်အစုံ ဟောထားသောကြောင့် ဤဒေသနာတော်ကို ဆဆက္ကသုတ္တန်ဟု ခေါ်သည်။

သာမညဒေသနာ မဟုတ်

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် သက်တော်ထင်ရှားရှိစဉ်(၄၅) ဝါကာလပတ်လုံး နိကာယ်ငါးရပ်,ပိဋကတ်သုံးဖြာ အင်္ဂါကိုးတန် ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင် များမြောင်လှ

စွာသော ဒေသနာတော်တို့ကိုဟောကြားတော် မူခဲ့လေသည်။ ထိုဒေသနာတို့တွင် ဤဆဆက္ကသုတ္တန် ဒေသနာတော်သည် သာမညဒေသနာတော် မဟုတ်ပေ။ ထူးကဲလွန်မြတ်သောဒေသနာတော်ကြီးတရပ်ဖြစ်ပေသည်။

အရဟတ္တဖိုလ်သို့ ရောက်နိုင်သည်။

ဤဆဆက္ကသုတ္တန် ဒေသနာတော်ကို ဗုဒ္ဓရှင် မြတ်ဘုရားကနဦးအစ ပထမအကြိမ် ဟောကြားတော်မူစဉ်အခါက ဓမ္မပဋိဂ္ဂါဟက တရားနာရဟန်းတော်တို့တွင် ပထမ အတန်းအစား (ဥဂ္ဃဋိတညူ) ပုဂ္ဂိုလ်တို့သည် ဤဒေသနာတော်၏ ဥဒ္ဒေသဝါရကို နာကြားရုံကာမျှဖြင့် အရဟတ္တဖိုလ်သို့ အပြည့်အစုံ ဆိုက်ရောက်တော်မူခဲ့ကြလေသည်။ ၎င်းပြင် ဒုတိယ အတန်းအစား (ဝိပဥ္စိတညူ) ပုဂ္ဂိုလ်တို့သည် ဤဒေသနာတော်ကို အစအဆုံး နိဂုံးသို့ရောက်အောင် နာကြားရုံကာမျှဖြင့်ပင်အရဟတ္တဖိုလ်သို့ အပြည့်အစုံ ဆိုက်ရောက်တော်မူခဲ့ကြလေသည်။

နေယျပင်ဖြစ်သော်လဲ

ထိုမှတပါး တတိယမြောက် အတန်းအစား(နေယျ) ပုဂ္ဂိုလ်ပင်ဖြစ်သော်လည်း ဤဆဆက္ကသုတ္တန်ဒေသနာတော်ကို လေ့လာမှတ်သားလျက် ဒေသနာတော်၏ အနက်အဓိပ္ပါယ် သဘောတရားအတိုင်း ကျင့်ကြံကျိုးကုတ် အားထုတ်သွားပါမူ ယခုဘဝ၌ပင် အရဟတ္တဖိုလ်တိုင် ဆိုက်ရောက်နိုင်လေသည်။

နောက်ဆုံးပိတ်နတ်ပြည်

နောက်ဆုံးပိတ်အားဖြင့် စတုတ္ထအတန်းအစား ပဒပရမ ပုဂ္ဂိုလ်များပင် ဤဆဆက္ကသုတ္တန်ဒေသနာတော်ကို ရိုရိုသေသေ လေးလေးစားစား သင်အံမှတ်သားလျက် မနေမနားပွားများ အားထုတ်ပါမူ ယခုဘဝ၌ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရနိုင်သေး သော်လည်း ဤဘဝမှစုတေ၍ ဒုတိယဘဝ၌ နတ်ပြည်သို့ကျေန်မုချ ရောက်ရှိနိုင်ကြောင်း ထင်ရှားရှိပေသည်။ နတ်ပြည်သို့ ရောက်သည့်ကာလ သောတာပန် ပုဂ္ဂိုလ် ဖြစ်နိုင်လေသည်။ သို့မဟုတ်သုံးဘဝ၊လေးဘဝတို့၌ပင် အရဟတ္တဖိုလ်သို့ ရောက်နိုင် လေသည်။ ထို့ကြောင့် ဤဆဆက္ကသုတ္တန် ဒေသနာတော်ကို ထူးခြားသော ဒေသနာတော်တရပ်ဟု ဆိုအပ်ပေသည်။

မြတ်စွာဘုရားနှင့် ရဟန္တာခြောက်ကျိပ်

သို့အတွက် အထက်၌ ပြဆိုခဲ့သည့်အတိုင်း ဤသုတ္တန်ဒေသ နာတော်ကို အစ, အလယ်, အဆုံး အလုံးစုံသော ကောင်းခြင်းသုံး ပါးနှင့်ပြည့်စုံစွာ မြတ်စွာဘုရား ဟောကြားတော်မူသည့်အဆုံး၌ ခြောက်ကျိပ်မျှကုန်သော ရဟန်းတော်တို့သည် ရဟန္တာအဖြစ်သို့ ရောက်ကြလေကုန်၏။

သာရိပုတ္တရာလဲ ခြောက်ကျိပ်

ထို့အတူ လက်ျာတော်ရံ ဓမ္မသေနာပတိ သာရိပုတ္တရာ မထေရ်မြတ်သည် ဤဆဆက္ကသုတ္တန် ဒေသနာတော်ကို ဟော

ဝေတာ်မူပြန်လေသည်။ ဒေသနာတော်၏အဆုံး၌ ခြောက်ကျိပ်မျှကုန်သော ရဟန်းတော်တို့သည် ရဟန္တာအဖြစ်သို့ရောက်တော်မူကြလေကုန်၏။

မောဂ္ဂလာန်လဲ ခြောက်ကျိပ်

ထိုနောက် လက်ဝဲတော်ရံ မဟာ မောဂ္ဂလာန် မထေရ်မြတ်သည်လည်း ဤဆဆက္ကသုတ္တန် ဒေသနာတော်ကို ဟောတော်မူပြန်လေသည်။ ဒေသနာတော်၏ အဆုံး၌ ခြောက်ကျိပ်မျှကုန်သောရဟန်းတော်တို့သည် ရဟန္တာအဖြစ်သို့ ရောက်တော်မူကြပြန်လေသည်။

အသီတိသာဝကနှင့် ရဟန္တာခြောက်ကျိပ်စီ

တဖန်အသီတိသာဝက ဖြစ်ကြကုန်သော မထေရ်မြတ်တို့သည် အသီးသီး ကိုယ်စီကိုယ်ငှ ဤဆဆက္ကသုတ္တန် ဒေသနာတော်ကို ဟောတော်မူကြပြန်ရာ မဟာသာဝက တပါးတပါးလျှင် ရဟန်းတော် ခြောက်ကျိပ်-ခြောက်ကျိပ်စီ ရဟန္တာအဖြစ်သို့ ရောက်တော်မူကြပြန်လေသည်။ ထို့ကြောင့် ခြောက်ကျိပ်အလီပေါင်း ရှစ်ဆယ်-၆၀×၈၀=၄၈၀၀ လေးထောင်ရှစ်ရာသော ရဟန္တာများဖြစ်ပွားလာပြန်လေသည်။

အပေါင်း-၄၉၀၀

ဗုဒ္ဓရှင်တော်မြတ်ဘုရားမှ သည် အသီတိမဟာသာဝကအထိ ရဟန္တာပေါင်း(၄၉၀၀) လေးထောင်ကိုးရာ ဖြစ်ထွန်းပေါ်ပေါက်တော် မူခဲ့ကြလေသည်။ (အားရဖွယ် ကောင်းလေစွ။)

ကြေးပြာသာဒ်အောက် ခြောက်ကျိပ်

ဗုဒ္ဓရှင်တော်ဘုရား မရှိသည့်နောက် သီဟိုဠ်ကျွန်း၌ မာလေယျဒေဝတ် အမည် ရှိတော်မူသော မထေရ်မြတ်သည် ထူပါရုံစေတီတော်၏အနီး ကြေးပြာသာဒ်အောက်၌ ဤဆဆက္ကသုတ္တန် ဒေသနာတော်ကို ဟောတော်မူရာ ခြောက်ကျိပ်မျှကုန်သော ရဟန်းတော်တို့သည် ရဟန္တာအဖြစ်သို့ ရောက်တော်မူကြလေကုန်သည်။

တရားမဏ္ဍပ်၌ ခြောက်ကျိပ်

တဖန် ဤမာလေယျဒေဝတ် မထေရ်သည်ပင် တရားဟောမဏ္ဍပ်ကြီး၌ ဤဆဆက္ကသုတ္တန် ဒေသနာတော်ကို ဟောတော်မူပြန်ရာ ခြောက်ကျိပ်မျှကုန်သော ရဟန်းတော်တို့သည် ရဟန္တာဖြစ်တော်မူကြပြန်လေသည်။

သာကိယစင်္ကြံကျောင်း စသည်တို့၌ ခြောက်ကျိပ်စီ

ထိုနောက် မာလေယျဒေဝတ် မထေရ်သည် မဟာဝိဟာရကျောင်းတိုက်ကြီးမှ ထွက်တော်မူခဲ့၍ စေတီယတောင်သို့ ကြွသွားတော်မူလေသည်။ ၎င်း စေတီယတောင် သာကိယ စင်္ကြံကျောင်း အစရှိသော ထိုဌာနတို့၌ ဤဆဆက္ကသုတ္တန်ဒေသနာတော်ကို အသီးအသီး ဟောတော်မူပြန်လေသည်။ ဤကဲ့သို့ ဟောတော်မူရာ တဌာန တဌာန၌ ခြောက်ကျိပ်ခြောက်ကျိပ်မျှကုန်သော ရဟန်းတော်တို့သည် ရဟန္တာအဖြစ်သို့ ရောက်တော်

မှုလေကုန်သည်။ ထို့ကြောင့် ခြောက်ကျိပ် ကိုးလီ=(၆၀×၉ =၅၄၀) ငါးရာ့လေးဆယ်သော ရဟန္တာတို့ ဖြစ်ထွန်းပေါ်ပေါက်ခဲ့လေသည်။

မာလေယျဒေဝတ် မထေရ်နှင့် ဝါတော် (၆၀)ကျော် မထေရ်ကြီးများ

မာလေယျဒေဝတ် မထေရ်သည်ပင် စေတီယတောင်မှ ထွက်တော်မူ၍ စိတ္တလတောင်သို့ ကြွသွားတော်မူလေသည်။ ထိုအခါ စိတ္တလတောင်ကျောင်းတိုက်ကြီး၌ ဝါတော်ခြောက်ဆယ်ကျော်သော မထေရ်ကြီး၏ လေးထောင့်ကန်ကြီး၌ ကုရာဝကအမည်ရှိသော ရေချိုးဆိပ်သည် ဆိတ်ငြိမ်၍ ဖုံးကွယ်သောနေရာဌာနဖြစ်လေ၏။ထိုဝါတော်ခြောက်ဆယ်ကျော် မထေရ်ကြီးသည် ထိုကုရာဝက ရေဆိပ်၌ ရေချိုးလိုသည်ဖြစ်၍ ရေကန် အတွင်းသို့ သက်ဆင်းလေ၏။ ထိုအခါ မာလေယျဒေဝတ် မထေရ်သည်လည်း ထို မထေရ်ကြီး၏အထံသို့ ကြွသွားပြီးလျှင်"အရှင်ဘုရား တပည့်တော်သည် အရှင်ဘုရားအား ရေချိုး၍ ပေးပါရစေ" ဟု လျှောက်ထားလေ၏။ဝါတော်ခြောက်ဆယ် ကျော် မထေရ်ကြီးသည် ထိုမာလေယျဒေဝတ် မထေရ်၏ အလွန် ကောင်းမြတ်စေ့စပ်သော ပဋိသန္ဓာရစကားကို ကြားသိရသဖြင့်သာလျှင် "ငါတို့၏ စိတ္တလတောင် ကျောင်းတိုက်ကြီးသို့ မာလေယျ ဒေဝတ်အမည်ရှိသော ဓမ္မကထိက ရဟန်းတော် ရောက်၍နေသည်" ဟု ရဟန်းတော်များ ပြောသံကို ကြားရဘူးသည်၊ "ယခု ငါ့အား

လျှောက်ထားနေသော ရဟန်းတော်သည် ဤမာလေယျဒေဝတ် မထေရ်ပင် ဖြစ်တန်ရာသည်” ဟု စိတ်အကြံဖြစ်လျက် “ငါ့ရှင် သင်သည် မာလေယျဒေဝတ် အမည်ရှိသော ဓမ္မကထိက ရဟန်းတော် မဟုတ်ပါလော” ဟု မေးမြန်းတော်မူလေ၏။

ထိုအခါ ဟုတ်မှန်ကြောင်းကို မာလေယျဒေဝတ် မထေရ်က လျှောက်ထားလေ၏။ ဤသို့ လျှောက်ထားလေလျှင် မထေရ်ကြီးက “ငါ့ရှင် ငါ့အား ဝါခြောက်ဆယ် ရှိခဲ့လေပြီ။ တစုံတယောက်သောသူမျှ ငါ၏ကိုယ်ကို လက်ဖြင့် ပွတ်သပ် ပေ ဘူးသည် မရှိပါ။ ယခုမှသင်သည် ငါ့အား ရေချိုး၍ပေးပေ၏။ ”ရေမှ တက်ပြီးလျှင် ဇမ်းနား၌ ထိုင်၍ နေလေ၏။ ထိုအခါ မာလေယျဒေဝတ် မထေရ်သည် အလုံးစုံသော လက်ခြေစသည်တို့ကို ပွတ်သပ်၍ မထေရ်ကြီးကို ရေချိုး၍ ပေးလေ၏။

ထိုနေ့သည်ကား ဤကျောင်းတိုက်ကြီး၌ တရားပွဲသဘင် ဆင်ယင် ကျင်းပသောနေ့ ဖြစ်လေသည်။ သို့အတွက် မထေရ်ကြီးက “ငါ့ရှင် ဓမ္မကထိက သင်သည် ယနေ့ည ငါတို့အား အစဉ်သနားသည်ကို အကြောင်းပြု၍ ဓမ္မဒါန တရားအလှူကို ပေးလှူပါ၊ ငါတို့၏ ကိုးကွယ်ရာ, အားထားရာ, မှီခိုရာ ဖြစ်တော်မူပါလော့”ဟု လျှောက်ထားတောင်းပန်လေသည်။

ထိုအခါ အရှင် မာလေယျဒေဝတ် မထေရ်သည် “အရှင်ဘုရားတို့ ကျောင်းတိုက်၌ တရားဓမ္မ ဟောပြောဘို့ရန် အခွင့်ပေးသနားတော်မူကြပါလျှင် ဟောပြောပါမည်”ဟု လျှောက်ထားဝန်ခံလေ၏။ ဤသို့ အရှင် မာလေယျဒေဝတ် မထေရ် ၏ ဝန်ခံချက်အရ မထေရ်ကြီးတို့သည် “ဤ ယနေ့ည ငါတို့၏

ကျောင်းတိုက်ကြီး၌ မာလေယျဒေဝတ် မထေရ်သည် တရားဓမ္မ ဟောပြောပါလိမ့်မည်။တရားနာကြွတော်မူကြပါရန်ဘိတ်ကြား ပါသည်''ဟု ကြွေးကြော်ဘိတ်ကြား၍ကြေးစည်ခေါင်းလောင်း စသည်တို့ကို တီးခတ်ကြလေသည်။

ဤသို့ တရားနာ ဘိတ်ကြားသည့် အချိန်မှာ 'ဝါတော် ခြောက်ဆယ်ကျော်လွန်ကြကုန်သော ခြောက်ကျိပ်သော မဟာ ထေရ်ကြီးတို့သည် တရားနာ ကြွရောက်တော်မူလာကြကုန်၏။ ရှေးခေတ်အခါက ရဟန်းတော်တို့သည် ခန္ဓာငါးပါး၊ အာယ တန ဆယ့်နှစ်ပါး၊ ဓါတ် တဆယ့်ရှစ်ပါး၊ ပဋိစ္စသမုပ္ပါဒ် တရား၊ သစ္စာ လေးပါး တရားတို့ကို ဟောကြားမည်ဆိုလျှင် ပုဂ္ဂိုလ်ကြီးငယ်မရွေး ဂုဏ်မာန်မတင်း ဝပ်စင်းရိုသေ သွားထက် ငါ ရှေးဦးစွာရောက်အောင် ဇရပ်းပွဲသဘင် ဆင်ယင်ကျင်းပရာ ဌာနသို့ အဆောတလျင် ကြွရောက် နာယူကြလေကုန်သည်။ ချီးမွမ်းအံ့ဩဘွယ် ကောင်းလေစွ၊ ကြည်ညိုဘွယ် ကောင်းလေ စွ တကား။

ထိုအခါအရှင်မာလေယျဒေဝတ်မထေရ်သည်ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိ ဖြစ်တော်မူကြသော မထေရ်ကြီးတို့အား အရိုအသေပြု၍ တရား ပလ္လင်ထက်သို့ တက်တော်မူပြီးလျှင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေ တော်မူလျက် ဤဆဆက္ကသုတ္တန်ဒေသနာတော်ကို အစအဆုံး နိဂုံးတိုင် ဟောတော်မူလေ၏။ ဒေသနာတော်ကြီး၏ အဆုံး၌ ခြောက်ကျိပ်မျှကုန်သော မထေရ်ကြီးတို့သည် အရဟတ္တဖိုလ် သို့ ဆိုက်ရောက်တော်မူကြလေကုန်၏။

ရဟန္တာပေါင်း ၃၆၀၀

ထိုနောက် အရှင် မဟာဒေဝတ်မထေရ်သည် မဟာတိဿ ကျောင်းတိုက်သို့ ကြွရောက်တော်မူပြီးလျှင် ဤဆဆက္ကသုတ္တန် ဒေသနာတော်ကိုပင် ဟောတော်မူရာ ခြောက်ကျိပ်သော ရဟန်းတော်တို့သည် ရဟန္တာအဖြစ်သို့ ရောက်တော်မူကြလေကုန်၏။

ထိုမှတဖန် နာဂမဟာ ဝိဟာရသာလဂစ္ဆရွာ၌ ဟောတော်မူရာ ရဟန်းတော်ပေါင်းခြောက်ကျိပ်။

ကလျာဏီသို့ကြွတော်မူ၍ တဆယ့်လေးရက်မြောက် ကြေးပြာသာဒ်အောက်၌ဟောတော်မူရာ ရဟန်းတော်ပေါင်း ခြောက်ကျိပ်။

၎င်းတဆယ့်ငါးရက်မြောက်ဥပုသ်နေ့ကြေးပြာသာဒ်အောက် ဟောတော်မူရာ ရဟန်းတော်ပေါင်း ခြောက်ကျိပ်။

ဤနည်းအတူ အရှင်မဟာဒေဝတ် မထေရ်တပါးတည်း ခြောက်ဆယ်သောဌာနတို့၌ ဤဆဆက္ကသုတ္တန် ဒေသနာတော်ကို ဟောတော်မူရာ ခြောက်ကျိပ်၊ ခြောက်ကျိပ်စီကုန်သော (၆၀×၆၀=၃၆၀၀) ရဟန်းတော်တို့သည် အရဟတ္တဖိုလ်သို့ ရောက်တော်မူကြလေကုန်၏။

တိပိဋကနာဂမထေရ်နှင့် ရဟန္တာတထောင်

ထိုမှတပါး အမ္ဗိဋ္ဌကာဠက ကျောင်းတိုက်ကြီး၌ တိပိဋကစူဠ နာဂမထေရ်သည် ဤဆဆက္ကသုတ္တန် ဒေသနာတော်မြတ်ကို

ဟောတော်မူရာ လူပရိသတ်ပေါင်းတဂါဝုတ်မျှ၊ နတ်ပရိသတ် အပေါင်း တယူဇနာမျှရှိကုန်၏။ ဤမျှ များပြားလှကုန်သော ပရိသတ်တို့တွင် တထောင်မျှလောက်သော ရဟန်းတော်တို့သည် ဒေသနာတော်၏အဆုံး၌ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူကြကုန်၏။

နတ်အပေါင်းတို့တွင် ထိုထိုနတ်ပရိသတ်မှ တယောက် တယောက်သာ ပုထုဇဉ်အဖြစ်၌ ကျန်ရှိနေပေတော့သတည်း။

ရည်မှန်းချက်နှင့် တိုက်တွန်းစကား

ဤ အထက်ပါစကားရပ်များအရ သဆက္ကသုတ္တန်ဒေသနာတော်၏ တန်ခိုးကြွဒ္ဓိ အာနုဘော်များသည် အလွန်အံ့ဩဘွယ်ကောင်းလှပေသည်။ သို့အတွက် ဤဆဆက္ကသုတ္တန်ဒေသနာတော်၏အနက်အဓိပ္ပာယ်များကို ယောဂီပုဂ္ဂိုလ်များအား အပြည့်အစုံ သိရှိစေလိုသည်။ ပါဠိတချက် အနက်တချက် ရေးသားထားသော ဆဆက္ကသုတ္တန်စာပေများ ရှိပါငြားသော်လည်း စာပေနယ်ပယ်သို့ မဝင်ရောက်ဘူးကြသေးသောယောဂီများမှာ အလွန်အခက်အခဲနှင့် တွေ့ကြုံနေကြရသဖြင့် လွယ်လင့်တကူ ဘတ်ရှုနိုင်ကြရန် မြန်မာပြန်သက်သက် ရေးသားပေးပါမည့်အကြောင်း အတန်တန် တောင်းပန်ကြလေသည်။ သို့အတွက် မြန်မာစာပေအရာ အနည်းငယ်မျှသာ လေ့လာဘူးကြသော ယောဂီများပင် လွယ်လင့်တကူ ဘတ်စာသဘော ဘတ်ကြားနိုင်ကြရန် ရည်သန်သောအားဖြင့် မြန်မာစကားပြေသက်သက်ဖြင့် ပြန်ဆိုရေးသားထားပါသည်။ ရင်းပါဠိတော်ကိုလည်း အလုံးစုံပယ်ချာလ ဖေါ်

လျက်ထားပါသည်။ မြန်မာပြန်ဆိုရာ၌လည်း အပြည့်အစုံပြန်ဆိုထားပါသည်။ ရိပ်သာတွင်နေထိုင်ကြသော ယောဂီအပေါင်းတို့သည် ဤဆဆက္ကသုတ္တန် ဒေသနာတော်ကြီးကို နှုတ်တက်အာဂုံဆောင်နိုင်ကြ၍ ဝတ်တက်ဝတ်ကပ်ပြုကြသောအခါ ညီညာဖြဖြရွတ်ဆိုကြရန်ဖြစ်သည်။

ချပ်ကွက်အလိုက်ဖွဲ့စည်းထားသော ဝတ်သင်းသူ ဝတ်သင်းသားများသည်လည်း နှုတ်တက်အာဂုံ ဆောင်ရွက်ကြပြီးလျှင် ရွတ်ဘတ်ကြရန်ဖြစ်ပေသည်။

ဤကဲ့သို့ မိမိရရ နှုတ်တက်ရကြသောအခါ ဤ ဆဆက္ကသုတ် မြန်မာပြန်ကို သေသေချာချာ ဘတ်ရှုနိုင်ကြပေသည်။

ကျေးဇူးတင် ဝမ်းမြောက်စကား

ဤဆဆက္ကသုတ္တန် မြန်မာပြန်စာအုပ်ကို သာသနာ(၂၅၀၀) ပြည့် အထိမ်းအမှတ်အဖြစ်ဖြင့် ရိုက်နှိပ်ပေဝေရန်ပင် ဖြစ်သော်လည်း ထိုစဉ်အခါက ဆဌသံဂါယနာတင်အတွက် မကြာခဏ သွားရောက်နေရသည်တကြောင်း၊ ကျန်းမာရေး အခြေအနေမှာလည်း ခန္ဓာကိုယ်မခိုင်မြဲဘဲ ယိုင်လဲလူမတတ် ခံစားနေရသည်တကြောင်း။ သို့အတွက် မအားလပ်ဘဲ ရှိနေခဲ့သဖြင့် အထမမြောက်ဘဲ ရှိခဲ့သည်။ ယခုနှစ် ဝါတွင်းမှပင် ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ကြိုးစားဆောင်ရွက်ကြသော ဦးလူရင်၊ ဦးဗိုလ်နှင့်တကွ ဝတ္ထုကြေးငွေ ပါဝင်လှူဒါန်းကြသော တပည့်ဒကာဒကာမအပေါင်းအား ကျေးဇူးတင်ရှိပါသည်။

ရွှေစေတီ ဆရာတော်

ဒုတိယ အကြိမ် ပုံနှိပ်ခြင်း

ဤ ဆဆက္ကသုတ္တန်ဒေသနာတော်သည် ဝိပဿနာအရာတွင် အလွန် အရေးပါအရာရောက်သော ဒေသနာတော် ဖြစ်သည်။ ဝိပဿနာ ရှုသင့်ရှုထိုက်သော တရားတော် သက်သက်ကိုသာ ဟောထားသည်။ဤဒေသနာတော်ကို ပိုင်ပိုင်နိုင်နိုင်သိထားလျှင် ဝိပဿနာအရာတွင် အလွန်အရေးပါအရာရောက်သည်။

ဆရာတော်သည် မန္တလေးမြို့၊ အနောက်ပြင်၊ စိန်ပန်းရပ်၊ ရတနာပုံ သာသနာ့ရိပ်သာတွင် ၁၃၁၃-ခုနှစ်မှ ၁၃၂၀-ပြည့်နှစ် အထိ နေထိုင်ခဲ့သည်။၁၃၁၉-ခုနှစ်မှာပင်၊ ယောဂီဟောင်းများ စုပေါင်း၍ စာအုပ်အဖြစ်သို့ရောက်အောင်ဆောင်ရွက်ကြသည်။

နောက်စစ်ကိုင်းတောင်ရိုးသို့ ရောက်သည့်အခါ စစ်ကိုင်းမြို့ အတုလဝတီစာပုံနှိပ်တိုက်ရှင် ပဋ္ဌမကျော်ဦးကျော်မြင့်က ဒုတိယ အကြိမ်ကိုးပမ်းပြန်ရာ အထမမြောက်ဘဲ ဆောင်ရွက်နေဆဲမှာ ပင် ပဋ္ဌမကျော်ဦးကျော်မြင့် ကွယ်လွန်အနိစ္စရောက်သဖြင့် အထ မမြောက်ခဲ့။

ယခုနှစ် ဝါဆိုလပြည့်ကျော် (၁၂)ရက်နေ့တွင် ရန်ကုန်မြို့၊ စာပေလောက ဦးခင်ညွန့်နှင့် ဦးဘဝင်းတို့ ဆရာတော်ထံသို့ ရောက်လာကြပြီး ဤဆဆက္ကသုတ္တန် မြန်မာပြန်ကို ရိုက်နှိပ်လို ကြောင်း လျှောက်ထားကြသည်။ ဤမြန်မာပြန်စာအုပ်ကို လို လားကြသော ရဟန်းတော်များနှင့် လူယောဂီများကလည်း မကြာခဏတောင်းဆိုကြသောကြောင့် ရန်ကုန်မြို့စာပေလောက ဦးခင်ညွန့်အား မိမိအလိုရှိသလိုအသုံးပြုနိုင်ရန် ဆရာတော်ခွင့်ပြု လိုက်သည်။

၁၃၃၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့် **ရွှေစေတီဆရာတော်**

ဆဆက္ကသုတ္တန်ပါဠိတော်

အဇ္ဈတ္တိက နိဒါန်း

ဧဝံ မေ သုတံ-ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ “ဘိက္ခဝေါ”တိ၊ “ဘဒ္ဒန္တေ”တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ၊ ဘဂဝါ ဧတဒဝေါစ—

ဥဒ္ဒေသဝါရကို ပြဆိုသောအခန်း

ဓမ္မံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ သာတ္ထံ သဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေဿာမိ၊ ယဒိဒံ ဆဆက္ကာနိ၊ တံ သုဏာထ သာဓုကံ မနသိကရောထ၊ ဘာသိဿာမီ”တိ။ “ဧဝံဘန္တေ”တိ ခေါ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။ ဘဂဝါ ဧတဒဝေါစ—

(က) ဆ အဇ္ဈတ္တိကာနိ အာယတနာနိ ဝေဒိတဗ္ဗာနိ၊
(ခ) ဆ ဗာဟိရာနိ အာယတနာနိ ဝေဒိတဗ္ဗာနိ၊
(ဂ) ဆ ဝိညာဏကာယာ ဝေဒိတဗ္ဗာ၊
(ဃ) ဆ ဖဿကာယာ ဝေဒိတဗ္ဗာ၊
(င) ဆ ဝေဒနာကာယာ ဝေဒိတဗ္ဗာ၊
(စ) ဆ တဏှာကာယာ ဝေဒိတဗ္ဗာ။ ။

၃၆-ပါးသောတရားတို့ကိုဝေဘန်သောအခဏ်း

အတွင်းအာယတန ခြောက်ပါး

"ဆ အဇ္ဈတ္တိကာနိ အာယတနာနိ ဝေဒိတဗ္ဗာနိ"ဣတိ ခေါ ပနေတံ ဝုတ္တံ၊ ကိဉ္စေတံ ပဋိစ္စ ဝုတ္တံ။

(၁) စက္ခာယတနံ
(၂) သောတာယတနံ
(၃) ဃာနာယတနံ
(၄) ဇိဝှါယတနံ
(၅) ကာယာယတနံ
(၆) မနာယတနံ

"ဆ အဇ္ဈတ္တိကာနိ အာယတနာနိ ဝေဒိတဗ္ဗာနိ"တိ ဣတိ ယံ တံဝုတ္တံ၊ ဣဒမေတံ ပဋိစ္စ ဝုတ္တံ၊ ဣဒံ ပဌမံ ဆက္ကံ။

အပြင်အာယတန ခြောက်ပါး

"ဆ ဗာဟိရာနိ အာယတနာနိ ဝေဒိတဗ္ဗာနိ"ဣတိ ခေါ ပနေတံ ဝုတ္တံ၊ ကိဉ္စေတံ ပဋိစ္စ ဝုတ္တံ။

(၁) ရူပါယတနံ
(၂) သဒ္ဒါယတနံ
(၃) ဂန္ဓာယတနံ
(၄) ရသာယတနံ
(၅) ဖောဋ္ဌဗ္ဗာယတနံ
(၆) ဓမ္မာယတနံ

"ဆ ဗာဟိရာနိ အာယတနာနိ ဝေဒိတဗ္ဗာနိ"တိ ဣတိ ယံ ပနေတံ ဝုတ္တံ၊ ဣဒမေတံ ပဋိစ္စ ဝုတ္တံ၊ ဣဒံ ဒုတိယံ ဆက္ကံ။ ။

ဝိညာဏ် ခြောက်ပါး

"ဆ ဝိညာဏကာယာ ဝေဒိတဗ္ဗာ"တိ ဣတိ ခေါ ပနေတံ ဝုတ္တံ၊ ကိဉ္စေတံ ပဋိစ္စ ဝုတ္တံ။

(၁) စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊
(၂) သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတ ဝိညာဏံ၊
(၃) ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာန ဝိညာဏံ။
(၄) ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိဇိဝှါဝိညာဏံ၊
(၅) ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယ ဝိညာဏံ။

(၆) မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ။

"ဆ ဝိညာဏကာယာ ဝေဒိတဗ္ဗာ" တိ ဣတိ ယံ တံ ဝုတ္တံ၊ ဣဒမေတံ ပဋိစ္စ ဝုတ္တံ။ ဣဒံ တတိယံ ဆက္ကံ။ ။

ဖဿ ခြောက်ပါး

"ဆ ဖဿကာယာ ဝေဒိတဗ္ဗာ"တိ ဣတိ ခေါ ပနေတံ ဝုတ္တံ၊ ကိဉ္စေတံ ပဋိစ္စ ဝုတ္တံ။

(၁) စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော၊

(၂) သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော၊

(၃) ဃာနဉ္စ ပဋိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော၊

(၄) ဇိဝှဉ္စ ပဋိစ္စ ရသေ စ ဥပ္ပဇ္ဇတိ ဇိဝှါ ဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော၊

(၅) ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယ ဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော၊

(၆) မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနော ဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော။

"ဆ ဖဿကာယာ ဝေဒိတဗ္ဗာ"တိ ဣတိ ယံ တံ ဝုတ္တံ၊ ဣဒမေတံ ပဋိစ္စ ဝုတ္တံ၊ ဣဒံ စတုတ္ထံ ဆက္ကံ။ ။

ဝေဒနာခြောက်ပါး

"ဆ ဝေဒနာကာယာဝေဒိတဗ္ဗာ"တိ ဣတိ ခေါ ပနေတံ ဝုတ္တံ၊ ကိဉ္စေတံ ပဋိစ္စ ဝုတ္တံ။

(၁) စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ၊

သို့စားတွေ့မှုဇိဝှာသမ္ဖဿ၏အသစ်သစ် ဖြစ်ပေါ်ပြီးလျှင်ပျောက်ကွယ်မှုပေါ်လွင်ထင်ရှားလေသောကြောင့် မသင့်တင့်မလျော်ပတ်သည်သာတည်း။အမှန်အားဖြင့်ကား၊စားတွေ့မှုဇိဝှာသမ္ဖဿ၏အသစ်အသစ်ဖြစ်ပေါ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ ထိုစားတွေ့မှု ဇိဝှါသမ္ဖဿ၏ သစ်အသစ် ဖြစ်ပေါ်မှု, ပျောက်ကွယ်မှု, ပေါ်လွင်ထင်ရှားလေသောကြောင့် စားတွေ့မှုဇိဝှါသမ္ဖဿကို မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်းဟု ပြောဆိုခဲ့ပါလျှင် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်သည် အသစ်အသစ်လဲ ဖြစ်ပေါ်လေရာ၏။ အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်လဲပျောက်ကွယ်သောရာ၏ ဟု ဆိုပြောဆိုသူ၏ စကားသည် ဤသို့သောစကားအဓိပ္ပာယ် ယက်ဖရောက်ဘွယ်သည် ဖြစ်လေရာ၏။ ထိုသို့ ငါ၏မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်သည် အသစ်အသစ် ဖြစ်ပေါ်ခြင်း၊ အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်ခြင်း ပေါ်လွင်ထင်ရှားလေသောကြောင့် စားတွေ့မှုထိုဇိဝှါသမ္ဖဿသည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်းဟု အကြင်သူသည် ပြောဆိုငြားအံ့။ ထိုသူ၏ ထိုသို့ပြောဆိုခြင်းသည်မသင့်တင့်မလျော်ပတ်သည်သာတည်း။ဤသို့သောစကားအဓိပ္ပာယ်ကြောင့် ကြည်လင်သောလျှာရုပ်သည် မိမိအလိုအတိုင်းပြီးစေနိုင်သည့်အစိုးပိုင်သောအတ္တကောင်ငါကောင်

မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှသာ တည်း။ ချို,ချဉ်,ဖန်,ခါး, ငံ,ကောင်းဆိုး ရသာရုပ်အမျိုးမျိုးတို့ သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တ ကောင်, ငါကောင် မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှ သာတည်း။ စားသိမှု ဇိဝှါဝိညာဏ်စိတ်သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သောသဘောတရား မျှသာတည်း။ စားတွေ့မှု ဇိဝှါသမ္ဖဿသည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှ သာတည်း။

စားခံစားမှု၏အတ္တမှသုံးဆိတ်၍ အနတ္တထင်ပုံ။

(ဿ) စားတွေ့မှုကို ခံစားတတ်သော ဇိဝှါသမ္ဖဿဇာ ဝေဒနာသည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်းဟု အကြင်သူသည် ပြော ဆိုငြားအံ့။ ထိုသူ၏ ထိုသို့ပြောဆိုခြင်းသည် မသင့်တင့်မလျောက် ပတ်သည် သာတည်း။ အဘယ်ကြောင့် စားတွေ့မှုကို ခံစား တတ်သော ဇိဝှါသမ္ဖဿဇာ ဝေဒနာသည်မိမိအလိုအတိုင်း ပြီးစေ နိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်းဟု ပြောဆိုသော စကားသည် မသင့်တင့်မလျောက်ပတ်သနည်း ဟူ မူကား စားတွေ့မှုကို ခံစားတတ်သော ဇိဝှါသမ္ဖဿဇာဝေဒနာ၏ အသစ် အသစ်ဖြစ်ပေါ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ အသစ် အသစ်ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်မှုကလဲ ပေါ်လွင်ထင်

ရှား၏။ ထိုသို့စားတွေ့မှုကို ခံစားတတ်သော ဇိဝှါသမ္ဗဿဇာ ဝေဒနာ၏ အသစ်အသစ် ဖြစ်ပေါ်ပြီးလျှင် ပျောက်ကွယ်မှု ပေါ်လွင်ထင်ရှားလေသောကြောင့် မသင့်တင့် မပျောက်ပတ် သည်သာတည်း။ အမှန်အားဖြင့်ကား စားတွေ့မှုကို ခံစား တတ်သော ယင်းဇိဝှါသမ္ဗဿဇာဝေဒနာ၏ အသစ် အသစ် ဖြစ်ပေါ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ အသစ် အသစ်ဖြစ်ပေါ် ပြီးနောက် ပျောက်ကွယ်မှုကလဲပေါ်လွင်ထင်ရှား၏။ ထိုသို့စား တွေ့မှုကို ခံစားတတ်သော ဇိဝှါသမ္ဗဿဇာ ဝေဒနာ၏ ဖြစ် ပေါ်မှု, ပျောက်ကွယ်မှု ပေါ်လွင်ထင်ရှားလေသောကြောင့် စားတွေ့မှုကို ခံစားတတ်သော ထိုဇိဝှါသမ္ဗဿဇာ ဝေဒနာကို မိမိအလိုအတိုင်းပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်းပင်တည်းဟု ပြောဆိုခဲ့ပါလျှင် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်သည် အသစ် အသစ်ဖြစ်ပေါ်လေရာ၏။ အသစ် အသစ်ဖြစ်ပေါ်ပြီး နောက် ပျောက်လဲ ပျောက်ကွယ် လေရာ၏ဟု ထိုပြောဆိုသော သူ၏စကားသည် ဤသို့သော စကားအဓိပ္ပါယ်သက်ရောက်ဘွယ် သည် ဖြစ်လေရာ၏။ ထိုသို့ ငါ၏မိမိအလိုအတိုင်းပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်သည် အသစ်အသစ် ဖြစ်ပေါ်ခြင်း, အသစ်အသစ်ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ် ခြင်း ပေါ်လွင်ထင်ရှားလေသောကြောင့် စားတွေ့မှုကိုခံစား တတ်သော ဇိဝှါသမ္ဗဿဇာ ဝေဒနာသည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင် တည်းဟု အကြင်သူသည် ပြောဆိုငြားအံ့။ ထိုသူ၏ ထိုသို့ပြော

ဆိုခြင်းသည် မသင့်တင့်မလျောက်ပတ် သည်သာတည်း။ ဤသို့သောစကားအဓိပ္ပါယ်ကြောင့် ကြည်လင်သော လျှာရုပ်သည် မိမိအလိုအတိုင်းပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင် မဟုတ် သူ့အလိုအတိုင်းဖြစ်ပျက်သော သဘောတရားမျှသာတည်း။ ချို,ချဉ်,စပ်,ဖန်,ခါး,ငံ,ကောင်းဆိုး ရသာရုပ် အမျိုးမျိုးတို့သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ် သူ့ အလိုအတိုင်းဖြစ်ပျက်သော သဘောတရား မျှသာတည်း။ စားသိမှု ဇိဝှာဝိညာဏ်စိတ်သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သောအတ္တကောင်, ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှသာတည်း။ စားသိမှု ဇိဝှာသမ္ဖဿသည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင် ငါကောင်မဟုတ် သူ့အလိုအတိုင်းဖြစ်ပျက်သော သဘောတရားမျှသာတည်း။ စားတွေ့မှုကိုခံစားတတ်သော ဇိဝှာသမ္ဖဿဇာဝေဒနာသည် မိမိအလိုအတိုင်းပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင် ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှသာတည်း။

စားသာယာမှု၏ အတ္တမှုသုံးဆိတ်၍ အနတ္တထင်ပုံ။

(ဃူ) ချို, ချဉ်, စပ်, ဖန်, ခါး, ငံ, ကောင်းဆိုး ရသာရုပ် အမျိုးမျိုးတို့ကို သာယာမှု, လိုချင်မှု, နှစ်သက်မှု, တဏှာသည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း။ဤသို့အကြင်သူသည် ပြောဆိုငြားအံ့။ထိုသို့

ပြောဆိုခြင်းသည် မှသင့်တင့် မလျောက်ပတ် သည်သာတည်း။ အဘယ်ကြောင့် ရသာရုပ်တို့ကို သာယာမှု, လိုချင်မှု, နှစ်သက်မှု တဏှာသည်၊ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်းဟု ပြောဆိုသော စကားသည် မသင့်တင့် မလျောက်ပတ် သနည်း ဟူမူကား။ ရသာရုပ်တို့ကို သာယာမှု,လိုချင်မှု,နှစ်သက်မှု တဏှာ၏ အသစ်အသစ်ဖြစ်ပေါ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်မှုကလဲ ပေါ်လွင် ထင်ရှား၏။ ထိုသို့ ရသာရုပ်တို့ကို သာယာမှု,လိုချင်မှု,နှစ်သက်မှု တဏှာ၏ အသစ်အသစ် ဖြစ်ပေါ် ပြီးလျှင် ပျောက်ကွယ်မှု ပေါ်လွင် ထင်ရှားလေသောကြောင့် မသင့်တင့်မလျောက်ပတ်သည်သာတည်း။ အမှန်အားဖြင့်ကား။ ရသာရုပ် တို့ကို သာယာမှု,လိုချင်မှု,နှစ်သက်မှု ယင်းတဏှာ၏ အသစ်အသစ် ဖြစ်ပေါ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်မှုကလဲ ပေါ်လွင် ထင်ရှား၏။ ထိုသို့ ရသာရုပ်တို့ကို သာယာမှု,လိုချင်မှု,နှစ်သက်မှု တဏှာ၏ ဖြစ်ပေါ်မှု, ပျောက်ကွယ်မှု, ပေါ်လွင် ထင်ရှားလေသောကြောင့် ရသာရုပ်တို့ကို သာယာမှု, လိုချင်မှု, နှစ်သက်မှု ထိုတဏှာကို မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်းဟု ပြောဆိုခဲ့ပါလျှင် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်သည် အသစ်အသစ်ဖြစ်ပေါ်လေရာ၏။ အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်လဲ ပျောက်ကွယ် လေရာ၏ဟု ဤသို့ ထိုပြောဆိုသော သူ၏စကားသည် ဤသို့သောစကား အဓိပ္ပာယ်

သက်ရောက်ဘွယ်သည် ဖြစ်လေရာ၏။ ထိုသို့ငါ၏မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်သည် အသစ်အသစ် ဖြစ်ပေါ်ခြင်း။ အသစ်အသစ်ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်ခြင်း ပေါ်လွင် ထင်ရှားလေသောကြောင့် ရသာ ရုပ်တို့ကို သာယာမှု, လိုချင်မှု, နှစ်သက်မှု တဏှာသည် မိမိအလို အတိုင်းပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင် ပင်တည်းဟု အကြင်သူသည် ပြောဆိုငြားအံ့။ ထိုသို့ ပြောဆို ခြင်းသည် မသင့်တင့်မလျောက်ပတ်သည်သာတည်း။ ဤသို့သော စကား အဓိပ္ပာယ်ကြောင့် ကြည်လင်သော လျှာရုပ်သည် မိမိ အလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင် မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘော တရားမျှသာတည်း။ ချို, ချဉ်, စပ်, ဖန်, ခါး, ငံ, ကောင်းဆိုး ရသာရုပ် အမျိုးမျိုးတို့သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရား မျှသာတည်း။ စားသိမှု ဇိဝှါ ဝိညာဏ်စိတ်သည် မိမိအလိုအတိုင်းပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှသာတည်း။ စားတွေ့မှု ဇိဝှါသမ္ဖဿသည် မိမိ အလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင် မဟုတ် သူ့ အလိုအတိုင်း ဖြစ်ပျက်သော သဘော တရား မျှသာတည်း။ စားတွေ့မှုကို ခံစား တတ်သော ဇိဝှါ သမ္ဖဿဇာ ဝေဒနာသည် မိမိအလိုအတိုင်းပြီးစေနိုင်သည့် အစိုး ပိုင်သော အတ္တကောင်, ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်

ပျက်သော သဘောတရားမျှသာတည်း။ ချို၊ချဉ်၊စပ်၊ဖန်၊ခါး၊ငံ၊ ကောင်းဆိုး ရသာရုပ် အမျိုးမျိုး တို့ကို သာယာမှု၊ လိုချင်မှု၊ နှစ်သက်မှု တဏှာသည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်၊ ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘော တရားမျှသာတည်း။

ဤကား ဇိဝှါဒွါရ၌ အတ္တမှသုံးဆိတ်၍ အနတ္တသင်ပုံ ပြီး၏။

ကာယဒွါရ

ကိုယ်ရုပ်၏ အတ္တမှသုံးဆိတ်၍ အနတ္တထင်ပုံ။

(၄) ကြည်လင်သော ကိုယ်ရုပ် တို့သည် မိမိ အလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်၊ ငါကောင်ပင်တည်းဟု အကြင် သူသည် ပြောဆိုငြားအံ့။ ထိုသူ၏ ထိုသို့ ပြောဆိုခြင်းသည် မသင့်တင့် မလျောက်ပတ်သည် သာတည်း။ အဘယ်ကြောင့် ကြည်လင်သော ကိုယ်ရုပ်သည် မိမိ အလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သောအတ္တကောင်၊ ငါကောင်ပင်တည်းဟု ပြောဆိုသော စကားသည် မသင့်တင့် မလျောက်ပတ်သနည်း ဟူမူကား ကြည်လင်သော ကိုယ်ရုပ်၏ အသစ်အသစ် ဖြစ်ပေါ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ အသစ် အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ ထိုသို့ ကြည်လင်သော ကိုယ်ရုပ်၏ အသစ်သစ်ဖြစ်ပေါ်ပြီးလျှင်

ပျောက်ကွယ်မှု ပေါ်လွင် ထင်ရှားလေသောကြောင့် မသင့်တင့် မလျောက်ပတ်သည်သာတည်း။ အမှန်အားဖြင့်ကား ကြည်လင်သော ယင်းကိုယ်ရုပ်၏ အသစ်အသစ်ဖြစ်ပေါ်မှုကလဲ ပေါ်လွင် ထင်ရှား၏။ အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ ထိုသို့ ကြည်လင်သော ကိုယ်ရုပ်၏ အသစ်အသစ် ဖြစ်ပေါ်မှု ပျောက်ကွယ်မှု ပေါ်လွင် ထင်ရှား လေသောကြောင့် ကြည်လင်သော ကိုယ် ရုပ်ကို မိမိ အလို အတိုင်း ပြီးစေ နိုင်သည့် အစိုး ပိုင်သော အတ္တ ကောင်, ငါကောင် ပင်တည်းဟု ပြောဆိုခဲ့ ပါလျှင် ငါ၏ မိမိအလို အတိုင်း ပြီးစေ နိုင်သည့် အစိုး ပိုင်သော အတ္တ ကောင်, ငါကောင်သည် အသစ်အသစ် ဖြစ်ပေါ် လေရာ၏။ အသစ် အသစ် ဖြစ်ပေါ်ပြီးနောက် [illegible]လဲ ပျောက်ကွယ်လေရာ၏ဟု ဤသို့ ထိုသူ၏စကားသည် ဤသို့သော စကားအဓိပ္ပာယ် သက်ရောက်ဘွယ်သည် ဖြစ်လေရာ၏။ ထိုသို့ ငါ၏ မိမိအလို အတိုင်းပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင် သည် အသစ်အသစ် ဖြစ်ပေါ်ခြင်း အသစ်အသစ်ဖြစ်ပေါ်ပြီး နောက် ပျောက်ကွယ်ခြင်း ပေါ်လွင်ထင်ရှားလေသောကြောင့် ကြည်လင်သောကိုယ်ရုပ်သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင် ပင်တည်းဟု အကြင် သူသည် ပြောဆိုငြားအံ့။ ထိုသူ၏ထိုသို့ပြောဆိုခြင်းသည် မသင့် တင့် မလျောက်ပတ်သည်သာတည်း။ ဤသို့သော စကား အဓိပ္ပာယ်ကြောင့် ကြည်လင်သော ကိုယ်ရုပ်သည် မိမိအလို အတိုင်းပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်

မဟုတ် ဉ္ပူအလိုအတိုင်းဖြစ်ပျက်သော သဘောတရား မျှသာတည်း။

(ဖေါဋ္ဌဗ္ဗရုပ်၏ အတ္တမှုသုံးဆိတ်၍ အနတ္တထင်ပုံ။)

(ငါ) တွေ့မှု·ထိမှု ဖေါဋ္ဌဗ္ဗရုပ်အစုတို့သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်,ငါကောင်ပင်တည်းဟု အကြင်သူသည် ပြောဆိုငြားအံ့။ ထိုသူ၏ ထိုသို့ပြောဆိုခြင်းသည် မသင့်တင့် မလျောက်ပတ်သည် သာတည်း။ အဘယ်ကြောင့် အတွေ့အထိရုပ်တို့သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်းဟု ပြောဆိုသော စကားသည် မသင့်တင့် မလျောက်ပတ်သနည်းဟူမူကား။ တွေ့မှု,ထိမှု, ဖေါဋ္ဌဗ္ဗရုပ်အစုတို့၏ အသစ်အသစ် ဖြစ်ပေါ်မှုကလဲပေါ်လွင်ထင်ရှား၏။ အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်မှုကလဲ ပေါ်လွင် ထင်ရှား၏။ ထိုသို့အတွေ့အထိရုပ်တို့၏ အသစ်အသစ်ဖြစ်ပေါ်ပြီးလျှင် ပျောက်ကွယ်မှု ပေါ်လွင်ထင်ရှားလေသောကြောင့် မသင့်တင့် မလျောက်ပတ်သည်သာတည်း။ အမှန်အားဖြင့်ကား။ ယင်းအတွေ့အထိ ရုပ်တို့၏ အသစ်အသစ် ဖြစ်ပေါ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ ထိုသို့အတွေ့အထိရုပ်တို့၏ ဖြစ်ပေါ်မှု ပျောက်ကွယ်မှုပေါ်လွင် ထင်ရှားလေသောကြောင့် ထိုအထိအတွေ့ရုပ်ကို မိမိအလိုအတိုင်းပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်းဟု ပြောဆိုခဲ့ပါလျှင် ငါ၏မိမိအလိုအတိုင်း ပြီး

စေနိုင်သည့် အစိုးပိုင်သော အတ္တကောင်,ငါကောင်သည် အသစ် အသစ်ဖြစ်ပေါ်လေရာ၏။ အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်လဲ ပျောက်ကွယ်လေရာ၏ဟု ပြောဆိုသော ထိုသူ၏ စကားသည် ဤသို့သော စကားအဓိပ္ပာယ် သက်ရောက်ဘွယ် သည်ဖြစ်လေရာ၏။ ထိုသို့ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင် သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်သည် အသစ် အသစ် ဖြစ်ပေါ်ခြင်း။ အသစ် အသစ်ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်ခြင်းပေါ်လွင်ထင်ရှားလေသောကြောင့် တွေ့မှုထိမှု ဖေါဿဗ္ဗရုပ်အစုတို့သည်မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင် သော အတ္တကောင်,ငါကောင်ပင် တည်းဟု အကြင် သူသည် ပြောဆိုငြားအံ့။ ထိုသူ၏ ထိုသို့ပြောဆိုခြင်းသည် မသင့်တင့် မလျောက်ပတ်သည် သာတည်း။ ဤသို့သော စကား အဓိပ္ပာယ် ကြောင့် ကြည်လင်သော ကိုယ်ရုပ်သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရား မျှသာတည်း။ တွေ့မှု ထိမှု ဖေါဿဗ္ဗရုပ်အစုတို့သည် မိမိအလိုအတိုင်းပြီးစေနိုင် သည့် အစိုးပိုင်သော အတ္တကောင်,ငါကောင် မဟုတ် သူ့အလို အတိုင်း ဖြစ်ပျက်သော သဘောတရားမျှသာတည်း။

ထိသိမှု၏ အတ္တမှသုံးဆိတ်၍ အနတ္တထင်ပုံ။

(၆) ထိသိမှုကာယ ဝိညာဏ်စိတ်သည် မိမိအလိုအတိုင်း ပြီး စေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း ဟုအကြင်သူသည် ပြောဆိုငြားအံ့။ ထိုသူ၏ ထိုသို့ပြောဆိုခြင်း

သည်မသင့်တင့် မလျောက်ပတ် သည်သာတည်း။ အဘယ် ကြောင့် ထိုသိမှုကာယ ဝိညာဏ်စိတ်သည် မိမိ အလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင် တည်းဟု ပြောဆိုသော စကားသည် မသင့်တင့် မလျောက် ပတ်သနည်း ဟူမူကား။ ထိုသိမှုကာယဝိညာဏ်စိတ်၏ အသစ် အသစ်ဖြစ်ပေါ်မှုကလဲ ပေါ်လွင်ထင်ရှား၏။အသစ်အသစ် ဖြစ် ပေါ်ပြီးနောက် ပျောက်ကွယ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ထိုသို့ ထိုသိမှုကာယဝိညာဏ်စိတ်၏ အသစ်အသစ် ဖြစ်ပေါ်ပြီးလျှင် ပျောက်ကွယ်မှု ပေါ်လွင်ထင်ရှားလေသောကြောင့် မသင့်တင့် မလျောက်ပတ် သည်သာတည်း။ အမှန်အားဖြင့်ကား။ ထိုသိမှု ယင်း ကာယဝိညာဏ်စိတ်၏ အသစ်အသစ် ဖြစ်ပေါ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ အသစ်အသစ်ဖြစ်ပေါ်ပြီးနောက် ပျောက် ကွယ်မှုကလဲပေါ်လွင်ထင်ရှား၏။ ထိုသို့ ထိုသိမှု ကာယဝိညာဏ် စိတ်၏အသစ်အသစ်ဖြစ်ပေါ်မှု, ပျောက်ကွယ်မှု ပေါ်လွင် ထင် ရှားလေသောကြောင့် ထိုသိမှု ကာယဝိညာဏ်စိတ်ကို မိမိအလို အတိုင်းပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်,ငါကောင်ပင် တည်းဟု ပြောဆိုခဲ့ပါလျှင် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင် သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်သည် အသစ် အသစ် ဖြစ်ပေါ်လေရာ၏။ အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်လဲပျောက်ကွယ်လေရာ၏ဟု ဤသို့ ထိုပြောဆိုသောသူ၏ စကားသည် ဤသို့သော စကားအဓိပ္ပာယ် သက်ရောက်ဘွယ် သည် ဖြစ်လေရာ၏။ထိုသို့ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်သည် အသစ်အသစ်ဖြစ်

ပေါ်ခြင်း,အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်ခြင်း ပေါ်လွင်ထင်ရှားလေသောကြောင့် ထိသိမှု ကာယဝိညာဏ်စိတ်သည်မိမိအလိုအတိုင်း ပြီးစေနိုင်သည့်အစိုးပိုင်သော အတ္တကောင်ငါကောင်ပင်တည်းဟု အကြင်သူသည် ပြောဆိုငြားအံ့။ထိုသူ၏ ထိုသို့ ပြောဆိုခြင်းသည် မသင့်တင့် မလျောက်ပတ်သည် သာတည်း။ ဤသို့သော အကြောင်းအခါပွားကြောင့် ကြည်လင်သော ကိုယ်ရုပ်သည်မိမိအအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်,ငါကောင်မဟုတ်သူအလိုအတိုင်း ဖြစ်ပျက်သောသဘောတရားမျှသာတည်း။တွေ့မှုသိမှု ဖောဋ္ဌဗ္ဗရုပ်အစုတို့သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်,ငါကောင် မဟုတ် သူအလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှသာတည်း။ ထိသိမှု ကာယဝိညာဏ်စိတ်သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်,ငါကောင် မဟုတ်သူအလိုအတိုင်း ဖြစ်ပျက်သော သဘောတရား မျှသာတည်း။

ထိတွေ့မှု၏ အတ္တမှသုံးဆိတ်၍ အနတ္တထင်ပုံ။

(၆) ထိတွေ့မှု ကာယသမ္ဖဿသည် မိမိအလိုအတိုင်းပြီးစေနိုင်သည် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်းဟု အကြင်သူသည် ပြောဆိုငြားအံ့။ ထိုသူ၏ ထိုသို့ပြောဆိုခြင်းသည် မသင့်တင့် မလျောက်ပတ်သည် သာတည်း။ အဘယ်ကြောင့် ထိတွေ့မှုကာယသမ္ဖဿသည် မိမိ အလိုအတိုင်း ပြီးစေ

နိုင်သည့်အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်းဟု ပြောဆိုသော စကားသည် မသင့်တင့် မလျောက်ပတ်သနည်းဟူမူကား ထိတွေ့မှုကာယသမ္ဖဿ၏အသစ်အသစ်ဖြစ်ပေါ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ အသစ်အသစ်ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်မှုကလဲပေါ်လွင်ထင်ရှား၏။ ထိုသို့ထိတွေ့မှု ကာယသမ္ဖဿ၏ အသစ်အသစ် ဖြစ်ပေါ်ပြီးလျှင် ပျောက်ကွယ်မှု ပေါ်လွင်ထင်ရှားလေသောကြောင့်မသင့်တင့်မလျောက်ပတ်သည်သာတည်း။ အမှန်အားဖြင့်ကား။ ထိတွေ့မှု-ယင်းကာယသမ္ဖဿ၏ အသစ်အသစ်ဖြစ်ပေါ်မှုကလဲပေါ်လွင်ထင်ရှား၏။ အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်မှုကလဲ ပေါ်လွင် ထင်ရှား၏။ ထိုသို့ ထိတွေ့မှု ကာယသမ္ဖဿ၏ အသစ်အသစ် ဖြစ်ပေါ်မှု, ပျောက်ကွယ်မှု, ပေါ်လွင်ထင်ရှားလေသောကြောင့် ထိတွေ့မှု ထိုကာယသမ္ဖဿကို မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော ဒ.တ္တကောင်, ငါကောင်ပင်တည်းဟု ပြောဆိုခဲ့ပါလျှင် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်,ငါကောင်သည် အသစ်အသစ် ဖြစ်ပေါ်လေရာ၏။ အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်လဲ ပျောက်ကွယ်လေရာ၏ဟု ပြောဆိုသောသူ၏ စကားသည် ဤသို့သော စကားအဓိပ္ပါယ် သက်ရောက်ဘွယ်သည် ဖြစ်လေရာ၏။ ထိုသို့ ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်သည် အသစ်အသစ် ဖြစ်ပေါ်ခြင်း၊ အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်ခြင်း ပေါ်လွင် ထင်ရှားလေသောကြောင့် ထိတွေ့မှု ကာယသမ္ဖဿသည် မိမိအလိုအတိုင်း

ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင် တည်းဟု အကြင်သူသည် ပြောဆိုငြားအံ့။ ထိုသူ၏ ထိုသို့ ပြောဆိုခြင်းသည် မသင့်တင့်မလျောက်ပတ်သည် သာတည်း။ ဤသို့သော စကားအဓိပ္ပာယ်ကြောင့်ကြည်လင်သော ကိုယ်ရုပ် သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တ ကောင်, ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှသာတည်း။ တွေ့မှုထိမှု ဖောဋ္ဌဗ္ဗရုပ် အစုတို့သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘော တရားမျှသာတည်း။ ထိသိမှုကာယဝိညာဏ်စိတ်သည် မိမိအလို အတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါ ကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှ သာတည်း။ ထိတွေ့မှုကာယသမ္ဖဿသည် မိမိအလိုအတိုင်းပြီးစေ နိုင်သည့် အစိုးပိုင်သော အတ္တကောင်,ငါကောင်မဟုတ် သူ့အလို အတိုင်းဖြစ်ပျက်သော သဘောတရားမျှသာတည်း။

ထိတွေ့မှုကို ခံစားမှု၏အတ္တမှ သုံးဆိတ်၍ အနတ္တထင်ပုံ။

(၄) ထိတွေ့မှုကို ခံစားတတ်သော ကာယသမ္ဖဿဇာ ဝေ ဒနာသည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့်အစိုးပိုင်သော အတ္တ ကောင် ငါကောင်ပင်တည်းဟု အကြင်သူသည် ပြောဆိုငြားအံ့။ ထိုသူ၏ ထိုသို့ ပြောဆိုခြင်းသည် မသင့်တင့် မလျောက်ပတ် သည် သာတည်း။ အဘယ်ကြောင့်တွေ့ထိမှုကို ခံစားတတ်သော ကာယသမ္ဖဿဇာ ဝေဒနာသည် မိမိ အလိုအတိုင်းပြီးစေနိုင်

သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်းဟု ပြောဆိုသောစကားသည် မသင့်တင့် မလျောက်ပတ်သနည်း ဟူမူ ကား၊ တွေ့ထိမှုကို ခံစားခံတတ်သော ကာယသမ္ဖဿဇာ ဝေဒနာ၏ အသင်အသစ် ဖြစ်ပေါ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ ထိုသို့တွေ့ထိမှုကို ခံစားတတ်သော ကာယသမ္ဖဿဇာဝေဒနာ၏ အသစ်အသစ် ဖြစ်ပေါ်ပြီးလျှင် ပျောက်ကွယ်မှုပေါ်လွင်ထင်ရှားလေသောကြောင့် မသင့်တင့်မလျောက်ပတ်သည်သာတည်း။ အမှန်အားဖြင့်ကား။ တွေ့ထိမှုကို ခံစားတတ်သော ယင်းကာယသမ္ဖဿဇာ ဝေဒနာ၏အသစ်အသစ်ဖြစ်ပေါ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်မှုကလဲပေါ်လွင် ထင်ရှား၏။ ထိုသို့တွေ့ထိမှုကို ခံစားတတ်သော ကာယသမ္ဖဿဇာ ဝေဒနာ၏ ဖြစ်ပေါ်မှု ပျောက်ကွယ်မှု ပေါ်လွင်ထင်ရှားလေသောကြောင့် တွေ့ထိမှုကို ခံစားတတ်သော ထိုကာယသမ္ဖဿဇာ ဝေဒနာကို မိမိအလို အတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်းဟု ပြောဆိုခဲ့ပါလျှင် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်သည် အသစ်အသစ် ဖြစ်ပေါ်လေရာ၏။ အသစ် အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်လဲ ပျောက်ကွယ်လေရာ၏ ဟု ထိုပြောဆိုသောသူ၏ စကားသည် ဤသို့သော စကားအဓိပ္ပာယ် သက်ရောက်ဘွယ်သည် ဖြစ်လေရာ၏။ ထိုသို့ ငါ၏ မိမိ အလို အတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သောအတ္တကောင်, ငါကောင်

သည် အသစ်အသစ် ဖြစ်ပေါ်ခြင်း၊ အသစ် အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်ခြင်း ပေါ်လွင် ထင်ရှားလေသောကြောင့် တွေ့ထိမှုကို ခံစားတတ်သော ကာယသမ္ဖဿဇာ ဝေဒနာသည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်းဟု အကြင် သူသည် ပြောဆိုငြားအံ့။ ထိုသူ၏ ထိုသို့ ပြောဆိုခြင်းသည် မသင့်တင့်မလျောက်ပတ်သည် သာတည်း။ ဤသို့သော စကား အဓိပ္ပာယ်ကြောင့် ကြည်လင်သော ကိုယ်ရုပ်သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘော တရား မျှသာတည်း။ တွေ့မှု ထိမှု ဖောဋ္ဌဗ္ဗရုပ်အစုတို့သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှသာတည်း။ ထိသိမှု ကာယဝိညာဏ်စိတ်သည် မိမိ အလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှသာတည်း။ ထိတွေ့မှု ကာယသမ္ဖဿသည် မိမိ အလိုအတိုင်း ပြီးစေနိုင်သည့် အစိုး ပိုင်သော အတ္တကောင်, ငါကောင်မဟုတ် သူ့အလိုအတိုင်းဖြစ်ပျက်သော သဘောတရား မျှသာတည်း။ တွေ့ထိမှုကို ခံစားတတ်သော ကာယသမ္ဖဿဇာ ဝေဒနာသည် မိမိ အလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှသာတည်း။

အတွေ့အထိကို သာယာမှု၏ အတ္တမှ သုံးဆိတ်၍ အနတ္တ ထင်ပုံ။

(၄) အတွေ့အထိတို့ကိုသာယာမှု၊လိုချင်မှု၊နှစ်သက်မှုတဏှာသည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင် ပင်တည်းဟု အကြင် သူသည် ပြောဆိုငြားအံ့။ ထိုသူ၏ ထိုသို့ပြောဆိုခြင်းသည် မသင့်တင့် မလျောက်ပတ်သည် သာတည်း။ အဘယ်ကြောင့် အတွေ့အထိ ရုပ်တို့ကို သာယာမှု, လိုချင်မှု, နှစ်သက်မှု တဏှာသည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင် တည်းဟု ပြောဆိုသောစကားသည် မသင့်တင့် မလျောက်ပတ်သနည်း ဟူမူကား။ အတွေ့အထိရုပ်တို့ကို သာယာမှု, လိုချင်မှု, နှစ်သက်မှုတဏှာ၏ အသစ်အသစ် ဖြစ်ပေါ်မှုကလဲ ပေါ်လွင် ထင်ရှား၏။ အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်မှုကလဲ ပေါ်လွင် ထင်ရှား၏။ ထိုသို့ အတွေ့အထိ ရုပ်တို့ကို သာယာမှု, လိုချင်မှု, နှစ်သက်မှုတဏှာ၏ အသစ်အသစ်ဖြစ်ပေါ်ပြီးလျှင် ပျောက်ကွယ်မှု ပေါ်လွင် ထင်ရှားလေသောကြောင့် မသင့်တင့် မလျောက်ပတ်သည် သာတည်း။ အမှန်အားဖြင့်ကား၊ အတွေ့အထိရုပ်တို့ကို သာယာမှု, လိုချင်မှု, နှစ်သက်မှုယင်းတဏှာ၏ အသစ်သစ် ဖြစ်ပေါ်မှုကလဲ ပေါ်လွင်ထင်ရှား၏။အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ ထိုသို့အတွေ့အထိရုပ်တို့ကို သာယာမှု, လိုချင်မှု, နှစ်သက်မှုတဏှာ၏ အသစ်အသစ်ဖြစ်ပေါ်မှု,ပျောက်

ကွယ်မှု, ပေါ်လွင် ထင်ရှားလေသောကြောင့် အတွေ့အထိရုပ်တို့ကို သာယာမှု, လိုချင်မှု, နှစ်သက်မှု ထိုတဏှာကို မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင် တည်းဟု ပြောဆိုခဲ့ပါလျှင် ငါ၏မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်သည် အသစ်အသစ် ဖြစ်ပေါ်လေရာ၏။ အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်လဲ ပျောက်ကွယ်လေရာ၏ဟု ဤသို့ထိုပြောဆိုသောသူ၏ စကားသည် ဤသို့သော စကားအဓိပ္ပာယ် သက်ရောက်ဘွယ်သည် ဖြစ်လေရာ၏။ ထိုသို့ ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်သည် အသစ်အသစ် ဖြစ်ပေါ်ခြင်း အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်ခြင်း ပေါ်လွင်ထင်ရှားလေသောကြောင့် အတွေ့အထိရုပ်တို့ကို သာယာမှု, လိုချင်မှု, နှစ်သက်, တဏှာသည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်းဟု အကြင်သူသည်ပြောဆိုငြားအံ့။ ထိုသို့ပြောဆိုခြင်းသည် မသင့်တင့်မလျောက်ပတ်သည် သာတည်း။ ဤသို့သော စကား အဓိပ္ပာယ်ကြောင့် ကြည်လင်သော ကိုယ်ရုပ်သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှ သာတည်း။ တွေ့မှု-ထိမှု, ဖောဋ္ဌဗ္ဗရုပ်အစုတို့သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှ သာတည်း။ ထိသိမှု ကာယဝိညာဏ်စိတ်သည်

မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရား မျှသာတည်း။ ထိတွေ့မှု ကာယသမ္ဖဿသည် မိမိ အလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရား မျှသာတည်း။ ထိတွေ့မှုကို ခံစားတတ်သော ကာယသမ္ဖဿဇာဝေဒနာသည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ် သူ့အလိုအတိုင်းဖြစ်ပျက်သော သဘောတရား မျှသာတည်း။ အတွေ့အထိရုပ်တို့ကိုသာယာမှု့,လိုချင်မှု,နှစ်သက်မှု တဏှာသည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှသာတည်း။

ဤကား ကာယဒွါရ၌အတ္တမှုသုံးဆိတ်၍ အနတ္တထင်ပုံ ပြီး၏။

မနောဒွါရ

နှလုံးရုပ်ကိုမှီသောစိတ်၏ အတ္တမှသုံးဆိတ်၍ အနတ္တထင်ပုံ။

(၈) "ကြည်လင်သော နှလုံးရုပ်ကိုမှီသော စိတ်သည် မိမိ အလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း"ဟု အကြင်သူသည်ပြောဆိုငြားအံ့။ ထိုသူ၏ ထိုသို့ ပြောဆိုခြင်းသည် မသင့်တင့် မလျောက်ပတ် သည်သာ

တည်း။ အဘယ်ကြောင့် ကြည်လင်သော နှလုံးရုပ်ကို မှီသော စိတ်သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တ ကောင်, ငါကောင် ပင်တည်းဟု ပြောဆိုသော စကားသည် မသင့်တင့် မလျောက်ပတ်သနည်း ဟူမူကား၊ ကြည်လင်သော နှလုံး ရုပ်ကို မှီသော စိတ်၏ အသစ်အသစ် ဖြစ်ပေါ်မှုကာလ ပေါ်လွင် ထင်ရှား၏။ အသစ်အသစ် ဖြစ်ပေါ် ပြီးနောက် ပျောက်ကွယ်မှုကာလ ပေါ်လွင် ထင်ရှား၏၊ ထိုသို့ ကြည်လင် သော နှလုံးရုပ်ကိုမှီသောစိတ်၏ အသစ်အသစ်ဖြစ်ပေါ်ပြီးလျှင် ပျောက်ကွယ်မှု ပေါ်လွင်ထင်ရှားလေသောကြောင့် မသင့်တင့် မလျောက်ပတ်သည်သာတည်း။ အမှန်အားဖြင့်ကား။ ကြည်လင် သော နှလုံးရုပ်ကို မှီသောယင်းစိတ်၏ အသစ်အသစ် ဖြစ်ပေါ် မှုကာလ ပေါ်လွင်ထင်ရှား၏။ အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်မှုကာလ ပေါ်လွင် ထင်ရှား၏။ ထိုသို့ ဟဒယဝတ္ထု ရုပ်ကိုမှီသော ကြည်လင်သော စိတ်မနော၏ အသစ်အသစ်ဖြစ် ပေါ်မှု, ပျောက်ကွယ်မှု, ပေါ်လွင် ထင်ရှားလေသောကြောင့် “ဟဒယ ဝတ္ထုရုပ်ကို မှီသော ကြည်လင်သော ထိုစိတ်မနောကို မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း”ဟု ပြောဆိုခဲ့ပါလျှင် “ငါ၏ မိမိအလို အတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်,ငါကောင် သည် အသစ်အသစ်ဖြစ်ပေါ်လေရာ၏။ အသစ်အသစ် ဖြစ်ပေါ် ပြီးနောက် ပျောက်လဲပျောက်ကွယ်လေရာ၏”ဟု ဤသို့ထိုသူ၏ စကားသည် ဤသို့သောစကားအဓိပ္ပာယ် သက်ရောက်ဘွယ်သည် ဖြစ်လေရာ၏။ ထိုသို့ ငါ၏မိမိအလိုအတိုင်း ပြီးစေနိုင်သည့်အစိုး

ပိုင်သော အတ္တကောင်, ငါကောင်သည် အသစ်အသစ်ဖြစ်ပေါ် ခြင်း၊ အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်ခြင်း ပေါ်လွင် ထင်ရှား လေသောကြောင့် "ဟဒယ ဝတ္ထုရုပ်ကို မှီသော ကြည်လင်သောစိတ်မနောသည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း"ဟု အကြင်သူသည် ပြောဆိုငြားအံ့။ထိုသူ၏ ထိုသို့ပြောဆိုခြင်းသည် မသင့်တင့် မလျောက်ပတ်သည်သာတည်း။ ဤသို့သော စကား အဓိပ္ပာယ်ကြောင့် ဟဒယဝတ္ထုရုပ်ကို မှီသော ကြည်လင်သော စိတ်မနောသည် မိမိ အလိုအတိုင်း ပြီးစေနိုင်သည့်အစိုးပိုင် သော အတ္တကောင်, ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ် ပျက်သော သဘောတရားမျှသာတည်း။

သဘောဓမ္မာရုံတို့၏ အတ္တမှသုံးဆိတ်၍ အနတ္တထင်ပုံ။

(စ၁) "စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု, ဆင်ခြင်မှု, ရှုမှတ်မှု,သဘောဓမ္မာရုံတို့သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း"ဟု အကြင် သူသည်ပြောဆိုငြားအံ့။ ထိုသူ၏ ထိုသို့ပြောဆိုခြင်းသည် မသင့် တင့်မလျောက်ပတ်သည်သာတည်း။ အဘယ်ကြောင့် "စဉ်းစား မှု,ကြံစည်မှု, တွေးတောမှု, ဆင်ခြင်မှု, ရှုမှတ်မှု သဘောဓမ္မာရုံ တို့သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည် အစိုးပိုင်သော အတ္တ ကောင်, ငါကောင်ပင်တည်း"ဟု ပြောဆိုသော စကားသည် မသင့်တင့်မလျောက်ပတ်သနည်းဟူမူကား။ စဉ်းစားမှု,ကြံစည်မှု, တွေးတောမှု, ဆင်ခြင်မှု, ရှုမှတ်မှု သဘောဓမ္မာရုံတို့၏ အသစ်

အသစ် ဖြစ်ပေါ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်မှုကလဲ ပေါ်လွင် ထင်ရှား၏။ ထိုသို့ စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု, ဆင်ခြင်မှု, ရှုမှတ်မှု သဘောဓမ္မာရုံတို့၏ အသစ်သစ်ဖြစ်ပေါ်ပြီးလျှင် ပျောက်ကွယ်မှု ပေါ်လွင် ထင်ရှားလေသောကြောင့် မသင့်တင့်မလျောက်ပတ်သည်သာတည်း။ အမှန်အားဖြင့်ကား၊ စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု,ဆင်ခြင်မှု,ရှုမှတ်မှု ယင်းသဘော ဓမ္မာရုံ၏ အသစ်အသစ် ဖြစ်ပေါ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ ထိုသို့ စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု, ဆင်ခြင်မှု, ရှုမှတ်မှု သဘောဓမ္မာရုံ၏ သစ်အသစ် ဖြစ်ပေါ်မှု, ပျောက်ကွယ်မှု ပေါ်လွင် ထင်ရှားလေသောကြောင့် "စဉ်းစားမှု,ကြံစည်မှု,တွေးတောမှု,ဆင်ခြင်မှု,ရှုမှတ်မှု သဘောဓမ္မာရုံကို မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း" ဟု ပြောဆို ခဲ့ပါလျှင် "ငါ၏ မိမိ အလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်သည် အသစ်အသစ်လဲ ဖြစ်ပေါ်လေရာ၏။ အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်လဲပျောက်ကွယ်လေရာ၏" ဟု ထိုသူ၏စကားသည် ဤသို့သော စကားအဓိပ္ပာယ် သက်ရောက်ဘွယ်သည် ဖြစ်လေရာ၏။ ထိုသို့ ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်သည် အသစ်အသစ် ဖြစ်ပေါ်ခြင်း၊ ပျောက်ကွယ်ခြင်း ပေါ်လွင် ထင်ရှားလေသောကြောင့် "စဉ်းစားမှု, ကြံစည်မှု,တွေးတောမှု,ဆင်ခြင်မှု,ရှုမှတ်မှု သဘောဓမ္မာရုံတို့သည်

မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း”ဟုအကြင်သူသည် ပြောဆိုငြားအံ့။ထိုသူ၏ ထိုသို့ ပြောဆိုခြင်းသည် မသင့်တင့် မလျောက်ပတ်သည်သာ တည်း။ ဤသို့သော စကားအဓိပ္ပာယ်ကြောင့် ကြည်လင်သော ဟဒယဝတ္ထုရုပ်ကိုမှီသော စိတ်သည် မိမိအလိုအတိုင်း ပြီးစေနိုင် သည့်အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ် သူ့အလို အတိုင်းဖြစ်ပျက်သော သဘောတရားမျှသာတည်း။ စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု, ဆင်ခြင်မှု, ရှုမှတ်မှု သဘော ဓမ္မာရုံ တို့သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တ ကောင်, ငါကောင် မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှ သာတည်း။

ကြံသိမှု၏ အတ္တမှသုံးဆိတ်၍ အနတ္တထင်ပုံ။

(စ) “ကြံသိမှု မနောဝိညာဏ်စိတ်သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင် တည်း”ဟု အကြင်သူသည် ပြောဆိုငြားအံ့။ ထိုသူ၏ထိုသို့ပြောဆို ခြင်းသည် မသင့်တင့်မလျောက်ပတ်သည် သာတည်း။ အဘယ် ကြောင့် “ကြံသိမှု မနောဝိညာဏ်စိတ်သည် မိမိအလိုအတိုင်း ပြီး စေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း” ဟု ပြောဆိုသော စကားသည် မသင့်တင့်မလျောက်ပတ်သနည်း ဟူမူကား။ ကြံသိမှုမနောဝိညာဏ်စိတ်၏ အသစ် အသစ် ဖြစ် ပေါ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ အသစ်အသစ် ဖြစ်ပေါ်ပြီး နောက် ပျောက်ကွယ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ ထိုသို့

ကြံသိမှု မနောဝိညာဏ်စိတ်၏ အသစ်အသစ် ဖြစ်ပေါ်ပြီးလျှင် ပျောက်ကွယ်မှု ပေါ်လွင်ထင်ရှားလေသောကြောင့် မသင့်တင့် မလျောက်ပတ်သည်သာတည်း။ အမှန်အားဖြင့်ကား။ ကြံသိမှု ယင်းမနောဝိညာဏ်စိတ်၏ အသစ်အသစ်ဖြစ်ပေါ်မှုကလဲ ပေါ် လွင်ထင်ရှား၏။ အသစ် အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက် ကွယ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ ထိုသို့ ကြံသိမှုမနောဝိညာဏ် စိတ်၏ အသစ်အသစ် ဖြစ်ပေါ်မှု, ပျောက်ကွယ်မှု ပေါ်လွင် ထင်ရှားလေသောကြောင့် "ကြံသိမှု ထိုမနောဝိညာဏ်စိတ်ကို မိမိအလိုအတိုင်းပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း"ဟုပြောဆိုခဲ့ပါလျှင် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်သည် အသစ် အသစ်ဖြစ်ပေါ်လေရာ၏။ အသစ်အသစ်ဖြစ်ပေါ်ပြီး နောက် ပျောက်လဲ ပျောက်ကွယ် လေရာ၏ဟု ဆိုပြောဆိုသော သူ၏စကားသည် ဤသို့သော စကားအခိုပ်ပါယ်သက်ရောက်ဘွယ် သည် ဖြစ်လေရာ၏။ ထိုသို့ ငါ၏မိမိအလိုအတိုင်းပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်သည် အသစ်အသစ် ဖြစ်ပေါ်ခြင်း, အသစ်အသစ်ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ် ခြင်း ပေါ်လွင် ထင်ရှားလေသောကြောင့် "ကြံသိမှု မနော ဝိညာဏ်စိတ်သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင် သော အတ္တကောင်, ငါကောင်ပင်တည်း"ဟု အကြင်သူသည် ပြောဆိုငြားအံ့။ ထိုသူ၏ ထိုသို့ပြောဆိုခြင်းသည် မသင့်တင့် မလျောက်ပတ် သည်သာတည်း။ ဤသို့သော စကားအဓိပ္ပါယ် ကြောင့် (မနောအကြည်သည်ပါ) ကြည်လင်သော ဟဒယ

ဝတ္ထုရုပ်ကိုမှီသော စိတ်သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင် မဟုတ် သူ့အလို အတိုင်း ဖြစ်ပျက်သော သဘောတရားမျှသာတည်း။ စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု, ဆင်ခြင်မှု, ရှုမှတ်မှု, သဘောဓမ္မာရုံ တို့သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ် သူ့ အလိုအတိုင်း ဖြစ်ပျက်သော သ ဘော တ ရား မျှ သာတည်း။ ကြံသိမှုမနောဝိညာဏ်စိတ်သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သောအတ္တကောင်, ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှသာတည်း။

ကြံတွေ့မှု၏ အတ္တမှသုံးဆိတ်၍ အနတ္တထင်ပုံ။

(စီ) "ကြံတွေ့မှု မနောသမ္ဖဿသည် မိမိ အလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း"ဟု အကြင် သူသည် ပြောဆိုငြားအံ့။ ထိုသူ၏ ထိုသို့ ပြောဆိုခြင်းသည် မှသင့်တင့် မလျောက်ပတ်သည် သာတည်း။ အဘယ်ကြောင့် "ကြံတွေ့မှု မနောသမ္ဖဿသည် မိမိ အလို အတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သောအတ္တကောင်, ငါကောင် ပင်တည်း"ဟု ပြောဆိုသော စကားသည် မသင့်တင့် မလျောက်ပတ်သနည်း ဟူမူကား။ ကြံတွေ့မှု မနောသမ္ဖဿ၏ အသစ်အသစ် ဖြစ်ပေါ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ အသစ် အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ ထိုသို့ ကြည်လင်သော ကိုယ်ရုပ်၏ အသစ်သစ်ဖြစ်ပေါ်ပြီးလျှင်

ပျောက်ကွယ်မှု ပေါ်လွင် ထင်ရှားလေသောကြောင့် မသင့်တင့် မလျောက်ပတ်သည်သာတည်း။ အမှန်အားဖြင့်ကား ကြုံတွေ့မှု ယင်းမနောသမ္ဖဿ၏ အသစ်အသစ်ဖြစ်ပေါ်မှုကလဲ ပေါ်လွင် ထင်ရှား၏။ အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်မှု ကလဲ ပေါ်လွင်ထင်ရှား၏။ ထိုသို့ ကြုံတွေ့မှုမနောသမ္ဖဿ၏ အသစ်အသစ် ဖြစ်ပေါ်မှု ပျောက်ကွယ်မှု ပေါ်လွင် ထင်ရှား လေသောကြောင့် ကြုံတွေ့မှု ထိုမနောသမ္ဖဿကို မိမိ အလို အတိုင်း ပြီးစေ နိုင်သည့် အစိုး ပိုင်သော အတ္တကောင်, ငါကောင် ပင်တည်းဟု ပြောဆိုခဲ့ ပါလျှင် ငါ၏ မိမိအလို အတိုင်း ပြီးစေ နိုင်သည့် အစိုး ပိုင်သော အတ္တကောင်, ငါကောင်သည် အသစ်အသစ် ဖြစ်ပေါ် လေရာ၏။ အသစ် အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်လဲ ပျောက်ကွယ်လေရာ၏ ထိုပြောဆိုသောသူ၏ စကားသည် ဤသို့သော စကားအဓိပ္ပာယ် သက်ရောက်ဘွယ်သည် ဖြစ်လေရာ၏။ ထိုသို့ ငါ၏ မိမိအလို အတိုင်းပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင် သည် အသစ်အသစ် ဖြစ်ပေါ်ခြင်း အသစ်အသစ် ဖြစ်ပေါ်ပြီး နောက် ပျောက်ကွယ်ခြင်း ပေါ်လွင်ထင်ရှားလေသောကြောင့် ကြုံတွေ့မှုမနောသမ္ဖဿသည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင် ပင်တည်းဟု အကြင် သူသည် ပြောဆိုငြားအံ့။ ထိုသူ၏ထိုသို့ပြောဆိုခြင်းသည် မသင့် တင့် မလျောက်ပတ်သည်သာတည်း။ ဤသို့သော စကား အဓိပ္ပာယ်ကြောင့် (မနောအကြည်) ဝါ၊ ကြည်လင်သော ဟဒယဝတ္ထုရုပ်ကိုမှီသော စိတ်သည် မိမိအလိုအတိုင်းပြီးစေနိုင်

သည့် အစိုးပိုင်သောအတ္တကောင်, ငါကောင်မဟုတ် သူ့အလို အတိုင်းဖြစ်ပျက်သော သဘောတရားမျှသာတည်း။ စဉ်းစားမှု, ကြံစည်မှု,တွေးတောမှု,ဆင်ခြင်မှု,ရှုမှတ်မှု သဘောဓမ္မာရုံတို့သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင် ငါကောင်မဟုတ် သူ့အလိုအတိုင်းဖြစ်ပျက်သော သဘောတရား မျှသာတည်း။ ကြံသိမှု မနောဝိညာဏ်စိတ်သည် မိမိအလို အတိုင်းပြီးစေနိုင်သည့်အစိုးပိုင်သော အတ္တကောင် ငါကောင် မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှသာ တည်း။ ကြံတွေ့မှု မနောသမ္ဖဿသည် မိမိအလိုအတိုင်းပြီးစေ နိုင်သည့် အစိုးပိုင်သော အတ္တကောင်,ငါကောင်မဟုတ် သူ့အလို အတိုင်း ဖြစ်ပျက်သော သဘောတရားမျှသာတည်း။

အာရုံသဘောတွေ့မှု၏ အတ္တမှသုံးဆိတ်၍ အနတ္တထင်ပုံ

(စု)"စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု, ဆင်ခြင်မှု,ရှုမှတ်မှု အာရုံသဘော အတွေ့များကို ခံစားတတ်သော မနောသမ္ဖဿ ဇာ ဝေဒနာသည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင် သော အတ္တကောင်,ငါကောင်ပင်တည်း"ဟု အကြင်သူသည် ပြောဆိုငြားအံ့။ ထိုသူ၏ ထိုသို့ ပြောဆိုခြင်းသည် မသင့်တင့် မလျောက်ပတ် သည်သာတည်း။ အဘယ်ကြောင့် စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု,ဆင်ခြင်မှု,ရှုမှတ်မှု,အာရုံသဘောအတွေ့ များကို ခံစားတတ်သော မနောသမ္ဖဿဇာ ဝေဒနာသည် မိမိ အလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော"အတ္တကောင်, ငါ ကောင်ပင်တည်းဟု ပြောဆိုသော စကားသည် မသင့်တင့်

မလျော့ကပ်ပတ် သနည်း ဟူမူကား။ စဉ်းစားမှု, ကြံစည်မှု,တွေး တောမှု, ဆင်ခြင်မှု, ရှုမှတ်မှု, အာရုံသဘောအတွေ့များကို ခံစား တတ်သော မနောသမ္ဘဿဇာ ဝေဒနာ၏ အသစ်အသစ်ဖြစ်ပေါ် မှုကလဲ ပေါ်လွင်ထင်ရှား၏။အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်မှုကလဲ ပေါ်လွင် ထင်ရှား၏။ ထိုသို့ စဉ်းစားမှု, ကြံစည်မှု,တွေးတောမှု,ဆင်ခြင်မှု,ရှုမှတ်မှု,အာရုံသဘော အတွေ့ များကို ခံစားတတ်သော မနောသမ္ဘဿဇာ ဝေဒနာ၏ အသစ် အသစ် ဖြစ်ပေါ်ပြီးလျှင် ပျောက်ကွယ်မှု ပေါ်လွင် ထင်ရှား လေသောကြောင့် မသင့်တင့် မလျော့ကပ်ပတ်သည်သာတည်း။ အမှန်အားဖြင့်ကား။ စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု, ဆင် ခြင်မှု, ရှုမှတ်မှု, အာရုံသဘောအတွေ့များကို ခံစားတတ်သော ယင်းမနောသမ္ဘဿဇာဝေဒနာ၏ အသစ်အသစ်ဖြစ်ပေါ်မှုကလဲ ပေါ်လွင်ထင်ရှား၏။အသစ်အသစ်ဖြစ်ပေါ်ပြီးနောက် ပျောက် ကွယ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ ထိုသို့ စဉ်းစားမှု, ကြံစည်မှု တွေးတောမှု, ဆင်ခြင်မှု, ရှုမှတ်မှု အာရုံသဘော အတွေ့များကို ခံစားတတ်သော မနောသမ္ဘဿဇာ ဝေဒနာ၏ အသစ်အသစ် ဖြစ်ပေါ်မှု, ပျောက်ကွယ်မှု, ပေါ်လွင် ထင်ရှားလေသော ကြောင့် စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု, ဆင်ခြင်မှု, ရှုမှတ် မှု အာရုံသဘော အတွေ့များကို ခံစားတတ်သော ထို မနော- သမ္ဘဿဇာ ဝေဒနာကို မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုး ပိုင်သော အတ္တကောင်, ငါကောင်ပင်တည်းဟု ပြောဆိုခဲ့ပါ လျှင် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်သည် အသစ် အသစ် ဖြစ် ပေါ်

လေရာ၏။ အသစ်အသစ် ဖြစ်ပေါ်ပြီးနောက် ပျောက်လဲ ပျောက်ကွယ်လေရာ၏ဟု ထိုပြောဆိုသော သူ၏စကားသည် ဤသို့သော စကား အဓိပ္ပာယ်သက်ရောက်ဘွယ်သည် ဖြစ်လေရာ၏။ ထိုသို့ ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်သည် အသစ်အသစ် ဖြစ်ပေါ်ခြင်း။ ပျောက်ကွယ်ခြင်း၊ပေါ်လွင်ထင်ရှားလေသောကြောင့် စဉ်းစားမှု,ကြံစည်မှု, တွေးတောမှု, ဆင်ခြင်မှု, ရှုမှတ်မှု အာရုံသဘော အတွေ့များကို ခံစားတတ်သော မနောသမ္ဖဿဇာ ဝေဒနာသည် မိမိအလိုအတိုင်းပြီးစေနိုင်သည့်အစိုးပိုင်သော အတ္တကောင် ငါကောင်ပင်တည်းဟု အကြှင်သူသည် ပြောဆိုငြားအံ့။ ထိုသူ၏ ထိုသို့ ပြောဆိုခြင်းသည် မသင့်တင့် မလျောက်ပတ်သည်သာတည်း။ ဤသို့သောစကား အဓိပ္ပာယ်ကြောင့် (မနောအကြည်သည်-ဝါ) ကြည်လင်သော နှလုံးရုပ်ကိုမှီသော စိတ်သည် မိမိအလိုအတိုင်းပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်,ငါကောင် မဟုတ် သူ့ အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှသာတည်း။စဉ်းစားမှု,ကြံစည်မှု,တွေးတောမှု,ဆင်ခြင်မှု ရှုမှတ်မှု,သဘောဓမ္မာရုံတို့သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်,ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရား မျှသာတည်း။ ကြံသိမှု မနောဝိညာဏ်စိတ်သည် မိမိအလိုအတိုင်းပြီးစေနိုင်သည့်အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှသာတည်း။ ကြံတွေ့မှု မနောသမ္ဖဿသည် မိမိအလိုအတိုင်းပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါ

ကောင် မဟုတ်သူ့ အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှသာတည်း။ စဉ်းစားမှု, ကြံစည်မှု,တွေးတောမှု, ဆင်ခြင်မှု, ရှုမှတ်မှု အာရုံသဘောများကို ခံစားတတ်သော မနောသမ္ဖဿဇာ ဝေဒနာသည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘော တရားမျှသာတည်း။

လိုချင်မှု နှစ်သက်မှု၏ အတ္တမှသုံးဆိတ်၍ အနတ္တထင်ပုံ။

(စူ) "စဉ်းစားမှု,ကြံစည်မှု,တွေးတောမှု,ဆင်ခြင်မှု,ရှုမှတ်မှု အာရုံ သဘော အစုစုတို့ကို သာယာမှု, လိုချင်မှု, နှစ်သက်မှု တဏှာသည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်,ငါကောင်ပင်တည်း"ဟု အကြင်သူသည် ပြောဆိုငြားအံ့။ ထိုသူ၏ ထိုသို့ပြောဆိုခြင်းသည် မသင့်တင့် မလျောက်ပတ်သည်သာတည်း။ အဘယ်ကြောင့် စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု, ဆင်ခြင်မှု, ရှုမှတ်မှု အာရုံ သဘော အစုစုတို့ကို သာယာမှု,လိုချင်မှု,နှစ်သက်မှု တဏှာသည် မိမိအလိုအတိုင်းပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်,ငါကောင်ပင်တည်းဟူ၍ ပြောဆိုသော စကားသည် မသင့်တင့် မလျောက်ပတ် သနည်းဟူမူကား။ စဉ်းစားမှု,ကြံစည်မှု,တွေးတောမှု,ဆင်ခြင်မှု,ရှုမှတ်မှု အာရုံ သဘော အစုစုတို့ကို သာယာမှု, လိုချင်မှု, နှစ်သက်မှု တဏှာ၏အသစ်အသစ် ဖြစ်ပေါ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ အသစ်အသစ်ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ထိုသို့ စဉ်းစားမှု,ကြံစည်မှု, တွေးတောမှု, ဆင်ခြင်မှု,

ရှူမှတ်မှု အာရုံသဘောအစုစုတို့ကို သာယာမှု၊ လိုချင်မှု၊ နှစ်သက်မှု တဏှာ၏ အသစ် အသစ် ဖြစ်ပေါ် ပြီးလျှင် ပျောက်ကွယ်မှု ပေါ်လွင် ထင်ရှားလေသောကြောင့် မသင့်တင့်မလျောက်ပတ် သည်သာတည်း။ အမှန်အားဖြင့်ကား၊ စဉ်းစားမှု၊ ကြံစည်မှု၊ တွေးတောမှု၊ ဆင်ခြင်မှု၊ ရှူမှတ်မှု အာရုံ သဘော အစုစုတို့ကို သာယာမှု၊ လိုချင်မှု၊ နှစ်သက်မှု ယင်း တဏှာ၏ အသစ်အသစ် ဖြစ်ပေါ်မှုကလဲ ပေါ်လွင်ထင်ရှား၏။ အသစ်အသစ် ဖြစ်ပေါ် ပြီးနောက် ပျောက်ကွယ်မှုကလဲ ပေါ်လွင် ထင်ရှား၏။ ထိုသို့ စဉ်းစားမှု၊ ကြံစည်မှု၊ တွေးတောမှု၊ ဆင်ခြင်မှု၊ ရှူမှတ်မှု အာရုံ သဘောအစုစုတို့ကို သာယာမှု၊ လိုချင်မှု၊ နှစ်သက်မှု တဏှာ၏ အသစ်အသစ်ဖြစ်ပေါ်မှု ပျောက်ကွယ်မှု ပေါ်လွင် ထင်ရှား လေသောကြောင့် စဉ်းစားမှု၊ ကြံစည်မှု၊ တွေးတောမှု၊ ဆင်ခြင်မှု၊ ရှူမှတ်မှု အာရုံသဘော အစုစုတို့ကို သာယာမှု၊ လိုချင်မှု၊ နှစ်သက်မှု ထိုတဏှာကို မိမိ အလိုအတိုင်း ပြီးစေ နိုင်သည့် အစိုးပိုင်သော အတ္တကောင်၊ ငါကောင် ပင်တည်း ဟု ပြောဆိုခဲ့ပါလျှင် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုး ပိုင်သော အတ္တကောင်၊ ငါကောင်သည် အသစ် အသစ် ဖြစ်ပေါ်လေရာ၏။ အသစ်အသစ်ဖြစ်ပေါ်ပြီးနောက် ပျောက်လဲ ပျောက်ကွယ် လေရာ၏ဟု ထိုပြောဆိုသော သူ၏ စကားသည် ဤသို့သော စကား အဓိပ္ပာယ် သက်ရောက်ဘွယ်သည် ဖြစ်လေ ရာ၏။ ထိုသို့ ငါ၏ မိမိ အလိုအတိုင်း ပြီးစေနိုင်သည့် အစိုး ပိုင်သော အတ္တကောင်၊ ငါကောင်သည် အသစ်အသစ် ဖြစ် ပေါ်ခြင်း၊ အသစ်အသစ်ဖြစ်ပေါ်ပြီးနောက် ပျောက်ကွယ်ခြင်း

ပေါလွင်ထင်ရှားလေသောကြောင့် စဉ်းစားမှု၊ ကြံစည်မှု၊ တွေးတောမှု၊ဆင်ခြင်မှု၊ရှုမှတ်မှု အာရုံသဘော အစုစုတို့ကို သာယာမှု၊ လိုချင်မှု၊နှစ်သက်မှုတဏှာသည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်၊ ငါကောင်ပင်တည်းဟု အကြင်သူတည် ပြောဆိုငြားအံ့။ ထိုသူ၏ ထိုသို့ပြောဆိုခြင်းသည်မသင့်တင့်မလျော်ကပ်သည် သာတည်း။ ဤသို့သော စကားအမိပ္ပာယ်ကြောင့် (မနော အကြည်သည်-ဝါ) ကြည်လင်သော နှလုံးရုပ်ကိုမှီသောစိတ်သည် မိမိအလိုအတိုင်းပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်၊ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သောသဘောတရားမျှသာတည်း။ စဉ်းစားမှု၊ ကြံစည်မှု၊ တွေးတောမှု၊ဆင်ခြင်မှု၊ ရှုမှတ်မှု သဘောဓမ္မာရုံတို့သည် မိမိအလိုအတိုင်းပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်၊ ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှသာတည်း။ ကြံသိမှုမနောဝိညာဏ်စိတ်သည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်၊ ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှ သာတည်း။ ကြံတွေ့မှု မနောသမ္ဖဿသည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်၊ ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှသာတည်း။ စဉ်းစားမှု၊ ကြံစည်မှု၊ တွေးတောမှု၊ ဆင်ခြင်မှု၊ ရှုမှတ်မှု၊ အာရုံ သဘောများကို ခံစားတတ်သော မနောသမ္ဖဿဇာ ဝေဒနာသည် မိမိအလိုအတိုင်းပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်၊ ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှသာ

တည်း။ စဉ်းစားမှု,ကြံစည်မှု, တွေးတောမှု,ဆင်ခြင်မှု, ရှုမှတ်မှု အာရုံ သဘောအစုစုတို့ကို သာယာမှု, လိုချင်မှု, နှစ်သက်မှု တဏှာသည် မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်,ငါကောင်မဟုတ် သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှသာတည်း။

ဤကား မနောဒွါရအတွက် အတ္တမှသုံးဆိတ်၍ အနတ္တထင်ပုံပြီး၏။

စက္ခုဒွါရအတွက် သက္ကာယဒိဋ္ဌိဖြစ်ပွားပုံနှင့် ဂါဟတရားသုံးပါးတို့၏ ပွားစီးပုံကို ပြဆိုသောအခန်း။

(က) အို—ရဟန်းတို့။ ဤဆိုလတ္တံ့သည်ကား သက္ကာယဒိဋ္ဌိတရား ပွားစီးကြောင်းသို့ ရောက်စေတတ်သော အကျင့်ပေတည်း။

(၁) ကြည်လင်သော မျက်စိရုပ်ကို ''ကြည်လင်သော ဤမျက်စိရုပ်သည်ကား ငါပိုင်ဥစ္စာပေတည်း။ ကြည်လင်သောဤမျက်စိရုပ်သည် ငါပင်တည်း။ ကြည်လင်သော ဤမျက်စိရုပ်သည် ငါ၏မိမိအလိုအတိုင်း ပြီးစေနိုင်သည့်အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း'' ဟု မှားသောအားဖြင့် သိမြင်၏။

(၂) အဆင်းရုပ်တို့ကို ''ဤအဆင်းသည်ကား ငါပိုင်ဥစ္စာပေတည်း ။ဤအဆင်းရုပ်သည် ငါပင်တည်း။ ဤအဆင်း

ရုပ်သည် ငါ၏မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သောအတ္တကောင်, ငါကောင်ပင်တည်း''ဟု မှားသောအားဖြင့်သိမြင်၏။

(၃) မြင်သိမှုစက္ခု ဝိညာဏ်စိတ်ကို''မြင်သိမှုဤစက္ခုဝိညာဏ်စိတ်သည်ကား ငါပိုင်ဥစ္စာပင်တည်း။ မြင်သိမှု ဤစက္ခုဝိညာဏ် စိတ်သည် ငါပင်တည်း၊ မြင်သိမှု ဤစက္ခုဝိညာဏ်စိတ်သည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သောအတ္တကောင်, ငါကောင်ပင်တည်း''ဟုမှားသောအားဖြင့် သိမြင်၏။

(၄) မြင်တွေ့မှု စက္ခုသမ္ဖဿကို''မြင်တွေ့မှု ဤစက္ခု သမ္ဖဿသည်ကား ငါပိုင် ဥစ္စာတည်း။ မြင်တွေ့မှု ဤစက္ခုသမ္ဖဿသည် ငါပင်တည်း။ မြင်တွေ့မှု ဤစက္ခုသမ္ဖဿသည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း''ဟု မှားသောအားဖြင့် သိမြင်၏။

(၅) မြင်တွေ့မှုကို ခံစားတတ်သော စက္ခုသမ္ဖဿဇာ ဝေဒနာကို''မြင်တွေ့မှုကို ခံစားတတ်သော ဤစက္ခု သမ္ဖဿဇာ ဝေဒနာသည်ကား ငါပိုင် ဥစ္စာပင်တည်း။ မြင်တွေ့မှုကို ခံစားတတ်သော ဤစက္ခုသမ္ဖဿဇာဝေဒနာသည် ငါပင်တည်း။ မြင်တွေ့မှုကို ခံစားတတ်သော ဤစက္ခုသမ္ဖဿဇာ ဝေဒနာသည် ငါ၏ မိမိအလိုအတိုင်းပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း''ဟုမှားသောအားဖြင့် သိမြင်၏။

(၆) အဆင်းရုပ်ကို သာယာမှု, လိုချင်မှု တဏှာကို "အဆင်းရုပ်ကို သာယာမှု, လိုချင်မှု ဤတဏှာသည်ကား ငါပိုင်ဥစ္စာပင်တည်း။ အဆင်းရုပ်ကို သာယာမှု, လိုချင်မှု ဤတဏှာသည် ငါပင်တည်း။ အဆင်းရုပ်ကို သာယာမှု, လိုချင်မှု ဤတဏှာသည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း" ဟု မှားသောအားဖြင့် သိမြင်၏။

သောတဒွါရအတွက် သက္ကာယဒိဋ္ဌိ ဖြစ်ပွားပုံနှင့် ဂါဟတရားသုံးပါးတို့၏ ပွားစီးပုံကိုပြဆိုသော အခဏ်း။

(၁) ကြည်လင်သော နားရုပ်ကို "ကြည်လင်သော ဤနားရုပ်သည်ကား ငါပိုင် ဥစ္စာပေတည်း။ ကြည်လင်သော ဤနားရုပ်သည် ငါပင်တည်း။ ကြည်လင်သောဤနားရုပ်သည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း" ဟု မှားသောအားဖြင့် သိမြင်၏။

(၂) အသံရုပ်တို့ကို "ဤအသံရုပ်သည်ကား ငါပိုင်ဥစ္စာပေတည်း။ ဤအသံရုပ်သည် ငါပင်တည်း။ ဤအသံရုပ်သည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း" ဟု မှားသောအားဖြင့် သိမြင်၏။

(၃) ကြားသိမှု သောတ ဝိညာဏ်စိတ်ကို "ကြားသိမှုဤသောတဝိညာဏ်စိတ်သည်ကား ငါပိုင်ဥစ္စာပေတည်း။ ကြားသိ

မှုကြီသောတဝိညာဏ်စိတ်သည်ငါပေင်တည်း။ ကြားသိမှုကြီသောတ ဝိညာဏ်စိတ်သည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်,ငါကောင်ပင်တည်း”ဟု မှားသောအားဖြင့် သိမြင်၏။

(၄) ကြားတွေ့မှု သောတသမ္ဖဿကို“ကြားတွေ့မှု ကြီသောတသမ္ဖဿသည်ကား ငါပိုင် ဥစ္စာပေတည်း။ ကြားတွေ့မှုကြီသောတ သမ္ဖဿသည် ငါပေင်တည်း။ ကြားတွေ့မှုကြီသောတ သမ္ဖဿသည် ငါ၏မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း”ဟု မှားသောအားဖြင့် သိမြင်၏။

(၅) ကြားတွေ့မှု သောတသမ္ဖဿကြောင့် ဖြစ်သော ကြားခံစားမှု သောတသမ္ဖဿဇာဝေဒနာကို “ကြားတွေ့မှုကို ခံစားတတ်သော ကြီသောတ သမ္ဖဿဇာဝေဒနာသည်ကား ငါပိုင်ဥစ္စာပေတည်း။ ကြားတွေ့မှုကို ခံစားတတ်သော ကြီသောတသမ္ဖဿဇာ ဝေဒနာသည် ငါပေင်တည်း။ ကြားတွေ့မှုကို ခံစားတတ်သော ကြီသောတသမ္ဖဿဇာဝေဒနာသည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း”ဟု မှားသောအားဖြင့် သိမြင်၏။

(၆) အသံရုပ်ကို သာယာမှု, လိုချင်မှုတဏှာကို “အသံရုပ်ကို သာယာမှု, လိုချင်မှု ကြီတဏှာသည်ကား ငါပိုင်ဥစ္စာပေတည်း။ အသံရုပ်ကို သာယာမှု, လိုချင်မှု ကြီတဏှာသည် ငါပေင်တည်း။ အသံရုပ်ကို သာယာမှု, လိုချင်မှု

ဤတဏှာသည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း”ဟု မှားသောအားဖြင့် သိမြင်၏။

ဃာနဒွါရအတွက် သက္ကာယဒိဋ္ဌိ ဖြစ်ပွားပုံနှင့်

ဂါဟတရားသုံးပါးတို့၏ ပွားစီးပုံကိုပြဆိုသော အခန်း။

(၁) ကြည်လင်သော နှာခေါင်းရုပ်ကို “ကြည်လင်သော ဤနှာခေါင်းရုပ်သည်ကား ငါပိုင်ဥစ္စာပင်တည်း။ ကြည်လင်သော ဤနှာခေါင်းရုပ်သည် ငါပင်တည်း။ ကြည်လင်သော နှာခေါင်းရုပ်သည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း”ဟု မှားသောအားဖြင့် သိမြင်၏။

(၂) အနံ့ရုပ်တို့ကို “ဤအနံ့ရုပ်သည်ကား ငါပိုင်ဥစ္စာပင်တည်း။ ဤအနံ့ရုပ်သည် ငါပင်တည်း၊ ဤအနံ့ရုပ်သည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း”ဟု မှားသောအားဖြင့် သိမြင်၏။

(၃) နံ့သိမှုဃာနဝိညာဏ်စိတ်ကို “နံ့သိမှုဃာနဝိညာဏ် စိတ်သည်ကား ငါပိုင် ဥစ္စာပင်တည်း။ နံ့သိမှု ဤဃာနဝိညာဏ် စိတ်သည် ငါပင်တည်း။ နံ့သိမှု ဤဃာနဝိညာဏ်စိတ်သည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်

သည့် အစိုးပိုင်သောအတ္တကောင်, ငါကောင်ပင်တည်း” ဟု မှားသောအားဖြင့် သိမြင်၏။

(၄) နံ့တွေ့မှု ဃာနသမ္ဖဿကို “နံ့တွေ့မှု ဤဃာနသမ္ဖဿသည်ကား ငါပိုင် ဥစ္စာပင်တည်း။ နံ့တွေ့မှု ဤဃာနသမ္ဖဿသည် ငါပင်တည်း။ နံ့တွေ့မှု ဤဃာနသမ္ဖဿသည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်,ငါကောင်ပင်တည်း”ဟု မှားသောအားဖြင့် သိမြင်၏။

(၅) နံ့တွေ့မှုကို ခံစားတတ်သော ဃာနသမ္ဖဿဇာ ဝေဒနာကို “နံ့တွေ့မှုကို ခံစားတတ်သော ဤဃာန သမ္ဖဿဇာ ဝေဒနာသည်ကား ငါပိုင်ဥစ္စာပင်တည်း။ နံ့တွေ့မှုကို ခံစားတတ်သော ဤဃာန သမ္ဖဿဇာ ဝေဒနာသည် ငါပင်တည်း။ နံ့တွေ့မှုကို ခံစားတတ်သော ဤ ဃာနသမ္ဖဿဇာ ဝေဒနာသည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်းဟု မှားသောအားဖြင့် သိမြင်၏။

(၆) အနံ့ရုပ်ကို သာယာမှု, လိုချင်မှုတဏှာကို “အနံ့ရုပ်ကို သာယာမှု, လိုချင်မှု, ဤတဏှာသည်ကား ငါပိုင်ဥစ္စာပင်တည်း။ အနံ့ရုပ်ကို သာယာမှု, လိုချင်မှု ဤတဏှာသည် ငါပင်တည်း။ အနံ့ရုပ်ကို သာယာမှု, လိုချင်မှု ဤတဏှာသည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့်

အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း” ဟု မှားသောအားဖြင့် သိမြင်၏။

ဇိဝှာဒွါရအတွက် သက္ကာယဒိဋ္ဌိဖြစ်ပွားပုံနှင့် ဂါဟတရားသုံးပါးတို့၏ ပွားစီးပုံကို ပြဆိုသောအခန်း။

(၁) ကြည်လင်သောလျှာရုပ်ကို “ကြည်လင်သော ဤလျှာရုပ်သည်ကား ငါပိုင် ဥစ္စာပေတည်း၊ ကြည်လင်သော ဤလျှာရုပ်သည် ငါပင်တည်း၊ ကြည်လင်သော ဤလျှာရုပ်သည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း၊” ဟု မှားသောအားဖြင့် သိမြင်၏။

(၂) အရသာရုပ်တို့ကို “ဤအရသာ ရုပ်သည်ကား ငါပိုင် ဥစ္စာပေတည်း။ ဤ အရသာရုပ်သည် ငါပင်တည်း၊ ဤ အရသာရုပ်သည် ငါ၏မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း” ဟု မှားသောအားဖြင့် သိမြင်၏။

(၃) စားသိမှု ဇိဝှာဝိညာဏ်စိတ်ကို “စားသိမှုဤဇိဝှာဝိညာဏ် စိတ်သည်ကား ငါပိုင် ဥစ္စာပေတည်း၊ စားသိမှု ဤဇိဝှာ ဝိညာဏ်စိတ်သည်ငါပင်တည်း၊ စားသိမှုဤဇိဝှာဝိညာဏ် စိတ်သည် ငါ၏မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုး ပိုင်သော အတ္တကောင်. ငါကောင်ပင်တည်း” ဟု မှားသောအားဖြင့် သိမြင်၏။

(၄) စားတွေ့မှု ဇိဝှာသမ္ဖဿကို "စားတွေ့မှု ဤဇိဝှာသမ္ဖဿ သည်ကား ငါပိုင်ဥစ္စာပေတည်း၊ စားတွေ့မှု ဤဇိဝှာ သမ္ဖဿသည် ငါပင်တည်း၊ စားတွေ့မှု ဤဇိဝှာသမ္ဖဿ သည်ငါ၏မိမိအလိုအတိုင်းပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း"ဟုမှားသောအားဖြင့် သိမြင်၏။

(၅) စားတွေ့မှုကို ခံစားတတ်သော ဇိဝှာသမ္ဖဿဇာဝေဒနာ ကို "စားတွေ့မှုကို ခံစားတတ်သော ဤဇိဝှာသမ္ဖဿဇာ ဝေဒနာသည်ကား ငါပိုင်ဥစ္စာပေတည်း၊ စားတွေ့မှုကို ခံစားတတ်သော ဤဇိဝှာသမ္ဖဿဇာ ဝေဒနာသည် ငါပင်တည်း။ စားတွေ့မှုကို ခံစားတတ်သော ဤဇိဝှာ သမ္ဖဿဇာဝေဒနာသည် ငါ၏မိမိအလိုအတိုင်း ပြီးစေ နိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင် ပင် တည်း" ဟု မှားသောအားဖြင့် သိမြင်၏။

(၆) အရသာရုပ်တို့ကို သာယာမှု,လိုချင်မှုတဏှာကို "အရသာ ရုပ်တို့ကို သာယာမှု, လိုချင်မှု ဤတဏှာသည်ကား ငါပိုင်ဥစ္စာပေတည်း။ အရသာရုပ်တို့ကို သာယာမှု, လို ချင်မှု ဤတဏှာသည် ငါပင်တည်း၊ အရသာရုပ်တို့ကို သာယာမှု, လိုချင်မှု ဤတဏှာသည် ငါ၏ မိမိအလိုတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင် ပင်တည်း"ဟု မှားသောအားဖြင့် သိမြင်၏။

ကာယဒွါရအတွက် သက္ကာယဒိဋ္ဌိ ဖြစ်ပွားပုံနှင့်

ဂါထာတရားသုံးပါးတို့၏ ပွားစီးပုံကို ပြဆိုသောအခဏ်း။

(၁) ကြည်လင်သော ကိုယ်ရုပ်ကို "ကြည်လင်သော ဤကိုယ်ရုပ်သည်ကား ငါပိုင် ဥစ္စာပေတည်း။ ကြည်လင်သော ဤကိုယ်ရုပ်သည် ငါပေတည်း။ ကြည်လင်သော ဤကိုယ်ရုပ်သည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင် ပင်တည်း" ဟု မှားသောအားဖြင့် သိမြင်၏။

(၂) အတွေ့အထိ ရုပ်တို့ကို "ဤအတွေ့အထိ ရုပ်သည်ကား ငါပိုင် ဥစ္စာပေတည်း။ ဤအတွေ့အထိရုပ်သည် ငါပင်တည်း။ ဤအတွေ့အထိရုပ်သည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင် ပင်တည်း"ဟု မှားသောအားဖြင့်သိမြင်၏။

(၃) ထိသိမှု ကာယဝိညာဏ် စိတ်ကို"ထိသိမှု, ဤကာယဝိညာဏ်စိတ်သည်ကား ငါပိုင်ဥစ္စာပင်တည်း။ ထိသိမှု ဤကာယဝိညာဏ် စိတ်သည် ငါပင်တည်း။ ထိသိမှု ဤကာယဝိညာဏ် စိတ်သည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း"ဟုမှားသောအားဖြင့်သိမြင်၏။

(၄) ထိတွေ့မှု ကာယသမ္ဖဿကို "ထိတွေ့မှု ဤကာယသမ္ဖဿသည်ကား ငါပိုင်ဥစ္စာပင်တည်း။ ထိတွေ့မှု ဤကာယ

သမ္ဖဿသည် ငါပင်တည်း။ ထိတွေ့မှု ဤကာယသမ္ဖဿသည် ငါ၏ မိမိ အလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင့် ငါကောင်ပင်တည်း”ဟု မှားသောအားဖြင့်သိမြင်၏။

(၅) ထိတွေ့မှုကိုခံစားတတ်သော ကာယသမ္ဖဿဇာဝေဒနာကို “ထိတွေ့မှုကို ခံစား တတ်သော ဤ ကာယသမ္ဖဿဇာဝေဒနာသည်ကား ငါပိုင် ဥစ္စာပင်တည်း။ ထိတွေ့မှုကို ခံစား တတ်သော ဤကာယသမ္ဖဿဇာ ဝေဒနာသည် ငါပင်တည်း။ ထိတွေ့မှုကိုခံစားတတ်သော ဤကာယသမ္ဖဿဇာဝေဒနာသည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင့် ငါကောင်ပင်တည်း”ဟု မှားသောအားဖြင့်သိမြင်၏။

(၆) အတွေ့အထိရုပ်တို့ကို သာယာမှု, လိုချင်မှု တဏှာကို “အတွေ့အထိရုပ်တို့ကို သာယာမှု, လိုချင်မှု, ဤတဏှာသည်ကား ငါပိုင် ဥစ္စာပင်တည်း။ အတွေ့အထိရုပ်တို့ကို သာယာမှု,လိုချင်မှု,ဤဘဏှာသည်ငါပင်တည်း။အတွေ့အထိရုပ်တို့ကိုသာယာမှု,လိုချင်မှုဤဘဏှာသည်ငါ၏မိမိအလိုအတိုင်းပြီးစေနိုင်သည့်အစိုးပိုင်သော အတ္တကောင့်, ငါကောင်ပင်တည်း” ဟု မှားသောအားဖြင့် သိမြင်၏။

မနောဒွါရအတွက် သက္ကာယဒိဋ္ဌိ ဖြစ်ပွားပုံနှင့် ဂါဟတရားသုံးပါးတို့၏ပွားစီးပုံကိုပြဆိုသောအခန်း။

(၁) မနောအကြည်ကို၊ ဝါ၊ ကြည်လင်သော ဟဒယဝတ္ထုရုပ်ကိုမှီသောစိတ်ကို"ကြည်လင်သော ဟဒယဝတ္ထုရုပ်ကိုမှီသော ဤစိတ်ကား ငါပိုင်ဥစ္စာပင်တည်း။ ကြည်လင်သော ဟဒယဝတ္ထုရုပ်ကို မှီသော ဤစိတ်သည် ငါပင်တည်း။ ကြည်လင်သော ဟဒယဝတ္ထုရုပ်ကိုမှီသော ဤစိတ်သည် ငါ၏မိမိအလိုအတိုင်း ပြီးစေနိုင်သည့်အစိုးပိုင်သောအတ္တကောင်, ငါကောင်ပင်တည်း" ဟု မှားသောအားဖြင့်သိမြင်၏။

(၂) စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု, ရှုမှတ်မှု သဘောဓမ္မာရုံတို့ကို"စဉ်းစားမှု, ကြံစည်မှု,တွေးတောမှု,ရှုမှတ်မှု ဤသဘောဓမ္မာရုံကားငါပိုင်ဥစ္စာပင်တည်း။စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု, ရှုမှတ်မှု ဤသဘောဓမ္မာရုံသည် ငါပင်တည်း။ စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု, ရှုမှတ်မှု ဤသဘောဓမ္မာရုံသည် ငါ၏ မိမိအလိုအတိုင်းပြီးစေနိုင်သည့် အစိုးပိုင်သောအတ္တကောင်, ငါကောင်ပင်တည်း"ဟု မှားသောအားဖြင့်သိမြင်၏။

(၃) ကြံသိမှုမနောဝိညာဏ်စိတ်ကို"ကြံသိမှုဤမနောဝိညာဏ်စိတ်သည်ကား ငါပိုင်ဥစ္စာပင်တည်း။ ကြံသိမှု ဤမနောဝိညာဏ် စိတ်သည် ငါပင်တည်း။ ကြံသိမှု ဤမနော-

ဝိညာဏ်စိတ်သည် ငါ၏မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း” ဟု မှားသောအားဖြင့် သိမြင်၏။

(၄) ကြုံတွေ့မှု မနောသမ္ဖဿကို“ကြုံတွေ့မှု ဤမနောသမ္ဖဿသည်ကား ငါပိုင်ဥစ္စာပင်တည်း။ ကြုံတွေ့မှု ဤမနောသမ္ဖဿသည် ငါပင်တည်း။ ကြုံတွေ့မှု ဤမနောသမ္ဖဿသည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်ပင်တည်း” ဟု မှားသောအားဖြင့် သိမြင်၏။

(၅) စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု, ရှုမှတ်မှု အာရုံသဘောအတွေ့များကို ခံစားတတ်သော မနောသမ္ဖဿဇာဝေဒနာကို“စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု, ရှုမှတ်မှု အာရုံသဘောအတွေ့များကို ခံစားတတ်သော ဤမနောသမ္ဖဿဇာ ဝေဒနာသည်ကား ငါပိုင်ဥစ္စာပင်တည်း။ စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု, ရှုမှတ်မှု အာရုံသဘောအတွေ့များကိုခံစားတတ်သော ဤမနောသမ္ဖဿဇာဝေဒနာသည် ငါပင်တည်း။ စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု, ရှုမှတ်မှု အာရုံသဘော အတွေ့များကို ခံစားတတ်သော ဤမနောသမ္ဖဿဇာဝေဒနာသည် ငါ၏မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သောအတ္တကောင်, ငါကောင်ပင်တည်း”ဟု မှားသောအားဖြင့် သိမြင်၏။

(၆) စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု, ရှုမှတ်မှု အာရုံ သဘော အစုစုတို့ကို သာယာမှု, လိုချင်မှု, တဏှာကို "စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု, ရှုမှတ်မှု အာရုံ သဘောအစုစုတို့ကို သာယာမှု လိုချင်မှု ဤတဏှာသည် ကား ငါပိုင် ဥစ္စာပင်တည်း၊ စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု,ရှုမှတ်မှု အာရုံသဘော အစုစုတို့ကို သာ ယာမှု, လိုချင်မှု ဤတဏှာသည် ငါပင်တည်း။ စဉ်းစား မှု ကြံစည်မှု, တွေးတောမှု, ရှုမှတ်မှု, အာရုံ သဘော အစုစုတို့ကို သာယာမှု, လိုချင်မှု, ဤတဏှာသည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်,ငါကောင်ပင်တည်း"ဟုမှားသောအားဖြင့် သိမြင်၏။

တဏှာမာနဒိဋ္ဌိဟုဆိုအပ်သော ဂါဟတရားသုံးပါးတို့၏ ချုပ်ငြိမ်းပုံကို ပြဆိုသောအခန်း။

စက္ခုဒွါရအတွက် ဂါဟတရားသုံးပါးတို့၏ချုပ်ငြိမ်းပုံ။

အို–ရဟန်းတို့။ ဤဆိုလတ္တံ့သည်ကား သက္ကာယ ဒိဋ္ဌိတရား အပေါင်းတို့၏ ချုပ်ငြိမ်းကြောင်းသို့ ရောက်စေတတ်သော အကျင့်ကောင်းပါပေတည်း။ ။

(၁) ကြည်လင်သော မျက်စိရုပ်ကို "ကြည်လင်သော ဤမျက် စိရုပ်သည်ကား ငါပိုင်ဥစ္စာ မဟုတ်။ ကြည်လင်သော ဤမျက်စိရုပ်သည် ငါမဟုတ်။ ကြည်လင်သော ဤ

မျက်စိရုပ်သည် ငါ၏ မိမိ အလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင် မဟုတ်”ဟု အမှန်အားဖြင့် သိမြင်၏။

(၂) အဆင်းရုပ်တို့ကို“ ဤအဆင်းရုပ်သည်ကား ငါပိုင်ဥစ္စာ မဟုတ်။ ဤအဆင်းရုပ်သည် ငါမဟုတ်။ ဤအဆင်း ရုပ်သည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုး ပိုင်သော အတ္တကောင်, ငါကောင်မဟုတ်”ဟု အမှန် အားဖြင့် သိမြင်၏။

(၃) မြင်သိမှု စက္ခုဝိညာဏ် စိတ်ကို “မြင်သိမှု, ဤစက္ခု ဝိညာဏ် စိတ်သည်ကား ငါပိုင် ဥစ္စာ မဟုတ်။ မြင်သိမှု ဤစက္ခု ဝိညာဏ် စိတ်သည် ငါ မဟုတ်။ မြင်သိမှု ဤစက္ခုဝိညာဏ်စိတ်သည် ငါ၏ မိမိအလို အတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ်”ဟု အမှန်အားဖြင့် သိမြင်၏။

(၄) မြင်တွေ့မှု စက္ခုသမ္ဖဿကို “မြင်တွေ့မှု ဤစက္ခုသမ္ဖဿ သည်ကား ငါပိုင်ဥစ္စာ မဟုတ်၊ မြင်တွေ့မှု ဤစက္ခုသမ္ဖဿ သည် ငါမဟုတ်၊ မြင်တွေ့မှု ဤစက္ခုသမ္ဖဿသည် ငါ ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ်” ဟု အမှန်အားဖြင့် သိမြင်၏။

(၅) မြင်တွေ့မှုကို ခံစားတတ်သော စက္ခုသမ္ဖဿဇာ ဝေဒနာ ကို “မြင်တွေ့မှုကို ခံစားတတ်သော ဤ စက္ခုသမ္ဖဿ

ဇာ ဝေဒနာသည်ကား ငါပိုင်ဥစ္စာ မဟုတ်၊ မြင်တွေ့မှု ကို ခံစားတတ်သော ဤစက္ခုသမ္ဖဿဇာ ဝေဒနာသည် ငါမဟုတ်၊ မြင်တွေ့မှုကို ခံစားတတ်သော ဤစက္ခုသမ္ဖဿဇာ ဝေဒနာသည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ်" ဟု အမှန်အားဖြင့် သိမြင်၏။

(၆) အဆင်းရုပ်တို့ကို သာယာမှု, လိုချင်မှုတဏှာကို "အဆင်းရုပ်တို့ကို သာယာမှု,လိုချင်မှုဤတဏှာသည်ကား ငါပိုင်ဥစ္စာ မဟုတ်၊ အဆင်းရုပ်တို့ကို သာယာမှု, လိုချင်မှု ဤတဏှာသည် ငါမဟုတ်၊ အဆင်းရုပ်တို့ကို သာယာမှု, လိုချင်မှု ဤတဏှာသည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင် မဟုတ်"ဟု အမှန်အားဖြင့် သိမြင်၏။

သောတဒွါရအတွက် ဂါဟတရား သုံးပါးတို့၏ ချုပ်ငြိမ်းပုံကိုပြဆိုသောအခန်း။

(၁) ကြည်လင်သော နားရုပ်ကို"ကြည်လင်သော ဤနားရုပ်သည် ငါပိုင်ဥစ္စာ မဟုတ်၊ ကြည်လင်သော ဤနားရုပ်သည် ငါမဟုတ်၊ ကြည်လင်သော ဤနားရုပ်သည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်,ငါကောင် မဟုတ်"ဟု အမှန်အားဖြင့် သိမြင်၏။

(၂) အသံရုပ်တို့ကို "ဤအသံရုပ်သည်ကား ငါပိုင်ဥစ္စာမဟုတ်၊ ဤအသံရုပ်သည် ငါမဟုတ်၊ ဤ အသံရုပ်သည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ်" ဟု အမှန်အားဖြင့် သိမြင်၏။

(၃) ကြားသိမှု သောတဝိညာဏ်စိတ်ကို "ကြား သိမှု ဤ သောတ ဝိညာဏ်စိတ်သည်ကား ငါပိုင် ဥစ္စာ မဟုတ်၊ ကြားသိမှု ဤ သောတဝိညာဏ်စိတ်သည် ငါမဟုတ်၊ ကြားသိမှုဤသောတဝိညာဏ်စိတ်သည် ငါ၏ မိမိအလို အတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင် မဟုတ်"ဟု အမှန်အားဖြင့် သိမြင်၏။

(၄) ကြားတွေ့မှုသောတ သမ္ဖဿကို "ကြားတွေ့မှု ဤသောတ သမ္ဖဿသည်ကား ငါပိုင်ဥစ္စာ မဟုတ်၊ ကြားတွေ့မှု ဤ သောတသမ္ဖဿသည် ငါမဟုတ်၊ ကြားတွေ့မှု ဤသောတ သမ္ဖဿသည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သောအတ္တကောင်,ငါကောင် မဟုတ်"ဟု အမှန် အားဖြင့် သိမြင်၏။

(၅) ကြားတွေ့မှု သောတ သမ္ဖဿကြောင့် ဖြစ်သော ကြား ခံစားမှု သောတ သမ္ဖဿဇာ ဝေဒနာကို "ကြားတွေ့မှု သောတသမ္ဖဿကြောင့် ဖြစ်သော ကြားခံစားမှု ဤ သောတသမ္ဖဿဇာ ဝေဒနာသည်ကား ငါပိုင် ဥစ္စာ မဟုတ်၊ ကြားတွေ့မှုကိုခံစားတတ်သော ဤသောတသမ္

သဇာ ဝေဒနာသည် ငါမဟုတ်၊ ကြားတွေ့မှုကို ခံစားတတ်သော ဤသောတသမ္ဖဿဇာ ဝေဒနာသည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင် မဟုတ်”ဟု အမှန်အားဖြင့် သိမြင်၏။

(၆) အသံရုပ်ကို သာယာမှု, လိုချင်မှု,တဏှာကို “အသံရုပ်ကို သာယာမှု, လိုချင်မှု, ဤတဏှာသည်ကား ငါပိုင်ဥစ္စာ မဟုတ်၊ အသံရုပ်ကို သာယာမှု, လိုချင်မှု,ဤတဏှာသည် ငါမဟုတ်၊ အသံရုပ်ကို သာယာမှု, လိုချင်မှု ဤတဏှာသည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင် မဟုတ်” ဟု အမှန်အားဖြင့် သိမြင်၏။

သာနဒ္ဒါရအတွက် ဂါပာတရားသုံးပါးတို့၏ ချုပ်ငြိမ်းပုံကို ပြဆိုသောအခန်း။

(၁) ကြည်လင်သော နှာခေါင်းရုပ်ကို “ကြည်လင်သော ဤနှာခေါင်းရုပ်သည်ကား ငါပိုင်ဥစ္စာ မဟုတ်၊ ကြည်လင် ဤနှာခေါင်းရုပ်သည် ငါမဟုတ်၊ ကြည်လင်သော ဤနှာခေါင်းရုပ်သည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင် မဟုတ်” ဟု အမှန်အားဖြင့် သိမြင်၏။

(၂) အနံ့ရုပ်တို့ကို "ဤအနံ့ရုပ်သည်ကား ငါပိုင်ဥစ္စာမဟုတ်၊ ဤ အနံ့ရုပ်သည် ငါမဟုတ်၊ ဤအနံ့ရုပ်သည် ငါ၏ မိမိ အလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တ ကောင်, ငါကောင် မဟုတ်" ဟု အမှန်အားဖြင့် သိ မြင်၏။

(၃) နံ့သိမှုဃာန ဝိညာဏ်စိတ်ကို "နံ့သိမှုဤဃာနဝိညာဏ် စိတ်သည်ကား ငါပိုင်ဥစ္စာ မဟုတ်၊ နံ့သိမှု ဤဃာန ဝိညာဏ်စိတ်သည် ငါမဟုတ်၊နံ့သိမှုဤဃာနဝိညာဏ်စိတ် သည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင် သော အတ္တကောင်, ငါကောင် မဟုတ်" ဟု အမှန် အားဖြင့် သိမြင်၏။

(၄) နံ့တွေ့မှုဃာနသမ္ဖဿကို "နံ့တွေ့မှု ဤဃာနသမ္ဖဿသည် ကား ငါပိုင်ဥစ္စာမဟုတ်။နံ့တွေ့မှု ဤဃာနသမ္ဖဿသည် ငါမဟုတ်။နံ့တွေ့မှုဤဃာနသမ္ဖဿသည် ငါ၏မိမိအလို အတိုင်းပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ်"ဟု အမှန်အားဖြင့်သိမြင်၏။

(၅) နံ့တွေ့မှုကို ခံစားတတ်သော ဃာနသမ္ဖဿဇာဝေဒနာကို "နံ့တွေ့မှုကိုခံစားတတ်သော ဤ ဃာနသမ္ဖဿဇာ ဝေ ဒနာသည်ကား ငါပိုင်ဥစ္စာမဟုတ်။နံ့တွေ့မှုကိုခံစားတတ် သော ဤဃာနသမ္ဖဿဇာဝေဒနာသည်ငါမဟုတ်။နံ့တွေ့ မှုကိုခံစားတတ်သော ဤဃာနသမ္ဖဿဇာဝေဒနာသည်

ငါ၏မိမိအလိုအတိုင်းပြီးစေနိုင်သည့်အစိုးပိုင်သော အတ္တဲ ကောင်,ငါကောင်မဟုတ်''ဟု အမှန်အားဖြင့်သိမြင်၏။

(၆) အနံ့ရုပ်ကို သာယာမှု,လိုချင်မှု,တဏှာကို"အနံ့ရုပ်ကိုသာယာမှု,လိုချင်မှု ဤတဏှာသည်ကား ငါပိုင်ဥစ္စာမဟုတ်။ အနံ့ရုပ်ကို သာယာမှု,လိုချင်မှုဤဘဏှာသည်ငါမဟုတ်။ အနံ့ရုပ်ကို သာယာမှု,လိုချင်မှု ဤဘဏှာသည် ငါ၏မိမိအလိုအတိုင်းပြီးစေနိုင်သည့် အစိုးပိုင်သောအတ္တကောင်, ငါကောင်မဟုတ်''ဟု အမှန်အားဖြင့်သိမြင်၏။

ဇိဝှာဒွါရအတွက် ဂါဟတရား သုံးပါးတို့၏ ချုပ်ငြိမ်းပုံကို ပြဆိုသောအခဏ်း။

(၁) ကြည်လင်သောလျှာရုပ်ကို "ကြည်လင်သော ဤလျှာရုပ်သည်ကား ငါပိုင်ဥစ္စာမဟုတ်။ ကြည်လင်သော ဤလျှာရုပ်သည် ငါမဟုတ်။ ကြည်လင်သော ဤလျှာရုပ်သည် ငါ၏မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်,ငါကောင်မဟုတ်''ဟု အမှန်အားဖြင့်သိမြင်၏။

(၂) အရသာရုပ်တို့ကို"ဤအရသာရုပ်သည်ကား ငါပိုင်ဥစ္စာမဟုတ်။ ဤအရသာရုပ်သည် ငါမဟုတ်။ ဤအရသာရုပ်သည် ငါ၏မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်

သော အတ္တကောင်,ငါကောင်မဟုတ်''ဟု အမှန်အား ဖြင့်သိမြင်၏။

(၃) စားသိမှုဇိဝှာဝိညာဏ်စိတ်ကို ''စားသိမှု,ဤဇိဝှာဝိညာဏ် စိတ်သည်ကား ငါပိုင်ဥစ္စာမဟုတ်။စားသိမှုဇိဝှာဝိညာဏ် စိတ်သည် ငါမဟုတ်။စားသိမှုဤဇိဝှာဝိညာဏ်စိတ်သည် ငါ၏မိမိအလိုအတိုင်းပြီးစေနိုင်သည့်အစိုးပိုင်သော အတ္တ ကောင်,ငါကောင်မဟုတ်''ဟု အမှန်အားဖြင့်သိမြင်၏။

(၄) စားတွေ့မှု ဇိဝှာသမ္ဖဿကို ''စားတွေ့မှု ဤဇိဝှာသမ္ဖဿ သည်ကားငါပိုင်ဥစ္စာမဟုတ်။စားတွေ့မှု ဤဇိဝှာသမ္ဖဿ သည် ငါမဟုတ်။စားတွေ့မှု ဤဇိဝှာသမ္ဖဿသည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တ ကောင်,ငါကောင်မဟုတ်''ဟု အမှန်အားဖြင့်သိမြင်၏။

(၅) စားတွေ့မှုကိုခံစားတတ်သော ဤဇိဝှါသမ္ဖဿဇာ ဝေဒ နာကို''စားတွေ့မှုကိုခံစားတတ်သောဤဇိဝှာသမ္ဖဿဇာ ဝေဒနာသည်ကားငါပိုင်ဥစ္စာမဟုတ်။စားတွေ့မှုကိုခံစား တတ်သော ဤဇိဝှာသမ္ဖဿဇာဝေဒနာသည် ငါမဟုတ်၊ စားတွေ့မှုကိုခံစားတတ်သော ဤဇိဝှာသမ္ဖဿဇာ ဝေ ဒနာသည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုး ပိုင်သော အတ္တကောင်, ငါကောင်မဟုတ်''ဟု အမှန် အားဖြင့်သိမြင်၏။

(၆) အရသာရုပ်တို့ကို သာယာမှု,လိုချင်မှု,တဏှာကို ''အရ သာရုပ်တို့ကို သာယာမှု, လိုချင်မှု ဤတဏှာသည်ကား

ငါပိုင်ဥစ္စာမဟုတ်။ အရသာရုပ်တို့ကို သာယာမှု လိုချင်မှု၊ ဤတဏှာသည် ငါမဟုတ်။ အရသာရုပ်တို့ကို သာယာမှု လိုချင်မှု ဤတဏှာသည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်၊ ငါကောင် မဟုတ်"ဟု အမှန်အားဖြင့် သိမြင်၏။

ကာယဒွါရအတွက် ဂါထာတရား သုံးပါးတို့၏ ချုပ်ငြိမ်းပုံကို ပြဆိုသော အခန်း။

(၁) ကြည်လင်သော ကိုယ်ရုပ်ကို "ကြည်လင်သော ဤကိုယ်ရုပ်သည်ကား ငါပိုင်ဥစ္စာမဟုတ်။ ကြည်လင်သောကိုယ်ရုပ်သည် ငါမဟုတ်။ ကြည်လင်သော ဤကိုယ်ရုပ်သည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်၊ ငါကောင်မဟုတ်"ဟု အမှန်အားဖြင့် သိမြင်၏။

(၂) အတွေ့အထိရုပ်တို့ကို "ဤအတွေ့အထိရုပ်သည်ကား ငါပိုင်ဥစ္စာမဟုတ်။ ဤအတွေ့အထိရုပ်သည် ငါမဟုတ်။ ဤအတွေ့အထိရုပ်သည် ငါ၏မိမိအလိုအတိုင်းပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်၊ ငါကောင်မဟုတ်" ဟု အမှန်အားဖြင့် သိမြင်၏။

(၃) ထိသိမှု ကာယဝိညာဏ် စိတ်ကို "ထိသိမှု ဤကာယဝိညာဏ်စိတ်သည်ကား ငါပိုင်ဥစ္စာ မဟုတ်။ ထိသိမှု

ဤကာယဝိညာဏ်စိတ်သည် ငါမဟုတ်။ ထိုသို့ ဤကာယဝိညာဏ် စိတ်သည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့်အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ်" ဟု အမှန်အားဖြင့် သိမြင်၏။

(၄) ထိတွေ့မှု ကာယသမ္ဖဿကို "ထိတွေ့မှု ဤကာယ သမ္ဖဿသည်ကား ငါပိုင်ဥစ္စာ မဟုတ်။ ထိတွေ့မှု ဤကာယ သမ္ဖဿသည် ငါမဟုတ်။ ထိတွေ့မှု ဤကာယသမ္ဖဿသည် ငါ၏မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ်"ဟု အမှန်အား အားဖြင့် သိမြင်၏။

(၅) ထိတွေ့မှုကိုခံစားတတ်သောကာယသမ္ဖဿဇာဝေဒနာကို "ထိတွေ့မှုကို ခံစား တတ်သော ဤ ကာယသမ္ဖဿဇာဝေဒနာ သည်ကား ငါပိုင်ဥစ္စာ မဟုတ်။ ထိတွေ့မှုကို ခံစား တတ်သော ဤကာယသမ္ဖဿဇာ ဝေဒနာသည် ငါမဟုတ်။ ထိတွေ့မှုကို ခံစား တတ်သော ဤကာယ သမ္ဖဿဇာဝေဒနာသည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့်အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ်" ဟု အမှန်အားဖြင့်သိမြင်၏။

(၆) အတွေ့အထိ ရုပ်တို့ကို သာယာမှု, လိုချင်မှု, တဏှာကို "အတွေ့အထိ ရုပ်တို့ကို သာယာမှု, လိုချင်မှု ဤတဏှာသည်ကား ငါပိုင်ဥစ္စာမဟုတ်။ အတွေ့အထိ ရုပ်တို့ကို

သာယာမှု,လိုချင်မှု, ဤဘဏ္ဍာသည် ငါမဟုတ်။ အတွေ့အထိ ရုပ်တို့ကို သာယာမှု, လိုချင်မှု, ဤဘဏ္ဍာသည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင် မဟုတ်" ဟု အမှန်အားဖြင့် သိမြင်၏။

မနောဒွါရအတွက် ဂါဟတသွားသုံးပါးတို့၏ ချုပ်ငြိမ်းပုံကို ပြဆိုသော အခန်း။

(၁) မနောအကြည်ကို။ ဝါ၊ ကြည်လင်သော ဟဒယဝတ္ထုရုပ်ကိုမှီသောစိတ်ကို "ကြည်လင်သော ဟဒယဝတ္ထုရုပ်ကို မှီသော စိတ်သည်ကား ငါပိုင်ဥစ္စာမဟုတ်။ ကြည်လင်သော ဟဒယဝတ္ထုရုပ်ကိုမှီသော စိတ်သည် ငါမဟုတ်။ ကြည်လင်သော ဟဒယဝတ္ထုရုပ်ကို မှီသော စိတ်သည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင် မဟုတ်"ဟု အမှန်အားဖြင့် သိမြင်၏။

(၂) စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု, ရှုမှတ်မှု သဘောဓမ္မာရုံတို့ကို "စဉ်းစားမှု,ကြံစည်မှု,တွေးတောမှု,ရှုမှတ်မှု ဤ သဘော ဓမ္မာရုံသည်ကား ငါပိုင် ဥစ္စာ မဟုတ်။ စဉ်းစားမှု,ကြံစည်မှု,တွေးတောမှု, ရှုမှတ်မှု ဤသဘော ဓမ္မာရုံသည်ငါမဟုတ်။ စဉ်းစားမှု,ကြံစည်မှု, တွေးတော

မှု, ရှုမှတ်မှု ဤသဘော ဓမ္မာရုံသည် ငါ၏ မိမိ အလို အတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ်”ဟု အမှန်အားဖြင့်သိမြင်၏။

(၃) ကြံသိမှု မနောဝိညာဏ် စိတ်ကို “ကြံသိမှု, ဤမနော ဝိညာဏ် စိတ်သည်ကား ငါပိုင်ဥစ္စာမဟုတ်။ ကြံသိမှု ဤ မနောဝိညာဏ် စိတ်သည် ငါမဟုတ်။ ကြံသိမှု ဤ မနောဝိညာဏ်စိတ်သည် ငါ၏ မိမိအလိုအတိုင်း ပြီးစေ နိုင်သည့်အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ်” ဟု အမှန်အားဖြင့်သိမြင်၏။

(၄) ကြံတွေ့မှုမနောသမ္ဖဿကို “ကြံတွေ့မှု ဤမနောသမ္ဖဿ သည်ကား ငါပိုင်ဥစ္စာမဟုတ်။ ကြံတွေ့မှု ဤမနော သမ္ဖဿသည် ငါမဟုတ်။ ကြံတွေ့မှု ဤမနောသမ္ဖဿ သည် ငါ၏မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင် သော အတ္တကောင်, ငါကောင်မဟုတ်”ဟု အမှန်အား ဖြင့် သိမြင်၏။

(၅) စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု, ရှုမှတ်မှု အာရုံ သဘော အတွေ့များကို ခံစားတတ်သော မနော သမ္ဖဿဇာဝေဒနာကို“စဉ်းစားမှု,ကြံစည်မှု, တွေးတော မှု,ရှုမှတ်မှု အာရုံသဘောအတွေ့များကိုခံစားတတ်သော ဤမနောသမ္ဖဿဇာ ဝေဒနာသည်ကား ငါပိုင်ဥစ္စာ မဟုတ်။ စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု, ရှုမှတ်မှု

အာရုံသဘော အတွေ့များကို ခံစားတတ်သော ဤမနောသမ္ဖဿဇာဝေဒနာသည် ငါမဟုတ်။ စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု,ရှုမှတ်မှု အာရုံသဘောအတွေ့များကို ခံစားတတ်သော ဤမနောသမ္ဖဿဇာဝေဒနာသည် ငါ၏မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ်”ဟု အမှန်အားဖြင့် သိမြင်၏။

(၆) စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု, ရှုမှတ်မှု အာရုံသဘောအစုစုတို့ကို သာယာမှု, လိုချင်မှု, နှစ်သက်မှု တဏှာကို “စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု, ရှုမှတ်မှု အာရုံသဘောအစုစုတို့ကို သာယာမှု, လိုချင်မှု, နှစ်သက်မှု ဤတဏှာသည်ကား ငါပိုင်ဥစ္စာ မဟုတ်။ စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု, ရှုမှတ်မှု အာရုံသဘောအစုစုတို့ကို သာယာမှု, လိုချင်မှု,နှစ်သက်မှုဤတဏှာသည် ငါမဟုတ်။စဉ်းစားမှု, ကြံစည်မှု, တွေးတောမှု, ရှုမှတ်မှု အာရုံသဘောအစုစုတို့ကို သာယာမှု,လိုချင်မှု,နှစ်သက်မှု ဤတဏှာသည် ငါ၏ မိမိအလိုအတိုင်း ပြီးစေနိုင်သည့် အစိုးပိုင်သော အတ္တကောင်, ငါကောင်မဟုတ်” ဟု အမှန်အားဖြင့် သိမြင်၏။

ခြောက်ဒွါရခြောက်အာရုံ ခန္ဓာဘုံ၌ သံသရာစက် လည်၍နေပုံကို ပြဆိုသောအခဏ်း။

စက္ခုဒွါရအတွက် ဒွါရအာရုံခန္ဓာဘုံ၌ သံသရာစက် လည်၍နေပုံကို ပြဆိုသောစကားရပ်။

(၁)၊ အို-ရဟန်းတို့။ ကြည်လင်သော မျက်စိရုပ်ကိုရင်း။ အဆင်းရုပ်တို့ကိုရင်း အမှီအစွဲပြု၍ မြင်သိမှု ဝက္ခုဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာ၏။ ကြည်လင်သော မျက်စိရုပ်,အဆင်းရုပ်, မြင်သိမှုသုံးပါးတို့၏ ပေါင်းဆုံမှုသည် မြင်တွေ့မှု စက္ခုသမ္ဖဿမည်၏။ မြင်တွေ့မှု စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ချမ်းသာသော ခံစားမှု သုခဝေဒနာသည်လည်း ဖြစ်ပေါ်လာ၏။ ဆင်းရဲသောခံစားမှု ဒုက္ခဝေဒနာသည်လည်းဖြစ်ပေါ်လာ၏။ မဆင်းရဲ,မချမ်းသာ, မဆိုးမကောင်းသော ခံစားမှုဝေဒနာသည်လည်း ဖြစ်ပေါ်လာ၏။ ထိုသူသည် ချမ်းသာသောခံစားမှုဖြင့် တွေ့ထိခံစားရမည်ရှိသော် ချစ်ခင်စုံမက် တပ်နှစ်သက်၏။ကောင်းပါပေစွကောင်းလေစွဟု တဖွဖွ ပြောဆိုလေ၏၊နှစ်သက်သောအဆင်းရုပ်ကိုသိမ်းပိုက်လျက်တည်လေ၏။ ချမ်းသာသော ခံစားမှုဝေဒနာကို ခံစားသောထိုသူ၏ ကိုယ်တွင်းသန္တာန်၌ရာဂါနုသယသည်အစဉ်တစိုက်ကိန်းဝပ်တည်နေလေ၏၊ ဆင်းရဲသောခံစားမှုဖြင့် တွေ့ထိခံစားရသည်ရှိသော်စိုးရိမ်ပူဆွေး၏၊ညှိုးနွမ်းပင်ပန်း၏။ ငိုကြွေး၏။ ရင်ဘတ်စည်တီးမြည်တမ်း၏။ တွေဝေမိန်းမောခြင်းသို့ ရောက်၏။ဆင်းရဲမှု ဝေဒနာကို ခံစား

သော ထိုသူ၏ ကိုယ်တွင်းသန္တာန်၌ ပဋိဃာနုသယသည် အစဉ် တစိုက်ကိန်းဝပ်တည်နေလေ၏။

မဆင်းရဲ–မချမ်းသာ မဆိုးမကောင်းသော ခံစားမှုဥပေက္ခာ ဖြင့် တွေ့ထိခံစားရသည်ရှိသော် ထိုဥပေက္ခာဝေဒနာ၏ ဖြစ်ပေါ်ခြင်းကိုရင်း၊ ချုပ်ပျောက်ခြင်းကိုရင်း၊ သာယာဘွယ်ကိုရင်း၊ အပြစ်ဒေါသအာဒီနဝကိုရင်း၊ ထိုဝေဒနာ ထိုခန္ဓာမှ ဝေးကွာရှင်းရှင်း ထွက်မြောက် ကျွတ်လွတ်ခြင်းကိုရင်း၊ ဟုတ်မှန်သောအတိုင်း ဝိပဿနာဉာဏ် မဂ်ဉာဏ်နှစ်ပါးတို့ဖြင့်မသိတတ်။ မဆင်းရဲ-မချမ်းသာ မဆိုးမကောင်းသော ဝေဒနာကို ခံစားသော ထိုသူ၏ ကိုယ်တွင်းသန္တာန်၌ အဝိဇ္ဇာနုသယသည် အစဉ် တစိုက် ကိန်းဝပ်တည်နေလေ၏။

အိုရဟန်းတို့။ ထိုသူသည် စင်စစ် သုခဝေဒနာ၌ ရာဂါနုသယကို မပယ်စွန့်မူ၍။ ဝါ၊ မပယ်စွန့်ဘဲ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယကို မဖြေဖျောက်မူ၍။ ဝါ၊ မဖြေဖျောက်ဘဲ။ ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယကို မနုတ်ပယ်မူ၍အဝိဇ္ဇာကို မပယ်စွန့်မူ၍ မဂ်ပညာကို မဖြစ်စေနိုင်သည်ရှိသော် ယခုမျက်မှောက်ဘဝ ပစ္စက္ခ၌ ဒုက္ခ၏အဆုံးဖြစ်သော နိဗ္ဗာန်ကိုပြုနိုင်သည် ဖြစ်ပါလတံ့။ ဤသို့သော အကြောင်းသည် မရှိ။ ဝါ၊ ဖြစ်နိုင်သောအကြောင်း မရှိ။

သောတဒွါရ ဒွါရအာရုံ ခန္ဓာဘုံ၌ သံသရာစက် လည်၍နေပုံကို ပြဆိုသောစကားရပ်

(၂) အို-ရဟန်းတို့။ ကြည်လင်သောနားရုပ်ကိုရင်း။ အသံရုပ်တို့ကိုရင်း။ အမှီအစွဲပြု၍ ကြားသိမှု သောတဝိညာဏ် စိတ်သည် ဖြစ်ပေါ်လာ၏။ ကြည်လင်သော နားရုပ် အသံရုပ်ကြားသိမှုသုံးပါးတို့၏ ပေါင်းဆုံမှုသည် ကြားတွေ့မှု သောတသမ္ဖဿမည်၏။ ကြားတွေ့မှု သောတသမ္ဖဿ ဟူသော အကြောင်းကြောင့် ချမ်းသာသော ခံစားမှု သုခဝေဒနာသည်လည်း ဖြစ်ပေါ်လာ၏။ ဆင်းရဲသောခံစားမှု ဒုက္ခ ဝေဒနာသည်လည်း ဖြစ်ပေါ်လာ၏။ မဆင်းရဲမချမ်းသာ မဆိုး မကောင်းသော ခံစားမှု ဝေဒနာသည်လည်း ဖြစ်ပေါ်လာ၏။

ထိုသူသည် ချမ်းသာသော ခံစားမှုဖြင့် တွေ့ထိခံစားရသည် ရှိသော် ချစ်ခင်စုံမက် တပ်နှစ်သက်၏။ ကောင်းပါပေစွ။ ချမ်းသာလေစွဟု တဖွဖွပြောဆိုလေ၏။ နှစ်သက်ဘွယ်သော အသံရုပ်တို့ကို သိမ်းပိုက်လျက် တည်လေ၏။ ချမ်းသာသော ခံစားမှု ဝေဒနာကို ခံစားသော ထိုသူ၏ ကိုယ်တွင်းသန္တာန်၌ ရာဂ နုသယသည် အစဉ်တစိုက် ကိန်းဝပ်တည်နေလေ၏။

ဆင်းရဲသော ခံစားမှုဖြင့် တွေ့ထိခံစားသည် ရှိသော် စိုးရိမ်ပူဆွေး၏။ ညှိုးနွမ်းပင်ပန်း၏။ ငိုကြွေး၏။ ရင်ဘတ် စည်တီးမြည်တမ်း၏။ တွေဝေမိန်းမောခြင်းသို့ ရောက်၏။ ဆင်းရဲမှု ဝေဒနာကို ခံစားသောထိုသူ၏ ကိုယ်တွင်းသန္တာန်၌ ပဋိဃာနုသယသည် အစဉ်တစိုက် ကိန်းဝပ်တည်နေလေ၏။

မဆင်းရဲ မချမ်းသာ, မဆိုး မကောင်းသော ခံစားမှု ဥပေက္ခာဝေဒနာဖြင့် တွေ့ထိ ခံစားသည်ရှိသော် ထိုဥပေက္ခာ ဝေဒနာ၏ ဖြစ်ပေါ်ခြင်းကိုရင်း။ ချုပ်ပျောက်ခြင်းကိုရင်း။ သာယာဘွယ်ကိုရင်း။ အပြစ်ဒေါသ အာဒိနဝကိုရင်း။ ထိုဝေဒနာထိုခန္ဓာမှ ဝေးကွာရှင်းရှင်း ထွက်မြောက် ကျွတ်လွတ်ခြင်းကိုရင်း။ ဟုတ်မှန်သောအတိုင်း ဝိပဿနာဉာဏ် မဂ်ဉာဏ်နှစ်ပါးတို့ဖြင့် မသိတတ်။ မဆင်းရဲ—မချမ်းသာ မဆိုး မကောင်းသော ဝေဒနာကို ခံစားသော ထိုသူ၏ ကိုယ်တွင်း သန္တာန်၌ အဝိဇ္ဇာနုသယသည် အစဉ်တစိုက် ကိန်းဝပ် တည်နေလေ၏။

အို-ရဟန်းတို့။ ထိုသူသည် ဧင်စစ် သုခဝေဒနာ၌ ရာဂါနုသယကို မပယ်စွန့်မူ၍။ ဝါ၊ မပယ်စွန့်ဘဲ။ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယကို မဖြေဖျောက်မူ၍။ ဝါ၊ မဖြေဖျောက်ဘဲ။ ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယကို မနှုတ်ပယ်မူ၍အဝိဇ္ဇာကို မပယ်စွန့်မူ၍ မဂ်ပညာကို မဖြစ်စေနိုင်သည် ရှိသော် ယခု မျက်မှောက် ဘဝပစ္စက္ခ၌ ဒုက္ခ၏အဆုံးဖြစ်သောနိဗ္ဗာန်ကို ပြုနိုင်သည် ဖြစ်ပါလတ့ံ။ ဤသို့သော အကြောင်းမရှိ။ ဝါ၊ ဖြစ်နိုင်သောအကြောင်း မရှိ။

ဿာနဒွါရ ဒွါရအာရုံ ခန္ဓာဘုံ၌ သံသရာစက် လည်၍နေပုံကိုပြဆိုသော စကားရပ်။

(၃) အို-ရဟန်းတို့။ ကြည်လင်သော နှာခေါင်းရုပ်ကိုရင်း။ အနံ့ရုပ်တို့ကိုရင်း။ အမှီအစွဲပြု၍ နံသိမှုဃာန ဝိညာဏ်စိတ်

သည် ဖြစ်ပေါ်လာ၏။ ကြည်လင်သော နှာခေါင်းရုပ်, အနံ့ရုပ် နံ့သိမှုသုံးပါးတို့၏ ပေါင်းဆုံမှုသည် နံ့တွေ့မှု ဃာနသမ္ဖဿ မည်၏။ နံ့တွေ့မှု ဃာနသမ္ဖဿ ဟူသော အကြောင်းကြောင့် ချမ်းသာသော ခံစားမှု သုခ ဝေဒနာသည်လည်း ဖြစ်ပေါ် လာ၏။ ဆင်းရဲသောခံစားမှု ဒုက္ခဝေဒနာသည်လည်း ဖြစ်ပေါ် လာ၏။ မဆင်းရဲ မချမ်းသာ မဆိုးမကောင်းသော ခံစားမှု ဥပေက္ခာ ဝေဒနာသည်လည်း ဖြစ်ပေါ်လာ၏။

ထိုသူသည် ချမ်းသာသော ခံစားမှုဖြင့် တွေ့ထိ ခံစားသည် ရှိသော် ချစ်ခင်စုံမက် တပ်နှစ်သက်၏။ ကောင်းပါပေစွ၊ ချမ်းသာလေစွဟု တဖွဖွပြောဆိုလေ၏။ နှစ်သက်ဘွယ်သော အနံ့ ရုပ်ကိုသိမ်းပိုက်လျက် တည်လေ၏။ ချမ်းသာသော ခံစားမှု ဝေဒနာကို ခံစားသောထိုသူ၏ ကိုယ်တွင်းသန္တာန်၌ ရာဂါနုသယသည် အစဉ်တစိုက် ကိန်းဝပ်တည်နေလေ၏။

ဆင်းရဲသော ခံစားမှုဖြင့် တွေ့ထိ ခံစားသည်ရှိသော် စိုးရိမ် ပူဆွေး၏။ ညှိုးနွမ်းပင်ပန်း၏။ ငိုကြွေး၏။ ရင်ဘတ် စည်တီး မြည်တမ်း၏။တွေဝေမိန်းမောခြင်းသို့ ရောက်၏။ ဆင်းရဲမှု ဝေဒနာကိုခံစားသော ထိုသူ၏ ကိုယ်တွင်း သန္တာန်၌ ပဋိဃာနုသယ သည် အစဉ်တစိုက် ကိန်းဝပ်တည်နေလေ၏။

မဆင်းရဲ မချမ်းသာ မဆိုးမကောင်းသော ခံစားမှု ဥပေက္ခာ ဝေဒနာအားဖြင့် တွေ့ထိခံစားသည်ရှိသော် ထိုဥပေက္ခာ ဝေဒ နာ၏ ဖြစ်ပေါ်ခြင်းကိုရင်း၊ ချုပ်ပျောက်ခြင်းကိုရင်း၊ သာယာ ဘွယ်ကိုရင်း၊ အပြစ်ဒေါသ အာဒီနဝကိုရင်း၊ ထိုဝေဒနာ ထိုခန္ဓာမှ ဝေးကွာရှင်းရှင်း ထွက်မြောက် ကျွတ်လွတ်ခြင်းကို

ငှင်း၊ ဟုတ်မှန်သောအတိုင်း ဝိပဿနာဉာဏ် မဂ်ဉာဏ် နှစ်ပါးတို့ဖြင့် မသိတတ်။ မဆင်းရဲမချမ်းသော မဆိုး မကောင်းသော ဝေဒနာကို ခံစားသော ထိုသူ၏ ကိုယ်တွင်းသန္တာန်၌ အဝိဇ္ဇာနုသယသည် အစဉ်တစိုက် ကိန်းဝပ်တည်နေလေ၏။

အို-ရဟန်းတို့။ ထိုသူသည် စင်စစ်သုခဝေဒနာ၌ ရာဂါနုသယကို မပယ်စွန့်မူ၍။ ဝါ၊ မပယ်စွန့်ဘဲ။ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယကို မဖြေဖျောက်မူ၍။ ဝါ၊မဖြေဖျောက်ဘဲ။ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယကို မနှုတ်ပယ်မူ၍။ အဝိဇ္ဇာကို မပယ်စွန့်မူ၍ မဂ်ပညာကို မဖြစ်စေနိုင်သည်ရှိသော် ယခုမျက်မှောက် ဘဝပစ္စက္ခ၌ ဒုက္ခ၏ အဆုံးဖြစ်သော နိဗ္ဗာန်ကို ပြုနိုင်သည် ဖြစ်ပါလတံ့။ ဤသို့သော အကြောင်းသည် မရှိ။ ဝါ-ဖြစ်နိုင်သော အကြောင်းမရှိ။

ဇိဝှါဒွါရအတွက် ဒွါရအာရုံ ခန္ဓာဘုံ၌ သံသရာစက် လည်၍နေပုံကို ပြဆိုသော စကားရပ်

(၄) အို-ရဟန်းတို့။ ကြည်လင်သော လျှာရုပ်ကိုငှင်း။ ရသာရုပ်တို့ကိုငှင်း အစွဲပြု၍စားသိမှု ဇိဝှာဝိညာဏ်စိတ်သည်ဖြစ်ပေါ်လာ၏။ ကြည်လင်သော လျှာရုပ်, ရသာရုပ် စားသိမှုသုံးပါးတို့၏ ပေါင်းဆုံမှုသည် စားတွေ့မှုဇိဝှါသမ္ဖဿမည်၏။ စားတွေ့မှုဇိဝှါသမ္ဖဿ ဟူသော အကြောင်းကြောင့် ချမ်းသာသော ခံစားမှု သုခဝေဒနာသည်လည်း ဖြစ်ပေါ်လာ၏။ ဆင်းရဲသော ခံစားမှု ဒုက္ခဝေဒနာသည်လည်း ဖြစ်ပေါ်လာ၏။ မဆင်းရဲ

မချမ်းသာ မဆိုးမကောင်း ခံစားမှုဥပေက္ခာ ဝေဒနာသည်လည်း ဖြစ်ပေါ်လာ၏။

ထိုသူသည် ချမ်းသာသော ခံစားမှုဖြင့် တွေ့ထိ ခံစားသည် ရှိသော် ချစ်ခင်စုံမက် တပ်နှစ်သက်၏။ ကောင်းပါပေစွ။ ချမ်းသာလေစွဟု တဖွဖွပြောဆိုလေ၏။ နှစ်သက်ဘွယ်သော အရသာ ရုပ်ကို သိမ်းပိုက်လျက် တည်လေ၏။ ချမ်းသာသော ခံစားမှု ဝေဒနာကို ခံစားသောထိုသူ၏ ကိုယ်တွင်းသန္တာန်၌ရာဂါနုသယ သည် အစဉ်တစိုက် ကိန်းဝပ်တည်နေလေ၏။

ဆင်းရဲသော ခံစားမှုဖြင့် တွေ့ထိခံစားသည်ရှိသော် စိုးရိမ် ပူဆွေး၏။ ညှိုးနွမ်းပင်ပန်း၏။ ငိုကြွေး၏။ ရင်ဘတ်စည်တီး မြည်တမ်း၏။ တွေဝေမိန်းမောခြင်းသို့ရောက်၏။ ဆင်းရဲမှု ဝေဒ နာကို ခံစားသောထိုသူ၏ ကိုယ်တွင်းသန္တာန်၌ ပဋိဃာနုသယ သည် အစဉ်တစိုက် ကိန်းဝပ်တည်နေလေ၏။

မဆင်းရဲ မချမ်းသာ, မဆိုးမကောင်းသော ခံစားမှု ဥပေက္ခာ ဝေဒနာအားဖြင့် တွေ့ထိခံစားသည်ရှိသော် ထိုဥပေက္ခာ ဝေဒ နာ၏ ဖြစ်ပေါ်ခြင်းကိုရင်း။ ချုပ်ပျောက်ခြင်းကိုရင်း။ သာယာ ဘွယ်ကိုရင်း။ အပြစ်ဒေါသ အာဒီနဝကိုရင်း။ ထိုဝေဒနာ ထိုခန္ဓာမှ ဝေးကွာရှင်းရှင်း ထွက်မြောက် ကျွတ်လွတ်ခြင်းကို ရင်း။ ဟုတ်မှန်သောအတိုင်း ဝိပဿနာဉာဏ်မဂ်ဉာဏ် နှစ်ပါး တို့ဖြင့် မသိတတ်။ မဆင်းရဲ-မချမ်းသာ မဆိုး မကောင်းသော ဝေဒနာကိုခံစားသော ထိုသူ၏ ကိုယ်တွင်းသန္တာန်၌ အဝိဇ္ဇာ နုသယသည် အစဉ်တစိုက် ကိန်းဝပ်တည်နေလေ၏။

အို-ရဟန်းတို့။ ထိုသူသည်စင်စစ် သုခဝေဒနာ၌ ရာဂါနုသယကို မပယ်စွန့်မူ၍။ ဝါ၊မပယ်စွန့်ဘဲ။ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယကို မဖြေဖျောက်မူ၍။ ဝါ၊မဖြေဖျောက်ဘဲ။ ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယကို မနှုတ်ပယ်မူ၍။ အဝိဇ္ဇာကိုမပယ်စွန့်မူ၍ မဂ်ပညာကို မဖြစ်စေနိုင်သည့်ရှိသော် ယခုမျက်မှောက်ဘဝပစ္စက္ခ၌ ဒုက္ခ၏အဆုံးဖြစ်သော နိဗ္ဗာန်ကို ပြုနိုင်သည်ဖြစ်ပါလတ့်။ ဤသို့သော အကြောင်းသည် မရှိ။ ဝါ-ဖြစ်နိုင်သော အကြောင်းမရှိ။

ကာယဒွါရအတွက် ဒွါရအာရုံ ခန္ဓာဘုံ၌ သံသရာစက် လည်၍နေပုံကို ပြဆိုသော စကားရပ်။

(၅) အို-ရဟန်းတို့၊ ကြည်လင်သော ကိုယ်ရုပ်ကိုရင်း။ အတွေ့အထိ ရုပ်တို့ကိုရင်း အမှီပြု၍ ထိသိမှု ကာယဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာ၏။ ကြည်လင်သော ကိုယ်ရုပ်, အတွေ့အထိရုပ် ထိသိမှုသုံးပါးတို့၏ ပေါင်းဆုံမှုသည် ထိတွေ့မှု ကာယသမ္ဖဿမည်၏။ ထိတွေ့မှု ကာယသမ္ဖဿ ဟူသော အကြောင်းကြောင့် ချမ်းသာသော ခံစားမှု သုခဝေဒနာသည်လည်း ဖြစ်ပေါ်လာ၏။ ဆင်းရဲသောခံစားမှု ဒုက္ခဝေဒနာသည်လည်း ဖြစ်ပေါ်လာ၏။ မဆင်းရဲမချမ်းသာ မဆိုးမကောင်းသော ခံစားမှု ဥပေက္ခာဝေဒနာသည်လည်း ဖြစ်ပေါ်လာ၏။

ထိုသူသည် ချမ်းသာသော ခံစားမှုဖြင့် တွေ့ထိ ခံစားသည်ရှိသော် ချစ်ခင်စုံမက် တပ်နှစ်သက်၏။ ကောင်းပါပေစွ။ ချမ်း

သာလေစွဟု တဖွဖွပြောဆိုလေ၏။ နှစ်သက်ဘွယ်သော အတွေ့ ရုပ်တို့ကို သိမ်းပိုက်လျက် တည်လေ၏။ ချမ်းသာသော ခံစားမှုဝေဒနာကို ခံစားသောထိုသူ၏ ကိုယ်တွင်းသန္တာန်၌ရာဂါနုသယ သည် အစဉ်တစိုက် ကိန်းဝပ်တည်နေလေ၏။

ဆင်းရဲသော ခံစားမှုဖြင့် တွေ့ထိ ခံစားသည်ရှိသော် စိုးရိမ် ပူဆွေး၏။ ညှိုးနွမ်း ပင်ပန်း၏။ ငိုကြွေး၏။ ရင်ဘတ်စည်တီး မြည်တမ်း၏။ တွေဝေ မိန်းမောခြင်းသို့ ရောက်၏။ ဆင်းရဲမှု ဝေဒနာကို ခံစားသော ထိုသူ၏ ကိုယ်တွင်း သန္တာန်၌ ပဋိဃာ နုသယသည် အစဉ်တစိုက်ကိန်းဝပ်တည်နေလေ၏။

မဆင်းရဲမချမ်းသာ မဆိုးမကောင်းသော ခံစားမှု ဥပေက္ခာ ဝေဒနာအားဖြင့် တွေ့ထိခံစားသည်ရှိသော်ထိုဥပေက္ခာ ဝေဒနာ၏ဖြစ်ပေါ်ခြင်းကိုရင်း၊ ချုပ်ပျောက်ခြင်းကိုရင်း၊ သာယာဘွယ် ကိုရင်း၊ အပြစ်ဒေါသ အာဒီနဝကိုရင်း၊ ထိုဝေဒနာ ထိုခန္ဓာမှ ဝေးကွာရှင်းရှင်း ထွက်မြောက်ကျွတ်လွတ်ခြင်းကိုရင်း၊ ဟုတ်မှန် သောအတိုင်း ဝိပဿနာဉာဏ်မဂ်ဉာဏ်နှစ်ပါးတို့ဖြင့် မသိတတ်။ မဆင်းရဲမချမ်းသာ မဆိုးမကောင်းသော ဝေဒနာကိုခံစားသော ထိုသူ၏ ကိုယ်တွင်းသန္တာန်၌ အဝိဇ္ဇာနုသယသည် အစဉ်တစိုက် ကိန်းဝပ်တည်နေလေ၏။

အို-ရဟန်း တို့။ထိုသူသည် စင်စစ် သုခဝေဒနာ၌ ရာဂါနုသယ ကို မပယ်စွန့်မူ၍။ ဝါ၊ မပယ်စွန့်ဘဲ။ ဒုက္ခဝေဒနာ၌ ပဋိဃာ နုသယကို မဖြေဖျောက်မူ၍။ ဝါ၊ မဖြေဖျောက်ဘဲ။ ဥပေက္ခာ ဝေဒနာ၌ အဝိဇ္ဇာနုသယကို မနှုတ်ပယ်မူ၍ အဝိဇ္ဇာကို မပယ်စွန့် မူ၍ မဂ်ပညာကို မဖြစ်စေနိုင်သည်ရှိသော် ယခုမျက်မှောက်ဘဝ

ပစ္စက္ခ၌ ဒုက္ခ၏အဆုံးဖြစ်သောနိဗ္ဗာန်ကို ပြုနိုင်သည်ဖြစ်ပါလတ့်။ ဤသို့သော အကြောင်းသည်မရှိ။ ဝါ၊ဖြစ်နိုင်သောအကြောင်း မရှိ။

မနောဒွါရအတွက် ဒွါရအာရုံခန္ဓာဘုံ၌ သံသရာစက် လည်၍နေပုံကို ပြဆိုသော စကားရပ်။

(၆) အို-ရဟန်းတို့။မနောအကြည်ကိုရင်း။ ဝါ၊ကြည်လင်သော ဟဒယဝတ္ထုရုပ်ကိုမှီသော စိတ်ကိုရင်း။စဉ်းစားမှု,ကြံစည်မှု,တွေးတောမှု, ဆင်ခြင်မှု, ရှုမှတ်မှု သဘော ဓမ္မာရုံ တို့ကိုရင်း အမှီအစွဲပြု၍ ကြံသိမှုမနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာ၏။ မနောအကြည်စိတ် သဘောဓမ္မာရုံ ကြံသိမှုသုံးပါးတို့၏ ပေါင်းဆုံမှုသည် ကြံတွေ့မှုမနောသမ္ဖဿမည်၏။ကြံတွေ့မှုမနောသမ္ဖဿဟူသော အကြောင်းကြောင့် ချမ်းသာသော ခံစားမှု သုခဝေဒနာသည်လည်း ဖြစ်ပေါ် လာ၏။ ဆင်းရဲသော ခံစားမှု ဒုက္ခဝေဒနာသည်လည်း ဖြစ်ပေါ်လာ၏။ မဆင်းရဲ မချမ်းသာ မဆိုး မကောင်းသော ခံစားမှု ဥပေက္ခာ ဝေဒနာသည်လည်း ဖြစ်ပေါ်လာ၏။

ထိုသူသည် ချမ်းသာသော ခံစားမှုဖြင့် တွေ့ထိခံစားသည် ရှိသော် ချစ်ခင်စုံမက် တပ်နှစ်သက်၏။ကောင်းပါပေစွ။ချမ်းသာလေစွဟု ဟဖွဖွပြောဆိုလေ၏။နှစ်သက်ဘွယ်သော သဘောဓမ္မာရုံတို့ကိုသိမ်းပိုက်လျက် တည်လေ၏။ ချမ်းသာသော ခံစားမှုဝေ

ဒနာကိုခံစားသော ထိုသူ၏ ကိုယ်တွင်းသန္တာန်၌ ရာဂါနုသယ သည် အစဉ်တစိုက် ကိန်းဝပ်တည်နေလေ၏။

ဆင်းရဲသောခံစားမှုဖြင့် တွေ့ထိခံစားသည်ရှိသော် စိုးရိမ် ပူဆွေး၏။ ညှိုးနွမ်းပင်ပန်း၏။ ငိုကြွေး၏။ ရင်ဘတ်စည်တီးမြည် တမ်း၏။ တွေဝေမိန်းမောခြင်းသို့ရောက်၏။ ဆင်းရဲမှုဝေဒနာကို ခံစားသော ထိုသူ၏ကိုယ်တွင်းသန္တာန်၌ ပဋိဃာနုသယသည် အစဉ်တစိုက် ကိန်းဝပ်တည်နေလေ၏။

မဆင်းရဲ မချမ်းသာ, မဆိုးမကောင်းသော ခံစားမှုဥပေက္ခာ ဝေဒနာဖြင့် တွေ့ထိခံစားသည်ရှိသော် ထိုဥပေက္ခာဝေဒနာ၏ ဖြစ် ပေါ်ခြင်းကိုရင်း၊ချုပ်ပျောက်ခြင်းကိုရင်း၊ သာယာဘွယ်ကိုရင်း၊ အပြစ်ဒေါသ အာဒိနဝကိုရင်း။ထိုဝေဒနာ ထိုခန္ဓာမှ ဝေးကွာ ရှင်းရှင်း ထွက်မြောက်ကျွတ်လွတ်ခြင်းကိုရင်း၊ ဟုတ်မှန်သော အတိုင်း ဝိပဿနာဉာဏ် မဂ်ဉာဏ်နှစ်ပါးတို့ဖြင့်မသိဟုတ်။မဆင်း ရဲ မချမ်းသာ မဆိုးမကောင်းသောဝေဒနာကို ခံစားသော ထို သူ၏ ကိုယ်တွင်းသန္တာန်၌ အဝိဇ္ဇာနုသယသည် အစဉ်တစိုက် ကိန်းဝပ်တည်နေလေ၏။

အိုရဟန်းတို့။ ထိုသူသည် စင်စစ် သုခဝေဒနာ၌ ရာဂါနုသယ ကို မပယ်စွန့်မူ၍။ဝါ၊ မပယ်စွန့်ဘဲ။ဒုက္ခဝေဒနာ၌ ပဋိဃာနုသယ ကို မပြေဖျောက်မူ၍။ ဝါ၊မပြေဖျောက်ဘဲ။ ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယကို မနုတ်ပယ်မူ၍။ အဝိဇ္ဇာကိုမပယ်မူ၍ မဂ်ပညာ ကို မဖြစ်စေနိုင်သည်ရှိသော် ယခု မျက်မှောက်ဘဝပစ္စက္ခ၌ ဒုက္ခ ၏ အဆုံးဖြစ်သော နိဗ္ဗာန်ကိုပြုနိုင်သည်ဖြစ်ပါလတ့်။ဤသို့သော အကြောင်းသည်မရှိ။ ဝါ၊ ဖြစ်နိုင်သောအကြောင်းမရှိ။

ဒွါရခြောက်ပါး၌ သံသရာစက်အလည်ရပ်၍ အအေးခတ် ဖြစ်ပေါ်ပုံကို ပြဆိုသောအခဏ်း။

စက္ခုဒွါရအတွက် သံသရာစက်အလည်ရပ်၍ အအေးခတ်ဖြစ်ပေါ်ပုံ။

(၁) အို-ရဟန်းတို့။ ကြည်လင်သောမျက်စိရုပ်ကိုရင်း၊ အဆင်းရုပ်တို့ကိုရင်း။ အမှီအစွဲပြု၍ မြင်သိမှု စက္ခုဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာ၏။ ကြည်လင်သောမျက်စိရုပ်, အဆင်းရုပ်, မြင်သိမှုသုံးပါးတို့၏ပေါင်းဆုံမှုသည် မြင်တွေ့မှုစက္ခုသမ္ဖဿမည်၏။ မြင်တွေ့မှုစက္ခုသမ္ဖဿဟူသောအကြောင်းကြောင့် ချမ်းသာသော ခံစားမှုသုခဝေဒနာသည်လည်း ဖြစ်ပေါ်လာ၏။ ဆင်းရဲသောခံစားမှု ဒုက္ခဝေဒနာသည်လည်း ဖြစ်ပေါ်လာ၏။ မဆင်းရဲ မချမ်းသာ မဆိုးမကောင်းသော ခံစားမှုဥပေက္ခာဝေဒနာသည်လည်း ဖြစ်ပေါ်လာ၏။

ထိုသူသည် ချမ်းသာသောခံစားမှုဖြင့် တွေ့ထိခံစားသည်ရှိသော် မချစ်ခင် မစုံမက် မတပ်နှစ်သက်။ "ကောင်းပါပေစွ၊ ချမ်းသာလေစွ"ဟု တဖွဖွ မပြောမဆို။ နှစ်သက်ဘွယ်သော အဆင်းရုပ်တို့ကို သိမ်းပိုက်လျက်မတည်။ ချမ်းသာသော ခံစားမှုဝေဒနာကို မခံစားသော ထိုသူ၏ ကိုယ်တွင်းသန္တာန်၌ ရာဂါနုသယသည်အစဉ်တစိုက် မကိန်းဝပ်မတည်နေတော့ပေ။

ဆင်းရဲသောခံစားမှုဖြင့် တွေ့ထိခံစားသည်ရှိသော် မစိုးရိမ်။ မပူပန်။ မပင်ပန်း မညစ်နွမ်း။ မငိုကြွေး။ ရင်ဘတ်စည်တီး

မမြည်တမ်း။ မိန်းမော တွေဝေခြင်းသို့ မရောက်။ ဆင်းရဲမှုဝေဒနာကို မခံစားသော ထိုသူ၏ ကိုယ်တွင်းသန္တာန်၌ ပဋိဃာနုသယသည်အစဉ်တစိုက် မကိန်းဝပ်မတည်နေတော့ပေ။

မဆင်းရဲမချမ်းသာ မဆိုးမကောင်းသောခံစားမှု(ဥပေက္ခာ)ဝေဒနာ အားဖြင့် တွေ့ထိ ခံစားသည် ရှိသော် ထိုဥပေက္ခာဝေဒနာ၏ ဖြစ်ပေါ်ခြင်း ကိုရင်း။ ချုပ်ပျောက်ခြင်း ကိုရင်း။ သာယာဘွယ်ကိုရင်း။အပြစ်ဒေါသ ...ာဒိနဝကိုရင်း။ကျွတ်လွတ်ရခြင်းကိုရင်း။ ဟုတ်မှန်သောအတိုင်း အပြားအားဖြင့် ထင်ရှားစွာသိ၏။ဥပေက္ခာဝေဒနာကို မခံစားသော ထိုသူ၏ ကိုယ်တွင်းသန္တာန်၌ အဝိဇ္ဇာ နုသယသည် အစဉ်မပြတ် မကိန်းအောင်းတော့ပေ။

အို-ရဟန်းတို့။ထိုသူသည်စင်စစ်သုခဝေဒနာ၌ရာဂါနုသယကိုပယ်ဖျောက်၍။ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယကို ပြေပျောက်၍ ဥပေက္ခာ ဝေဒနာ၌ အဝိဇ္ဇာနုသယကို နှုတ်ပယ်၍, အဝိဇ္ဇာကို ပယ်ဖျောက်၍,မဂ်ပညာကို ဖြစ်စေသည်ရှိသော် ယခုမျက်မှောက်ဘဝ ပစ္စက္ခ၌ ဒုက္ခ၏အဆုံးဖြစ်သော နိဗ္ဗာန်ကိုပြုနိုင်သည်ဖြစ်ပါလတ့်။ ဤသို့သောအကြောင်းသည် ရှိ၏။

သောတဒွါရအတွက် သံသရာစက်အလည်ရပ်၍ အအေးခါတ် ဖြစ်ပေါ်ပုံ။

(၂) အို-ရဟန်းတို့။ကြည်လင်သော နားရုပ်ကိုရင်း, အသံရုပ်ကိုရင်း, အမှီအစွဲပြု၍ ကြားသိမှု သောတဝိညာဏ်စိတ်သည်

ဖြစ်ပေါ် လာ၏။ ကြည်လင်သော နားရုပ်,အသံရုပ်,ကြားသိမှု သုံးပါးတို့၏ ပေါင်းဆုံမှုသည် ကြားတွေ့မှု သောဘ သမ္ဖဿ မည်၏။ကြားတွေ့မှုသောတသမ္ဖဿဟူသောအကြောင်းကြောင့်, ချမ်းသာသော ခံစားမှု (သုခ) ဝေဒနာသည်လည်း ဖြစ်ပေါ် လာ၏။ ဆင်းရဲသော ခံစားမှု (ဒုက္ခ) ဝေဒနာသည်လည်း ဖြစ်ပေါ် လာ၏။ "ဆင်းရဲ" ချမ်းသာ မဆိုး မကောင်းသော ဥပေက္ခာ ဝေဒနာသည်လည်း ဖြစ်ပေါ် လာ၏။ ထိုသူသည် ချမ်းသာသော ခံစားမှုဖြင့် တွေ့ထိခံစားသည်ရှိသော် မချစ်ခင် မစုံမက်။မတပ်နှစ်သက်။ "ကောင်းပါပေစွ။ချမ်းသာလေစွ"ဟု တဖွဖွမပြောမဆို။နှစ်သက်ဘွယ်သောအသံရုပ်ကိုသိမ်းပိုက်လျက် မတည်။ချမ်းသာသော ခံစားမှုဝေဒနာကို မခံစားသော ထိုသူ၏ ကိုယ်တွင်းသန္တာန်၌ ရာဂါနုသယသည် အစဉ်တစိုက် မကိန်းဝပ် မတည်နေတော့ပေ။

ဆင်းရဲသော ခံစားမှုဖြင့် တွေ့ထိခံစားသည်ရှိသော် မစိုးရိမ်။ မပူပန်။ မပင်ပန်း။ မညစ်နွမ်း။ မငိုကြွေး။ ရင်ဘတ် စည်တီး မမြည်တမ်း။ မိန်းမောတွေဝေခြင်းသို့ မရောက်။ ဆင်းရဲသော ဝေဒနာကို မခံစားသော ထိုသူ၏ ကိုယ်တွင်းသန္တာန်၌ ပဋိဃာ နုသယသည် အစဉ်တစိုက်မကိန်းဝပ်မတည်နေတော့ပေ။

မဆင်းရဲမချမ်းသာ,မဆိုးမကောင်းသောခံစားမှု(ဥပေက္ခာ) ဝေဒနာ အားဖြင့် တွေ့ထိ ခံစားသည် ရှိသော် ထိုဥပေက္ခာ ဝေဒနာ၏ ဖြစ်ပေါ်ခြင်းကိုရင်း၊ ချုပ်ပျောက်ခြင်း ကိုရင်း၊ သာယာဘွယ် ကိုရင်း၊ အပြစ်ဒေါသ အာဒီနဝကိုရင်း၊ ကျွတ် လွတ်ရခြင်း ကိုရင်း ဟုတ်မှန်သော အတိုင်း အပြား အားဖြင့်

ထင်ရှားစွာ သိ၏။ ဥပေက္ခာဝေဒနာကို မခံစားသော ထိုသူ၏ ကိုယ်တွင်းသန္တာန်၌ အဝိဇ္ဇာနုသယသည် အစဉ်မပြတ် မကိန်း အောင်းတော့ပေ။

အို-ရဟန်းတို့။ ထိုသူသည် စင်စစ် သုခဝေဒနာ၌ ရာဂါ နုသယကိုပယ်စွန့်၍။ဒုက္ခဝေဒနာ၌ ပဋိဃာနုသယကိုဖြေဖျောက် ၍ ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယကို နှုတ်ပယ်၍,အဝိဇ္ဇာကို ပယ်စွန့်၍,မဂ်ပညာကို ဖြစ်စေသည်ရှိသော် ယခုမျက်မှောက်ဘဝ ပစ္စက္ခ၌ ဒုက္ခ၏အဆုံးဖြစ်သောနိဗ္ဗာန်ကို ပြုနိုင်သည်ဖြစ်ပါလတ့်။ ဤသို့သောအကြောင်းသည် ရှိ၏။

ဃာနဒွါရအတွက် သံသရာစက်အလည်ရပ်၍ အအေးဓာတ် ဖြစ်ပေါ်ပုံ။

(၃) အို-ရဟန်းတို့။ကြည်လင်သော နှာခေါင်းရုပ်ကိုရင်း, အနံ့ရုပ်တို့ကိုရင်း, အမှီအစွဲပြု၍ နံသိမှု ဃာနဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာ၏။ ကြည်လင်သော နှာခေါင်းရုပ်,အနံ့ရုပ်,နံသိမှု သုံးပါးတို့၏ ပေါင်းဆုံမှုသည် နံတွေ့မှု ဃာနသမ္ဖဿမည်၏။ နံတွေ့မှု ဃာနသမ္ဖဿ ဟူသောအကြောင်းကြောင့်, ချမ်းသာ သော ခံစားမှု (သုခ)ဝေဒနာသည်လည်း ဖြစ်ပေါ် လာ၏။ ဆင်းရဲသောခံစားမှု(ဒုက္ခ)ဝေဒနာသည်လည်း ဖြစ်ပေါ်လာ၏။ "ဆင်းရဲ"ချမ်းသာ မဆိုးမကောင်း ခံစားမှု(ဥပေက္ခာ)ဝေဒနာ သည်လည်း ဖြစ်ပေါ်လာ၏။ ထိုသူသည် ချမ်းသာသော ခံစား မှုဖြင့်တွေ့ထိခံစားသည်ရှိသော် ‐ချစ်ခင်မစုံမက်။ ‐တပ်နှစ်သက်။

"ကောင်းပါပေစွ-ချမ်းသာ လေစွ" ဟု တဖွဖွ မပြောမဆို။ နှစ်သက်ဘွယ်သော အနံ့ရုပ်ကို သိမ်းပိုက်လျက်မတည်။ ချမ်းသာသောခံစားမှု ဝေဒနာကို မခံစားသော ထိုသူ၏ ကိုယ်တွင်းသန္တာန်၌ ရာဂါနုသယသည် အစဉ်တစိုက် မကိန်းဝပ် မတည်နေတော့ပေ။

ဆင်းရဲသောခံစားမှုဖြင့် တွေ့ထိမှုစားသည်ရှိသော် မစိုးရိမ်။ မပူပန်။ မပင်ပန်း။ မညစ်နွမ်း။ မငိုကြွေး။ ရင်ဘတ်စည်တီး မမြည်တမ်း။ မိန်းမောတွေဝေခြင်းသို့ မရောက်။ ဆင်းရဲသောဝေဒနာကို မခံစားသော ထိုသူ၏ ကိုယ်တွင်းသန္တာန်၌ ပဋိဃာနုသယသည် အစဉ်တစိုက်မကိန်းဝပ်မတည်နေတော့ပေ။

မဆင်းရဲ မချမ်းသာ, မဆိုး-မကောင်းသော ခံစားမှု (ဥပေက္ခာ)ဝေဒနာအားဖြင့် တွေ့ထိ ခံစားသည်ရှိသော် ထို ဥပေက္ခာဝေဒနာ၏ ဖြစ်ပေါ်ခြင်းကိုရင်း။ ချုပ်ပျောက်ခြင်းကိုရင်း။ သာယာဘွယ်ကိုရင်း။ အပြစ်ဒေါသ အာဒီနဝကိုရင်း။ ကျွတ်လွတ်ခြင်းကိုရင်း။ ဟုတ်မှန်သောအတိုင်း အပြားအားဖြင့် ထင်ရှားစွာသိ၏။ ဥပေက္ခာ ဝေဒနာကို မခံစားသော ထိုသူ၏ကိုယ်တွင်းသန္တာန်၌ အဝိဇ္ဇာနုသယသည် အစဉ်မပြတ် မကိန်းအောင်းတော့ပေ။

အို-ရဟန်းတို့၊ ထိုသူသည် စင်စစ် သုခဝေဒနာ၌ ရာဂါနုသယကိုပယ်စွန့်၍ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယကို ဖြေဖျောက်၍, ဥပေက္ခာ ဝေဒနာ၌ အဝိဇ္ဇာနုသယကို နှုတ်ပယ်၍ အဝိဇ္ဇာကို ပယ်စွန့်၍ မဂ်ပညာကို ဖြစ်စေသည်ရှိသော် ယခု မျက်မှောက်

ဘဝပစ္စက္ခ၌ ဒုက္ခ၏အဆုံးဖြစ်သော နိဗ္ဗာန်ကို ပြုနိုင်သည် ဖြစ်ပါလတ့်။ ဤသို့သောအကြောင်းသည် ရှိ၏။

ဇိဝှါဒွါရအတွက် သံသရာစက်အလည်ရပ်၍ အအေးခေတ် ဖြစ်ပေါ်ပုံ။

(၄) အို-ရဟန်းတို့။ ကြည်လင်သော လျှာရုပ် ကိုဍင်း, အရသာရုပ်တို့ကိုဍင်း။ အမှီအစွဲပြု၍ စားသိမှု ဇိဝှါဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာ၏။ကြည်လင်သော လျှာရုပ်, အရသာရုပ်, စားသိမှု သုံးပါးတို့၏ပေါင်းဆုံမှုသည် စားတွေ့မှု ဇိဝှါသမ္ဖဿမည်၏။ စားတွေ့မှု ဇိဝှါသမ္ဖဿ ဟူသောအကြောင်းကြောင့် ချမ်းသာသော ခံစားမှု (သုခ)ဝေဒနာသည်လည်း ဖြစ်ပေါ်လာ၏။ ဆင်းရဲသော ခံစားမှု (ဒုက္ခ) ဝေဒနာသည်လည်း ဖြစ်ပေါ် လာ၏။ "ဆင်းရဲ"ချမ်းသာ မဆိုး မကောင်းသော ခံစားမှု (ဥပေက္ခာ) ဝေဒနာသည်လည်း ဖြစ်ပေါ် လာ၏။ ထိုသူသည် ချမ်းသာသောခံစားမှုဖြင့် တွေ့ထိခံစားသည်ရှိသော် မချစ်ခင်။မစုံမက်။မတပ်နှစ်သက်။ "ကောင်းပါပေစွ။ချမ်းသာလေစွ"ဟု တဖွဖွ မပြောမဆို။နှစ်သက်ဘွယ်သောအရသာရုပ်ကို သိမ်းပိုက်လျက် မတည်။ ချမ်းသာသော ခံစားမှု ဝေဒနာကို မခံစားသော ထိုသူ၏ ကိုယ်တွင်းသန္တာန်၌ ရာဂါနုသယသည် အစဉ်တစိုက် မကိန်းဝပ် မတည်နေတော့ပေ။

ဆင်းရဲသောခံစားမှုဖြင့် တွေ့ထိခံစားသည်ရှိသော် မစိုးရိမ်။ မပူပန်။မပင်ပန်း။မညစ်နွမ်း။မငိုကြွေး။ရင်ဘတ် စည်တီး မမြည်

တမ်း။ မိန်းမောတွေဝေခြင်းသို့ မရောက်။ ဆင်းရဲမှုဝေဒနာကို မခံစားသော ထိုသူ၏ ကိုယ်တွင်းသန္တာန်၌ ပဋိဃာနုသယသည် အစဉ်တစိုက် မကိန်းဝပ် မတည်နေတော့ပေ။

မဆင်းရဲမချမ်းသာ,မဆိုးမကောင်းသောခံစားမှု(ဥပေက္ခာ) ဝေဒနာဖြင့် တွေ့ထိ ခံစားသည်ရှိသော် ထို ဥပေက္ခာဝေဒနာ၏ ဖြစ်ပေါ်ခြင်းကိုရင်း။ ချုပ်ပျောက်ခြင်းကိုရင်း။ သာယာဘွယ် ကိုရင်း။အပြစ်ဒေါသအာဒီနဝကိုရင်း။ ကျွတ်လွတ်ခြင်းကိုရင်း။ ဟုတ်မှန်သော အတိုင်း အပြားအားဖြင့် ထင်ရှားစွာ သိ၏။ ဥပေက္ခာဝေဒနာကို မခံစားသော ထိုသူ၏ ကိုယ်တွင်းသန္တာန်၌ အဝိဇ္ဇာနုသယသည် အစဉ်မပြတ် မကိန်းအောင်းတော့ပေ။

အို-ရဟန်းတို့။ ထိုသူသည် စင်စစ် သုခဝေဒနာ၌ ရာဂါ နုသယကိုပယ်စွန့်၍။ဒုက္ခဝေဒနာ၌ ပဋိဃာနုသယကိုဖြေဖျောက် ၍,ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယကို နှုတ်ပယ်၍။ အဝိဇ္ဇာကို ပယ်စွန့်၍ မဂ်ပညာကို ဖြစ်စေနိုင်သည်ရှိသော် ယခုမျက်မှောက် ဘဝပစ္စက္ခ၌ ဒုက္ခ၏ အဆုံးဖြစ်သော နိဗ္ဗာန်ကို ပြုနိုင်သည်ဖြစ်ပါ လတံ့၊ ဤသို့သောအကြောင်းသည် ရှိ၏။

ကာယဒွါရအတွက် သံသရာစက် အလည်ရပ်၍ အအေးဓါတ်ဖြစ်ပေါ်ပုံ။

(၅) အို-ရဟန်းတို့။ ကြည်လင်သောကိုယ်ရုပ်ကိုရင်း အထိ အတွေ့ရုပ်တို့ကိုရင်း။ အမှီအစွဲပြု၍ ထိသိမှု ကာယဝိညာဏ် စိတ် သည် ဖြစ်ပေါ်လာ၏။ ကြည်လင်သော ကိုယ်ရုပ်, အထိအတွေ့

ရုပ်,ထိသိမှုသုံးပါးတို့၏ ပေါင်းဆုံမှုသည် ထိတွေ့မှုကာယသမ္ဖဿ မည်၏။ ထိတွေ့မှုကာယသမ္ဖဿ ဟူသော အကြောင်းကြောင့် ချမ်းသာသောခံစားမှု (သုခ) ဝေဒနာသည်လည်း ဖြစ်ပေါ် လာ၏။ ဆင်းရဲသောခံစားမှု(ဒုက္ခ) ဝေဒနာသည်လည်း ဖြစ်ပေါ်လာ၏။ "ဆင်းရဲ"ချမ်းသာ မဆိုးမကောင်းသော ခံစားမှု ဥပေက္ခာ ဝေဒနာသည်လည်း ဖြစ်ပေါ်လာ၏။ထိုသူသည် ချမ်းသာသော ခံစားမှုဖြင့် တွေ့ထိခံစားသည် ရှိသော် မချစ်ခင်၊ မစုံမက်။ မတပ်နှစ်သက်။"ကောင်းပါပေစွ၊ ချမ်းသာလေစွ"ဟု တဖွဖွမပြောမဆို။ နှစ်သက်ဘွယ်သော အတွေ့ရုပ်ကို သိမ်းပိုက်လျက်မတည်။ ချမ်းသာသော ခံစားမှုဝေဒနာကို မခံစားသော ထိုသူ၏ ကိုယ်တွင်းသန္တာန်၌ ရာဂါနုသယသည် အစဉ်တစိုက် မကိန်းဝပ် မတည်နေတော့ပေ။

ဆင်းရဲသော ခံစားမှုဖြင့် တွေ့ထိခံစားသည်ရှိသော် မစိုးရိမ် မပူပန်။ မပင်ပန်း၊ မညစ်နွမ်း။ မငိုကြွေး။ ရင်ဘတ်စည်တီး မမြည်တမ်း။ မိန်းမောတွေဝေခြင်းသို့ မရောက်။ ဆင်းရဲမှု ဝေဒနာကို မခံစားသော ထိုသူ၏ကိုယ်တွင်းသန္တာန်၌ ပဋိဃာနုသယသည် အစဉ်တစိုက် မကိန်းဝပ်မတည်နေတော့ပေ။

မဆင်းရဲ—မချမ်းသာ မဆိုး - မကောင်းသော ခံစားမှု (ဥပေက္ခာ) ဝေဒနာအားဖြင့် တွေ့ထိ ခံစားသည် ရှိသော် ထိုဥပေက္ခာဝေဒနာ၏ ဖြစ်ပေါ်ခြင်းကိုရင်း, ချုပ်ပျောက်ခြင်းကိုရင်း, သာယာဘွယ်ကိုရင်း, အပြစ်ဒေါသ အာဒီနဝကိုရင်း, ကျွတ်လွတ်ခြင်းကိုရင်း, ဟုတ်မှန်သော အတိုင်းအပြားအားဖြင့် ထင်ရှားစွာသိ၏။ ဥပေက္ခာ ဝေဒနာကို မခံစားသော ထိုသူ၏

ကိုယ်တွင်းသန္တာန်၌ အဝိဇ္ဇာနုသယသည် အစဉ်မပြတ် မကိန်း အောင်းတော့ပေ။

အို-ရဟန်းတို့။ ထိုသူသည် စင်စစ်သုခဝေဒနာ၌ ရာဂါနုသ ယကို ပယ်စွန့်၍။ ဒုက္ခဝေဒနာ၌ပဋိဃာနုသယကို ဖြေဖျောက်၍ ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယကို နှုတ်ပယ်၍, အဝိဇ္ဇာကို ပယ်စွန့်၍, မဂ်ပညာကိုဖြစ်စေသည် ရှိသော် ယခု မျက်မှောက် ဘဝ ပစ္စက္ခ၌ ဒုက္ခ၏အဆုံးဖြစ်သော နိဗ္ဗာန်ကိုပြုနိုင်သည် ဖြစ်ပါ လတ့ံ။ ဤသို့သောအကြောင်းသည် ရှိ၏။

မနောဒွါရအတွက် သံသရာစက် အလည်ရပ်၍ အအေးခံတတ် ဖြစ်ပေါ်ပုံ။

(၆) အို-ရဟန်းတို့။ မနောအကြည်ကိုရင်း, ဝါ၊ကြည်လင် သော ဟဒယဝတ္ထုရုပ်ကို မှီသောစိတ်ကိုရင်း, စဉ်းစားမှု, ကြံ စည်မှု, တွေးတောမှု, ရှုမှတ်မှု သဘောဓမ္မာရုံတို့ကိုရင်း,အမှီအစွဲ ပြု၍ ကြံသိမှုမနော ဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာ၏။ မနော အကြည်စိတ်, သဘောဓမ္မာရုံ, ကြံသိမှုသုံးပါးတို့၏ ပေါင်းဆုံမှု သည် ကြံတွေ့မှုမနောသမ္ဖဿမည်၏။ကြံတွေ့မှု မနောသမ္ဖဿ ဟူသောအကြောင်းကြောင့်, ချမ်းသာသော ခံစားမှု (သုခ) ဝေဒနာသည်လည်း ဖြစ်ပေါ်လာ၏။ ဆင်းရဲသော ခံစားမှု (ဒုက္ခ)ဝေဒနာသည်လည်း ဖြစ်ပေါ်လာ၏။ "ဆင်းရဲ" ချမ်း သာ မဆိုး-မကောင်းသော ခံစားမှု (ဥပေက္ခာ) ဝေဒနာသည် လည်းဖြစ်ပေါ်လာ၏။ ထိုသူသည် ချမ်းသာသော ခံစားမှုဖြင့်

တွေ့ထိခံစားသည်ရှိသော် မချစ်ခင်မစုံမက်။ မတပ်နှစ်သက်။ "ကောင်းပါပေစွ။ ချမ်းသာလေစွ"ဟု တဖွဖွမပြောမဆို။ နှစ်သက်ဘွယ်သော ကြံစည် စဉ်းစားမှု, ရှုမှတ်မှု သဘောခမ္ဘာရုံများကို သိမ်းပိုက်လျက်မတည်။ ချမ်းသာသောခံစားမှု ဝေဒနာကိုမခံစားသော ထိုသူ၏ကိုယ်တွင်းသန္တာန်၌ ရာဂါနုသယသည် အစဉ်တစိုက် မကိန်းဝပ် မတည်နေတော့ပေ။

ဆင်းရဲသော ခံစားမှုဖြင့် တွေ့ထိခံစားသည်ရှိသော်မစိုးရိမ်။ မပူပန်။ မပင်ပန်း။ မညစ်နွမ်း။ မငိုကြွေး။ ရင်ဘတ် စည်တီး မမြည်တမ်း။ မိန်းမောတွေဝေခြင်းသို့ မရောက်။ ဆင်းရဲမှုဝေဒနာကို မခံစားသော ထိုသူ၏ကိုယ်တွင်းသန္တာန်၌ ပဋိဃာနုသယသည် အစဉ်တစိုက် မကိန်းဝပ်မတည်နေတော့ပေ။

မဆင်းရဲမချမ်းသာ မဆိုးမကောင်းသောခံစားမှု(ဥပေက္ခာ)ဝေဒနာ အားဖြင့် တွေ့ထိ ခံစားသည် ရှိသော် ထိုဥပေက္ခာဝေဒနာ၏ ဖြစ်ပေါ်ခြင်း ကိုရင်း, ချုပ်ပျောက်ခြင်း ကိုရင်း, သာယာဘွယ်ကိုရင်း, အပြစ်ဒေါသအာဒိနဝကိုရင်း, ကျွတ်လွတ်ခြင်းကိုရင်း, ဟုတ်မှန်သောအတိုင်း အပြားအားဖြင့် ထင်ရှားစွာသိ၏။ ဥပေက္ခာဝေဒနာကို မခံစားသော ထိုသူ၏ ကိုယ်တွင်းသန္တာန်၌ အဝိဇ္ဇာနုသယသည် အစဉ်မပြတ် မကိန်းအောင်းဘော့ပေ။

အို-ရဟန်းတို့။ ထိုသူသည် စင်စစ်သုခဝေဒနာ၌ ရာဂါနုသယကိုပယ်စွန့်၍။ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယကို ဖြေဖျောက်၍, ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယကို နှုတ်ပယ်၍။ အဝိဇ္ဇာကို ပယ်စွန့်၍ မဂ်ပညာကို ဖြစ်စေနိုင်သည်ရှိသော် ယခုမျက်မှောက်

ဘဝပစ္စက္ခံ၌ ဒုက္ခ၏အဆုံးဖြစ်သော နိဗ္ဗာန်ကိုပြုနိုင်သည် ဖြစ်ပါလတ္တံ့။ ဤသို့သော အကြောင်းသည် ရှိ၏။

(၁) အို-ရဟန်းတို့။ ဤဆိုခဲ့ပြီးသောအတိုင်း သိမြင်သော လောကုတ္တရာ မဂ်ပညာကို, ဖိုလ်ပညာ အကြားအမြင် ရှိသော ငါဘုရား၏ တပည့်သားသာဝကသည် ကြည်လင်သော မျက်စိရုပ်၌ ပျင်းရိ ငြီးငွေ့၏။ အဆင်း ရူပါရုံတို့၌ ပျင်းရိ ငြီးငွေ့၏။ မြင်သိမှု စက္ခုဝိညာဏ်၌ ပျင်းရိငြီးငွေ့၏။ မြင်တွေ့မှု၌ ပျင်းရိ ငြီးငွေ့၏။မြင်တွေ့မှုကြောင့်ဖြစ်သော ခံစားမှု၌ ပျင်းရိငြီးငွေ့၏။ အဆင်းကို သာယာတပ်မက်သောတဏှာ၌ ပျင်းရိငြီးငွေ့၏။

(၂) နား၌ ပျင်းရိငြီးငွေ့၏။ အသံတို့၌ ပျင်းရိငြီးငွေ့၏။ ကြားသိမှု သောတဝိညာဏ်၌ ပျင်းရိငြီးငွေ့၏။ ကြားတွေ့မှု၌ ပျင်းရိငြီးငွေ့၏။ ကြားတွေ့မှုကြောင့်ဖြစ်သော ခံစားမှု၌ ပျင်းရိ ငြီးငွေ့၏။ အသံကို သာယာ တပ်မက်သော တဏှာ၌ ပျင်းရိ ငြီးငွေ့၏။

(၃) နှာခေါင်း၌ပျင်းရိငြီးငွေ့၏။အနံ့တို့၌ ပျင်းရိငြီးငွေ့၏။ နံသိမှု ဃာနဝိညာဏ်၌ ပျင်းရိ ငြီးငွေ့၏။ နံတွေ့မှု၌ ပျင်းရိ ငြီးငွေ့၏။ နံတွေ့မှုကြောင့်ဖြစ်သော ခံစားမှု၌ ပျင်းရိငြီးငွေ့၏။ အနံ့ကို သာယာတပ်မက်သောတဏှာ၌ ပျင်းရိငြီးငွေ့၏။

(၄) လျှာ၌ ပျင်းရိငြီးငွေ့၏။အရသာတို့၌ ပျင်းရိငြီးငွေ့၏။ စားသိမှု ဇိဝှါဝိညာဏ်၌ ပျင်းရိငြီးငွေ့၏။ စားတွေ့မှု၌ ပျင်းရိ ငြီးငွေ့၏။စားတွေ့မှုကြောင့်ဖြစ်သော ခံစားမှု၌ ပျင်းရိငြီးငွေ့၏။ အရသာကိုတပ်မက်သောတဏှာ၌ ပျင်းရိငြီးငွေ့၏။

(၅) ကိုယ်၌ပျင်းရိငြီးငွေ့၏။ အတွေ့အထိတို့၌ ပျင်းရိငြီးငွေ့၏။ တွေ့ထိမှုကာယဝိညာဏ်၌ပျင်းရိငြီးငွေ့၏။ တွေ့ထိမှု၌ပျင်းရိငြီးငွေ့၏။ တွေ့ထိမှုကြောင့်ဖြစ်သောခံစားမှု၌ ပျင်းရိငြီးငွေ့၏။ အတွေ့ကို သာယာတပ်မက်သော တဏှာ၌ ပျင်းရိငြီးငွေ့၏။

(၆) နှလုံး၌ ပျင်းရိငြီးငွေ့၏။ သဘောဓမ္မာရုံတို့၌ ပျင်းရိငြီးငွေ့၏။ ကြံသိမှုမနောဝိညာဏ်စိတ်၌ပျင်းရိငြီးငွေ့၏။ ကြံတွေ့မှု၌ ပျင်းရိငြီးငွေ့၏။ ကြံတွေ့မှုကြောင့်ဖြစ်သောခံစားမှု၌ပျင်းရိငြီးငွေ့၏။ စိတ်ကူးကြံစည်မှုကို သာယာတပ်မက်သော တဏှာ၌ ပျင်းရိငြီးငွေ့၏။

ငြီးငွေ့သည်ရှိသော် တပ်နှစ်သက်ခြင်း ကင်း၏။ (မဂ်ဉာဏ် ဖြစ်ပေါ်လာ၏။) တပ်နှစ်သက်ခြင်း ကင်းခြင်းကြောင့် တေဘုမ္မက ဝဋ်ဒုက္ခမှ ကျွတ်လွတ်၏။ (ဖိုလ်ဉာဏ်ဖြစ်ပေါ်လာ၏။) တေဘုမ္မက ဝဋ်ဒုက္ခမှ ကျွတ်လွတ်သည်ရှိသော် တေဘုမ္မက ဝဋ်ဒုက္ခမှ ကျွတ်လွတ်ပြီဟုသိသော ပစ္စဝေက္ခဏာဉာဏ်ဖြစ်၏။ ဘဝသစ်၌ တဖန်ပြန်၍ ဖြစ်ခြင်းသည် မုချမသွေ ကုန်ခန်းလေပြီ။ မြတ်သော အကျင့် တရားကို ကျင့်သုံး အပ်ပြီ။ ပြုဘွယ်ကိစ္စဟူသမျှကို ပြုလုပ်ဆောင်ရွက်အပ်ပြီ။ တဆဲ့ခြောက်ပါးသော မဂ်ကိစ္စအလို့ငှာ နောက်ထပ်တဖန် ကျင့်ကြံကြိုးကုတ် အားထုတ်ဘွယ်သည်မရှိတော့ပြီဟု ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်ပင်သိမြင်၏။

ဘုန်းတော် ကြီးမြတ်တော်မူသော မြတ်စွာဘုရားသခင်သည် ဤ ဆဆက္ကသုတ်တော်ကို ဟောကြားတော် မူခဲ့ပါသတည်း။ ထိုအခါတွင် တရားနာလျက်ရှိကြသော ရဟန်းတော် တို့သည်

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားဒေသနာတော်ကို ရှင်လန်း ဝမ်းမြောက် ကြကုန်သည် ဖြစ်၍ အလွန်နှစ်သက်ကြလေကုန်၏။

ဤတွင် ဆဆက္ကသုတ္တန် ဒေသနာမြတ် အပြီးသတ်သတည်း။

ဂါထာ မဘက် သက်သက်သော စုဏ္ဏိယ စကားမျှဖြင့် ဟောကြား အပ်သောကြောင့် ဝေယျာကရဏ မည်သော ဤဆဆက္ကသုတ္တန်ဒေသနာတော်ကြီးကို ဟောကြားတော်မူအပ်စဉ် ခြောက်ဆယ် (ခြောက်ကျိပ်)မျှ ကုန်သော ရဟန်းတော်တို့၏ စိတ်တို့သည် တစုံတခုကိုမျှ ငါကောင်အနေ ငါ့ဥစ္စာအနေဖြင့် မစွဲလန်းကုန်ဘဲ အာသဝေါ တရားတို့မှ လွတ်မြောက်တော်မူကြလေကုန်သတည်း။

ဤတွင် ပြီး၏။

— x —

ရွှေစည်ဝတ်ရွတ်စဉ်

ရွှေစည်ဆရာတော်

လယ်တီအရှင်ကုလိသ

စုဆောင်းစီစဉ်သည်

● ကျီးသဲလေးထပ် ဆရာတော် ● မန်လည်ဆရာတော် ● မဟာဝိသုဒ္ဓါရုံ ဆရာတော် ● အုဂ်ဖိုရ် ဆရာတော် ● မင်းကွန်းပဋ္ဌာနမမ္မနာဒဆရာတော် ● လယ်တီဆရာတော် ● စစ်ကိုင်းတောင်းရိုး မဟာဝိဇ္ဇောဒယဆရာတော် ● မဟာစည် ဆရာတော် ● အရှင်ဝိစိတ္တာသာရာဘိဝံသ ဆရာတော် အရှင်ဇနကာဘိဝံသ ဆရာတော် ● ရွှေစည်ဆရာတော်နှင့် မင်းကွန်း ဒေါ်မြစာရီတို့၏ ဘုရားရှိခိုး ဆုတောင်းအမျှဝေ စာမူတို့ပါဝင်သည်။

စာမျက်နှာ ၃၀၀-ကျော် တအုပ် ၁၀-ကျပ်

အမြို့မြို့စာအုပ်ဆိုင်များမှာ ရပါသည်။
တအုပ်ချင်းမှာလိုပါက ငွေ ၁၀-ကျပ်ပို့၍မှာလျှင် ပို့ပေးသည်။

စာပေလောကစာအုပ်တိုက်

၁၇၃၊၃၃-လမ်း ရန်ကုန်မြို့။

ရွှေစည်ဆရာတော် လယ်တီအရှင်ကုလိသ၏
အနုယ်နုယ် အရပ်ရပ်တွင် ဟောကြားခဲ့သော
တရားတော်များကို စုပေါင်းထားသည့်

ရွှေစည်တရားတော်များ

မကြာမီထွက်ပါမည်

စာပေလောကစာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃-လမ်း ရန်ကုန်မြို့။

ဒုတိယ အကြိမ် ပုံနှိပ်ခြင်း

ဤ ဆဆက္ကသုတ္တန်ဒေသနာတော်သည် ဝိပဿနာအရာတွင် အလွန် အရေးပါအရာရောက်သော ဒေသနာတော် ဖြစ်သည်။ ဝိပဿနာ ရှုသင့်ရှုထိုက်သော တရားတော် သက်သက်ကိုသ ဟောထားသည်။ဤဒေသနာတော်ကို ပိုင်ပိုင်နိုင်နိုင်သိထားလျှင် ဝိပဿနာအရာတွင် အလွန်အရေးပါအရာရောက်သည်။

ဆရာတော်သည် မန္တလေးမြို့၊ အနောက်ပြင်၊ စိန်ပန်းရပ် ရတနာပုံ သာသနာ့ရိပ်သာတွင် ၁၃၁၃-ခုနှစ်မှ ၁၃၂၀-ပြည့်နှစ် အထိ နေထိုင်ခဲ့သည်။၁၃၁၉-ခုနှစ်မှာပင်၊ ယောဂီဟောင်းများ စုပေါင်း၍ စာအုပ်အဖြစ်သို့ရောက်အောင်ဆောင်ရွက်ကြသည်။

နောက်စစ်ကိုင်းတောင်ရိုးသို့ ရောက်သည့်အခါ စစ်ကိုင်းမြို့ အတုလဝတီစာပုံနှိပ်တိုက်ရှင် ပဋ္ဌမကျော်ဦးကျော်မြင့်က ဒုတိယ အကြိမ် ကြိုးပမ်းပြန်ရာ ဆောင်ရွက်နေဆဲမှာပင် ပဋ္ဌမကျော် ဦးကျော်မြင့် ကွယ်လွန်အနိစ္စရောက်သဖြင့် အထမမြောက်ခဲ့

ယခုနှစ် ဝါဆိုလပြည့်ကျော် (၁၂)ရက်နေ့တွင် ရန်ကုန်မြို့ စာပေလောက ဦးခင်ညွန့်နှင့် ဦးဘဝင်းတို့ ဆရာတော်ထံသို့ ရောက်လာကြပြီး ဤဆဆက္ကသုတ္တန် မြန်မာပြန်ကို ရိုက်နှိပ်လို ကြောင်း လျှောက်ထားကြသည်။ ဤမြန်မာပြန်စာအုပ်ကို လို လားကြသော ရဟန်းတော်များနှင့် လူယောဂီများကလည်း မကြာခဏတောင်းဆိုကြသောကြောင့် ရန်ကုန်မြို့စာပေလောက ဦးခင်ညွန့်အား မိမိအလိုရှိသလိုအသုံးပြုနိုင်ရန် ဆရာတော်ခွင့်ပြု လိုက်သည်။

ရွှေစေတီဆရာတော်

၁၃၃၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်